
www.burmeseclassic.com



www.burmeseclassic.com


စာမူခွင့်ပြုချက် ・・・・・・・ ၅၀၀၃၉၉၀၄၀၇
မျက်နှာဖုံးခွင့်ပြုချက် ・・・ ၅၀၀၂၂၉၀၂၀၈

**ထုတ်ဝေခြင်း**
ပထမအကြိမ်
**၂၀၀၈ ဇွန်လ**

**အုပ်ရေ**
၁၀၀၀-အုပ်

**တန်ဖိုး**
သုံးဆယ်ကျပ်တိတိ

**မျက်နှာဖုံးပန်းချီ**
သိန်းရွှေကြည်

**စီစဉ်သူ**
ဒေါ်ငွေးငွေးမော်

ထုတ်ဝေသူ
ဒေါ်ငွေးငွေးမော်၊ ဉာဏ်ဝင်းစာပေတိုက် (၆၉၂)
အမှတ် ၇(က)၊ သုခဝတီလမ်း
ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

ပုံနှိပ်သူ
ဒေါ်ခင်နွဲ့ (၀၆၅၆၇)
ငွေမိုးဆောင်းပုံနှိပ်တိုက်
အမှတ် (၈၇)၊ အထက်ကြည့်မြင်တိုင်လမ်းမကြီး
ဈေးကြီးအရှေ့ရပ်ကွက်၊ ရန်ကုန်မြို့။

မျက်နှာဖုံးရိုက်
ဦးမြသိန်း သိန်းမြင့်ဝင်း ပုံနှိပ်တိုက် (၀၁၄၂၇)
အမှတ် (၉၆) ၁၁ လမ်း၊ ရန်ကုန်မြို့။


www.burmeseclassic.com

www.burmeseclassic.com

### ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး — ဒို့အရေး
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး — ဒို့အရေး

### ပြည်သူ့သဘောထား

- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သောပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တစ်ရပ်တည်ဆောက်ရေး။

### စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

### လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓါတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓါတ် ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

# ပန်းသီခိုင်

## ဟင့်အင်း . . . မခွဲနိုင်ဘူး

www.burmeseclassic.com

www.burmeseclassic.com

မိုးတွေက တဖွဲဖွဲ ရွာနေသည်။ စွေနေသည်။

သူမရင်ထဲမှာလည်း ကြေကွဲအားငယ်မှုက မိုးလိုပင် ရွာသွန်းနေသည်။

တစိမ့်စိမ့်နှင့် . . ။

ကိုကိုရယ်။

သုခအဖြစ်ကို မြင်လှည့်ပါဦး။

သုခ ဘာလုပ်ရမလဲ။

နှုတ်ခမ်းတွေကို သူမ ဖိကိုက်ထားမိသည်။ အိမ်မက်ပဲ ဖြစ်လိုက်ပါတော့။ အိမ်မက်ဆိုးပဲ ဖြစ်လိုက်ပါတော့။

ဉာဏ်ဝင်းစာပေ

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



အိပ်မက်ဆိုးကြီးထဲကနေ နိုးထချင်ပြီ၊ ဆက်မမက်ချင်။ ဝေးသွားရပြီ . . . ဝေးသွားရပြီးမှ . . .

ပြဿနာကြီးတစ်ခု ဘွားကနဲ ကြုံလာခဲ့တာပါ။

ကိုကို သုခအနားကို ရောက်လာစမ်းပါတော့၊ ဘယ်မှာများလဲ။ ဘယ်လို အင်အားတွေနဲ့ သုခ ဆက်လျှောက်လှမ်းရမှာလဲ။

သုခရင်ထဲ တစ်စတစ်စ မွန်းကြပ်ပင်ပန်းလာ၏။ ဘာတွေ ဆက်လုပ်ရမလဲဆိုတာ ဆုံးဖြတ်မရ၊ လမ်းပျောက်နေပါပြီ။

ပတ်ဝန်းကျင်က လူတွေ ကဲ့ရဲ့မှာစိုးသည်။ ရင်မဆိုင်ဝံ့။ ဘယ်သူမှ မရှိသော ကမ္ဘာတစ်ခုကို လွင့်သွားချင်သည်။

သေပစ်လိုက်ချင်သည်။ အသက်ရှင်နေရတာ ပင်ပန်းလွန်းသည်။ ပြဿနာက ခေါင်းတစ်ခုလုံးကို အုံ့ရှုနေစေသည်။ ဘယ်လို ဆုံးဖြတ်ရမှန်းမသိ။





ကိုကိုမရှိဘဲနှင့် ဆက်ရင်ဆိုင်ဖို့ မဖြစ်ဘူးဆိုတာ သုခနားလည်လာသည်။

ကိုကိုက ကြင်နာငဲ့ညှာသနားပါ့မလား။

သုခ မိုက်တာပါ။ သုခမိုက်လွန်းတာပါ။

သုခ ကိုကို့ကို ယုံခဲ့မိတယ်။ မယုံသင့်ပေမယ့် ယုံခဲ့မိတာကိုး။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

ချစ်သူကို ယုံကြည်မိခြင်းသည် မဟာအမှား။ ချစ်သူ၏ လှည့်ဖျားတတ်ခြင်းကို အသိနောက်ကျခြင်းသည် သုခ၏ နှံအမှု။

ရှုးမိုက်စွာ ချစ်ပြချင်သော သူမ၏ စိတ်ကူးတွေသည် သူမကို ခုတော့ မကယ်နိုင်ပြီ။ မှားပြီးရင်း မှားခဲ့မိသည်။

ကိုကိုက ချော့မော့ခေါ်သော . . . ကိုကို့ခြံထဲကို လိုက်သွားမိတာ။ ငြင်းဆန်ခဲ့လျှင် . . . ကိုကိုနှင့် ကတောက်ကဆ ဖြစ်မှာစိုးစွာနှင့် . . .။

ချစ်သူ၏ တောင်းဆိုမှုကို သူမဘက်က ငြင်းဆန်ဖို့ အင်အားမရှိပါ။

ဉာဏ်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



အချစ်တစ်ခုမှာ သူမသဘောနှင့်သူမ ကျေကျေနပ်နပ် ကျရှုံးခဲ့တာပါ။

ချစ်သူ၏ တမ်းတမ်းတတ မျက်လုံးများ၊ မက်မော တွယ်ငြိသော အကြည့်များ၏အောက်တွင်... တင်းခံနိုင်သော အားတို့ ယုတ်လျော့စွာ သူမ ကိုကို့ကို ခေါင်းညိတ်လိုက်လျော မိပါသည်။

ချစ်ခြင်း၏ သာယာမှုနောက်မှ ကပ်ပါလာသော မုန် တိုင်းကို သူမမမြင်နိုင်ခဲ့ပါ။ တယုတယ အကြွင်နာတွေသည် သူ့ခအတွက် စွဲမက်ဖွယ်ကောင်းလှသည်။

ကိုကိုနှင့် တွေ့ချိန်ခဏ ကြည်မွေ့သာယာမှုအားလုံး သည် ကိုကိုပြန်သွားတာနှင့် အိမ်မက်တစ်ခုမှ လန့်နိုးသူလို ခြောက်ခြားရသည်။

ထိုခံစားမှုကို သူမ ကြောက်သည်။

ရင်ထဲမှာ တစ်စုံတစ်ခုသည် အလွန်တစ်ရာ ပြီးပြည့်စုံ သလို ဖြစ်လျက် တစ်စုံတစ်ခုသည် မဲမှောင်လစ်ဟာနေခဲ့သည်။





လိုက်လျောရခြင်းကို သူမ ကျေနပ်သော်လည်း ကိုကို့ ကို စိတ်မချနိုင်ခြင်းဟာ စိတ်အနှောင့်အယှက်ဖြစ်စေသည်။

သူမက ကျေနပ်စွာ အရှုံးပေးခဲ့တာပါ။

ကိုကိုက မတရားသဖြင့် အနိုင်ယူခဲ့တာမဟုတ်။

သို့ပေမယ့် ကိုကို့ကို သူမ လက်ထပ်ချင်ပါသည်။

အမြဲတမ်းအတွက် အပိုင်လိုချင်မိသည်။

ဒါတွေကို ကိုကိုက နားမလည်။

နားမလည်တာ ဟုတ်ပါ့မလား ဟု တွေးမိလေ၏။

တမင်မသိချင်ယောင်ဆောင်နေခဲ့တာများလား။

အချစ်တွေ အေးစက်သွားလို့ အပြစ်တွေ မြင်လာ တာ မဟုတ်ပါဘူး။

နှလုံးသားမှာ ဒဏ်ရာတွေက ကိုကိုတစ်ချက်ချင်း ပေးခဲ့တာပါပဲ။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

ကိုကိုနှင့်သုခ ကော်ဖီဆိုင်မှာ စကားပြေလဖြစ်ပါသည်။

တစ်ခါတစ်ရံ သုခဆီ ကိုကိုလာသလို တစ်ခါတစ်ရံတော့လည်း ကိုကို့ဆီ သုခက သွားတတ်ပါသည်။

သေးသေးဖွဲ့ဖွဲ့လေးအတွက် သုခ မတွက်ကတ်တတ်ပါ၊ ကိုကို့ကိုလည်း စိတ်မညစ်စေချင်ပါ။

ကိုကို့ အလိုကျ လိုက်လျောထားသော သုခသည် ကိုကိုပြုံးရယ်နေလျှင် ကျေနပ်နေသူပါ။

"ကိုကို"

"ဟင်"

ညာဏ်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



"သုခတို့ လက်ထပ်ကြရအောင်"

သူမ၏ မရဲတရဲ စကားလေးကို ကိုကိုက ရုတ်တရက် တုန်လှုပ်သွားသလို။

"လက်ထပ်မယ်"

ဟု ရေရွတ်သည်။

ပြီးတော့မှ ပခုံးတွန့်၏။

"ဘာလို့လဲ ကိုကို"

"ထူးဆန်းလို့ပါ"

သုခက ရှက်စနိုးခေါင်းငုံ့မိသည်။

"လက်ထပ်ဖို့ . . . တစ်ခါမှ မတွေးမိခဲ့ဘူး"

"ကိုကို့စကား၏ အဓိပ္ပါယ်က ဘယ်လိုပါလိမ့်"

"ကိုကိုက လွတ်လွတ်လပ်လပ်ပဲ နေချင်တယ်"

"ရှင် . . ."

"ကိုကို့ကို သုခက ဘာလို့ နှောင်ဖွဲ့ချင်ရတာလဲ ပြော"





"ဟင်"

"အိမ်ထောင်သည်ဆိုတာ လူပျိုလူလွတ်လို မလွတ်လပ်ဘူးကွ"

သုခ နှုတ်ခမ်းလေးစေ့ရင်း မယုံနိုင်စွာ ကြည့်နေမိ၏။

ကိုကို ဘာတွေ ပြောနေပါလိမ့်။

ကိုကိုက သုခကို လက်မထပ်ချင်ဘူးလား။

သုခနှင့်အတူတူ မနေချင်ဘူးလား။

ဒါဟာ တကယ်ပဲလား။

နှောင်ဖွဲ့ချင်တာ မြတ်နိုးလို့ပါ ကိုကို။

ပေးဆပ်အနစ်နာခံခြင်းများစွာနဲ့ ကိုကို့မျက်နှာကို အရိပ်လို ကြည့်ခဲ့ရသူပါ။

သည်လို ကိုယ်လွတ်ရုန်းပြီး မပြောပါနဲ့လား။

"ခုလို နေလို့လည်း ပြီးသားပဲ ကိုကို နားမလည်ဘူး။ ချစ်နေရင် ပြည့်စုံတာပဲ မဟုတ်လား။ လက်ထပ်တာ ပန်းတိုင်



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုလို့ သတ်မှတ်တာလား၊ ပန်းတိုင်ဆိုရင်လည်း ကိုကိုတို့ ပြေးလမ်းပေါ်မှာပဲ နေကြရအောင် ဘယ်လောက် ပျော်စရာကောင်းသလဲ''

ကိုကိုက သုခ လက်ဖျားလေးကို ဆုပ်ကိုင်နှစ်သိမ့်သည်။

''ကိုကိုက သုခကို လက်မထပ်ချင်ဘူး ဟုတ်လား''

ငိုသံတစ်ဝက်နှင့် ရင်နာစွာ မေးမိ၏။

''ဒါဖြင့် ဘာယ်လို ပြောချင်တာလဲ''

''အစစအရာရာ အဆင်ပြေတဲ့တစ်နေ့ လက်ထပ်ကြတာပေါ့၊ ဘာလဲ ကိုကို့ကို မယုံလို့လား''

ကိုကိုရယ် . . .

ကိုကို့အပေါ် ယုံကြည်ခဲ့သမျှ အားကိုး တွယ်ငြိသမျှတွေ ရုတ်တရက် ပျောက်ဆုံးသွားရပြီ။

သုခ မထင်မိဘူး။





သုခက လက်ထပ်မယ်ဆို ကိုကိုက လက်ထပ်မှာပဲလို့ ထင်ခဲ့တာ။

သုခ 'အ' ပါတယ် ကိုကို။

ကိုကို့စိတ်ကို အကဲ မခတ်တတ်ဘူး။

◆ ◆ ◆

4



www.burmeseclassic.com

www.burmeseclassic.com

သုခလက်မလျှော့နိုင်ဘဲ နောက်တစ်ကြိမ် ကိုကိုကို တောင်းတောင်းပန်ပန် ပြောကြည့်ခဲ့သည်။

ကိုကိုက ဒေါသနှင့် တုန့်ပြန်ခဲ့ပါသည်။

နားမလည်ခြင်းများစွာ ကြေကွဲခြင်းများစွာနှင့် သုခ နှလုံးသားလေး တုန်လှုပ်ကြေကွဲခဲ့ရသည်။

"ဒီစကားပဲ... ကိုကိုတို့ မတွေ့ကြတာပဲ အေးမယ်"

"မဟုတ်ဘူး ကိုကို၊ သေချာစဉ်းစားပါဦး၊ သုခ မှားသလား၊ ကိုကိုမှားသလား၊ ဒီလိုအခြေအနေမှာ သုခက တောင်းဆိုခွင့် မရှိဘူးလား"

ဉာဏ်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



ကိုကို ရိသဲ့သဲ့ ပြုံးသည်။

"ရတယ်လေ၊ တစ်နေ့နေ့ လက်ထပ်ကြတာပေါ့၊ ဒါပေမယ့် ဒီစကားကို ထပ်တလဲလဲ မပြောနဲ့တော့၊ နားပူနားဆာ မလုပ်နဲ့"

"ကိုကိုရယ်၊ ဒါတွေဟာ ဘွာခတ်လို့ရသလား၊ ပစ်စလက်ခတ် မပြောပါနဲ့"

ပြန်ပြင်လို့ မရတဲ့ အမှားတစ်ခုကို ကိုကိုက ရှောင်ပုန်းချင်ပြီ။

သခက သည်အမှားကို တစ်ယောက်တည်း တာဝန်ယူရမှာလားဟင်။

ကိုကို တရားစမ်းပါ။ မျှမျှတတ တွေးပေးစမ်းပါ။

◆ ◆ ◆



*

သခက မရမက ဖွတ်ပူဆာ ၊တောင်းဆိုသောအခါ ကိုကိုက . . .

"ကိုကို့ကို သခ ချစ်ရဲ့လားကွာ" ဟု မေးလာ၏။

သခ မဖြေမိပါ။ နှုတ်ခမ်းတွေ တင်းတင်းစေ့ထားမိ၏။

"ကိုကိုက သခကို ဘာလို့ လက်မထပ်ရဲရမှာလဲ၊ ဘာလို့ ကိုကို့ကို သံသယဝင်နေရတာလဲ"

ကိုကို့စကားကြောင့် သူမ မျှော်လင့်ချက်ကလေး ပြန်သည် ဦးမော့လာရသည်။

"ဒီလောက်လဲ အတင်းအကျပ်လုပ်ဖို့ မလိုပါဘူးကွာ"



www.burmeseclassic.com

www.burmeseclassic.com



ကိုကိုက သုခကို ကရုဏာသက်စွာ ကြည့်ရင်း . . .

"ကိုကို သုခကို လက်ထပ်ပါ့မယ်" ဟု တိုးဖွဖွ ကတိပေး၏။

"ကိုကိုရယ်"

ကိုကို့ရင်ခွင်မှာ သုခ ငိုမိသည်။

အဲဒီအချိန်က ကိုကို့ လှည့်ဖျားမှုကို သုခ လုံးဝ မသိခဲ့သေးပါ။

ခုထက်ထိလည်း မယုံချင်သေး။

ကိုကို့ကို အရမ်းပဲ ယုံကြည်သွားခဲ့သည်။

ကိုကို လူညာဟု လက်မခံချင်။

"ကိုကိုနဲ့ အတူတူနေရရင် သုခ ကျေနပ်ပါပြီ"

"သုခရယ်"

ကိုကို ရင်ခွင်သည် သုခအတွက် လုံခြုံနွေးထွေး ပြည့်စုံသော နန်းတော်တစ်ခုပါ။





ကိုကို့ကို သုခ ချစ်သည်၊ မြတ်နိုးသည်၊ ယုံကြည် အားကိုးသည်။

ဘယ်တော့မှ ကိုကိုနှင့် မခွဲချင်ပါ။

ကိုကို့ရှိမှ သုခဘဝလေး နေသားတကျ စိုပြေသည်ဟု ထင်မိသည်။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

ကိုကို ရောက်မလာတာ လေးငါးဆယ်ရက်မက ရှိပြီမို့ သုခက ကိုကို့ဆီ ဖုန်းဆက်မိသည်။ ဖုန်းဆက်၍ မရသောအခါ သုခ ကိုကို့သူငယ်ချင်းတစ်ယောက်ကို ရှာပြီး သွားမေးသည်။

“ဟာ… ဒီကောင်… သုခကို မပြောသွားဘူးလား”

ဆိုတော့ ထိတ်ကနဲ ဖြစ်ရသည်။

မျက်လုံးကလေး ပြူးသွားမိသည်။

“ဘာလဲဟင်” နားမလည်စွာ မေးမိသည်။

“ဒီကောင် နိုင်ငံခြားကို ထွက်သွားပြီ၊ သုခကို နှုတ်မဆက်သွားဘူးလား”



www.burmeseclassic.com

www.burmeseclassic.com



"ရှင်"

ခေါင်းထဲ မိုက်ကနဲ ဖြစ်ရသည်။ ရင်ထဲမှာ တဆတ်ဆတ်တုန်သည်။ လူက ယိုင်နဲ့နဲ့နှင့် အနားရှိသော ခုံတန်းကို ဖမ်းဆွဲထားမိသည်။

"ဒီကောင် တော်တော်ဆိုးတဲ့ကောင်ပဲ"

ကိုကို့သူငယ်ချင်းက ရယ်နေခဲ့သည်။ အားနာနာနှင့်ပါ။

"သူ့ဖုန်းနံပါတ်ရော ရှိလားဟင်"

"မရှိဘူး၊ သူ့အိမ် မေးကြည့်ပါလား"

ကိုကို့သူငယ်ချင်းက သူခကို သနားသလို ကြည့်လာ၏။

"အအေးသောက်ပါဦးလား"

"ရပါတယ်"

ဟန်မဆောင်နိုင်လောက်အောင် သူခ တုန်လှုပ်မှုက ရုပ်ဆိုးလွန်းလှသည်။

"သူ့ဖုန်းနံပါတ်လေးတော့ ရရင် လိုချင်တယ်"





"ရတယ်လေ၊ ရရင် ကျွန်တော် ပေးပါ့မယ်"

သူခက စိတ်အေးအေးထားပြီး မျက်ရည်မကျအောင် ထိန်းသည်။ ချက်ချင်းပဲ အရာရာကို နားလည်လိုက်မိ၏။

ပေးသွားကြပြီဆိုတာ သိတော့ နှလုံးသားက တဆစ်ဆစ်နာသည်။

မဖြစ်နိုင်ဘူး . . .

ကိုကို အဲဒီလို လုပ်မှာမဟုတ်ဘူးဟု အမှတ်မရှိစွာနှင့် . . . မယုံနိုင်။

ကိုကို့ကိုလည်း မေ့လို့ မရပါ။

ကိုကို့ကို သူခက ခေါင်းမာမိုက်မဲစွာ ရူးသွပ် သွေးပျက်စွာ ယုံကြည်ထားခဲ့သည်။

သူခနှင့် ရင်းနှီးကျွမ်းဝင်ခဲ့သော ချစ်သူသည် ဒီလောက် အောက်တန်းကျလိမ့်မည်ဟု မထင်။ ဘယ်လိုမှ မထင်ခဲ့။



www.burmeseclassic.com

www.burmeseclassic.com



အထင်သေးစက်ဆုပ်စရာကောင်းပေမယ့် သူ့ခ အကြိတ်သည်းခံခဲ့သည်။

ရှုးရှုးမှုးမှုး ချစ်ဖူးခဲ့တာပါ၊ ကိုကို စာနာမှာပါ၊ ကိုကို ပြန်လာမှာပါဟု ထင်နေမိသည်။ တကယ်တမ်းကျတော့

ကိုကိုက နှုတ်မဆက်ဘဲ အပြီးတိုင် ခွဲသွားရက်သည်။

ဆန့်ကျင်ဘက် ရလာဒ်ကို နာကျင်စွာသိခဲ့ရသည်။

ကိုကို ပေးခဲ့သော အဆိပ်ပြင်း မေတ္တာမှာ သုခ နစ်မျောခဲ့သည်။

နောင်တသည် သုခရင်ကို လောင်ကျွမ်းစေသည်။ မီးပူတစ်စလို . . . တမြည့်မြည့်နှင့် . . .

ဒါနဲ့များ ကိုကိုရယ်၊ သုခကို လက်ထပ်မတဲ့လား၊ အလိမ်အညာတွေ။

သုခရှုးလို့ ယုံမိတာပါ။

ချစ်သူသက်တမ်း ခဏလေးမှာ ကိုကိုက သုခကို သွေးအေးသွားခဲ့သလား။ ထားရစ်ခဲ့မှတော့ နေရဲရမှာပါ။





သုခ မငိုဘူး။

သုခ မလွမ်းဘူး။

သုခ စိတ်တင်းထားခဲ့ပေမယ့် အရှက်တကွဲ ဖြစ်စရာ ပြဿနာတစ်ခု မြူန်းစားကြီး ဝင်လာခဲ့သည်။

ထိုအခါ သုခ ကိုကို့ကို မရှိမဖြစ် လိုအပ်လာခဲ့ပါ သည်။

ကိုကို့ကို နာကြည်းစွာ မေ့ပစ်နိုင်ဖို့ ကြိုးစား၍မရ။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

မနက်မိုးလင်းစမှာ ခေါင်းထဲ မူးဝေဝေနှင့် ရင်လည်း တုန်သည်။

မဟုတ်ဘူး... မဟုတ်ဘူး... မဟုတ်လောက်ပါဘူး

ရင်ထဲမှာ တလှပ်လှပ်နဲ့။

ခြောက်ချားစွာ ထထိုင်မိသည်။

သူခ မျက်လုံးတွေ ပြူးကျယ်ဝိုင်းစက်လာသည်။

ပျို့အန်ချင်စိတ်ကို ဘယ်လိုမှ ထိန်းမရ။

ဒုက္ခပါပဲ။

သူခ ချွေးတွေ ပျံလာသည်။



www.burmeseclassic.com

www.burmeseclassic.com



တကယ်ပဲ သုခ ထင်သလို ဖြစ်နေပြီလား။ ချက်ချင်းပဲ U.H.C စစ်ဖို့ တွေးမိသည်။

မဟုတ်ပါစေနဲ့ ဘုရား။

သုမ အကြိမ်ကြိမ် ဆုတောင်းမိသည်။

သို့သော် . . . .

◆ ◆ ◆



သုခက မျက်ရည်တွေ ဒလဟောကျရင်း 'နေမင်းသန့်' ကို ဖုန်းခေါ်သည်။

နေမင်းက ချက်ချင်း ရောက်လာသည်။

အရေးဆို သုခမှာက နေမင်းဆိုသော သူငယ်ချင်းပဲ ရှိတာပါ။

အားကိုးတိုင်ပင်စရာ တခြားလူမရှိ။

နေမင်းက စိတ်ကြီးသည်။ ပေါက်ကွဲလွယ်သည်။ ဘယ်လို ဖွင့်ပြောရမလဲ။

ကိုကိုကလည်း လုံးဝ အတွေ့မခံ။



www.burmeseclassic.com

www.burmeseclassic.com



ဆက်သွယ်လို့မရ။

တမင်ရှောင်နေတာလည်း သုခ သိသည်။

"သုခ"

နေမင်းခေါ်သံကြောင့် မော့ကြည့်မိ၏။

"သုခ နင် ဘာဖြစ်နေတာလဲ"

သုခက နေမင်းကို မကြည့်ရဲဘဲ ခေါင်းငုံ့နေမိသည်။

"ဘာလဲ သုခ၊ နင့်လူကို သတိရလို့လား"

"မဟုတ်ပါဘူးဟယ်"

"ဒါဆို နင် ဘာဖြစ်နေတာလဲ ပြော"

"ငါ . . . ငါ သေချင်တယ် နေမင်း"

"ဘာ"

နေမင်းက စူးစူးဝါးဝါး အော်သည်။

"နင် ဘာတွေ ဖြစ်နေတာလဲ၊ သုခ၊ ဟိုဟာလား"

စူးစူးစမ်းစမ်းကြည့်ကာ မသင်္ကာသလို မေး၏။

"ဟုတ်တယ်"





ရှေ့မျက်နှာနောက်ထားပြီး ခေါင်းညိတ်မိ၏။

"ဟာ . . . နင့်လူ သိလား"

"ဟင့်အင်း . . . ရှောင်နေတယ်၊ သူ ရှိရဲ့လား မသိဘူး၊ ဘယ်သွားနေလည်း မသိဘူး"

"ဟာ . . . ဒီလောက်မလွယ်ဘူးလေ"

နေမင်း မျက်နှာက ဒေါသနှင့် နီရဲလာ၏။

"ဘာပဲဖြစ်ဖြစ် သူ့ကိစ္စကို သူ့ တာဝန်ယူရမှာပေါ့"

"ငါ့ကို မချစ်တော့လို့ သူ ရှောင်နေတာပေါ့"

နာကျင်စွာ ဆိုမိသည်။

သုခ ပင့်သက်ရှိုက်သည်။

"နင် . . . သူ့ကို တွေ့ကြည့်လိုက်ပါ။ အဆင်ပြေတော့လည်း နောက်တစ်မျိုး စဉ်းစားတာပေါ့၊ ဖုန်းဆက်ကြည့်ပါလား"

"ငါ မဆက်ရဲဘူး"

"ဒီအချိန်မှာ နင် ကြောက်နေလို့ မရဘူး"



www.burmeseclassic.com

www.burmeseclassic.com



သုခ အခက်အခဲကို နေမင်းက ဖြေရှင်းပေးသည်။

''ဖုန်းဆက်လို့ မရခဲ့ရင် ငါသွားခေါ်လာမယ်''

''ဟင်''

သုခ စိုးရိမ်မိသည်။

''တစ်ခုတော့ ရှိတယ်ဟာ''

''ဒီလူ ဝေ့လည်လည်လုပ်ပြီး ရှောင်ထွက်ရင်တော ရန်ပွဲပဲ''

''ဘယ်လို''

သူ လက်ထပ်ရင် တော်ပါသေးရဲ့၊ တော်ကြာ နေမင် နှင့် ပြဿနာဖြစ်လျှင် နေမင်းစကားကြောင့် သုခလည်း ငိုင် ကျသွားရသည်။

''သူက လိုက်လျောပါ့မလား''

''ကောင်းကောင်းမွန်မွန်ပြောလို့ မရရင် နင် အကျ ကိုင်ပေါ့''

နေမင်းက အကြံဉာဏ်ပေးသည်။





''နင် လျှော့လို့ မရဘူးသုခ''

''ငါ သူမရှိဘဲ ဒီကလေးကို ဘယ်လိုမွေးရမလဲ၊ ငါ့အတွက် . . . ပြီးတော့ ဒီကလေးလေးအတွက် သူရှိမှ ဖြစ်မယ်''

''အေးလေ၊ ဟုတ်သားပဲ''

သုခက နှုတ်ခမ်းကို ဖိကိုက်သည်။

''သုခ''

''ဟင်''

''ငါ သူ့ကို ရအောင် ခေါ်လာမယ်''

''သူ့ကို ငါ စိတ်နာတယ်ဟာ၊ မုန်းလည်း မုန်းတယ်၊ သူ ငါ့ကို ညာတယ်''

''လောလောဆယ် နင် သူ့ကို လက်ထပ်မှ ဖြစ်မယ်၊ သုခ အဲဒါ နင်နားလည်ရဲ့လား၊ နင်က မိန်းကလေးနော် မိန်းကလေး''



www.burmeseclassic.com

www.burmeseclassic.com



သုခက မျက်ရည်လေး တလည်လည်နှင့် ပင့်သက်ရှိုက်သည်။

"ဖုန်းဆက်ပြီး အကြောင်းစုံ ရှင်းပြဖို့ မလွယ်ဘူး။ သူ့ကို ခေါ်လိုက်"

"အင်း . . . သူလာပါ့မလား မသိဘူး"

"သိပ် အချိန်မဆွဲသင့်ဘူး၊ မြန်မြန်ဆက်"

"ငါ စဉ်းစားပါရစေဦးဟာ"

"ဒါ အချိန်ဆွဲစရာကိစ္စမဟုတ်ဘူး။ ချက်ချင်း ဆုံးဖြတ်ရမှာ"

နေမင်းက သုခအတွက် စိတ်မအေးဖြစ်နေသည်။

"ဘယ်လိုပဲဖြစ်ဖြစ် နင့်ကို လက်ထပ်အောင် နင်ပြောရမယ်"

"ဒီလူ ငြင်းလို့ကတော့ ငါ့အကြောင်းသိမယ်"

"အေးပါ၊ ငါ ပြောကြည့်ပါ့မယ်"





"တစ်ဘက်လူကို အချိန်မပေးနဲ့၊ တစ်ထိုင်တည်း ဆုံးဖြတ်ခိုင်း ကြားလား"

နေမင်းက အားမရလို အားမရ အစီအစဉ် ဆွဲပေးနေ၏။

"သုခ"

"ဟင်"

"သူက လက်ထပ်မှာမဟုတ်ဘူး ငြင်းမှာပဲလို့ နင်ထင်နေလို့လား"

"အင်း"

"နင် တော်တော်လည်း မိုက်မဲပါလားဟာ"

နေမင်းက အပြစ်တင်သည်။

သုခ ဘာပြောရမှန်းမသိ၊ သူငယ်ချင်းကို မချိမဆန့် သနားမိသည်။

"နင် ဒီလိုလူကိုမှ ယုံပြီး ပုံရသလားဟာ"

နေမင်းက ပင့်သက်ရှိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



''ခေါင်းအေးအေးနဲ့ စဉ်းစားပါဟာ၊ လိုအပ်တာ အားလုံး ငါကူညီပါ့မယ်၊ ဟုတ်ပြီလား၊ အားမငယ်နဲ့ တစ်ခုခု ဆို ငါ နင့်ရှေ့မှာ ရပ်မယ်''

''နင် အရမ်းမှားတယ်ဟာ''

''ဟုတ်တော့ ဟုတ်ပါတယ်''

''ငါ နင့်ကို အပြစ်မတင်ရက်ပေမယ့် နင် ဒီ အခက် အခဲက ကျော်လွှားနိုင်အောင် လုပ်ရမယ်၊ ငါ့ကို ကတိပေးပါ နင် နောက်ထပ် ဘယ်လို အမှားမှ မကျူးလွန်ရဘူး ကြားလား''

ကိုကို့ကို သုခ အရမ်းစိတ်နာမိသည်။

သည်လိုမှန်းသာသိခဲ့ရင် သူ့ကို မချစ်ခဲ့ပါ။

သူ့အပြုံးတွေမှာ နစ်မဝင်အောင် သတိထားမိမှာပါ။ သူ့ တောင်းဆိုစည်းရုံးမှုမှာ အငိုက်မမိအောင် ဆင်ခြင်မိမှာပါ။

အခုတော့ . . . .

♦ ♦ ♦



''ဟော့ . . . ဒါ ဘာလုပ်နေတာလဲ၊ မင်းကဗျာက အရမ်းရှည်နေပြီ၊ ဘယ်လိုလဲ လာ . . .ထ၊ အပြင်သွားမယ်၊ အက်ကြောင်းထပ်နေပြီ''

''နေစမ်းပါဗျာ၊ လွှတ်ထားလိုက်''

''မင်းတို့နှစ်ယောက် ဘယ်က ရောက်လာတာလဲ''

ဓနတိုးညီက ခပ်ထွေ့ထွေ့ပြုံးရင်း လှည့်မေးသည်။

''မင်းဆီလာတာပေါ့ကွာ''

''ဟုတ်လား''

''အပြင်သွားမယ်လေ''



www.burmeseclassic.com

www.burmeseclassic.com



"ဟာကွာ၊ မလိုက်ချင်ဘူး၊ မင်းတို့ မနှောင့်ယှက်နဲ့ ကွာ"

"ပြန်လာမှ မင်း ကဗျာက ဆက်ရေးလည်း ရပါတယ်"

"ဟုတ်သားပဲ"

မရမက ဖွတ်ခေါ်မည့် ရုပ်တွေပါလား။

"ဒါနဲ့များကွာ မင်းတော်တော် အသဲနုပါလား"

"မင်းတို့ နားမလည်ပါဘူး"

"အေးပါ ထားတော့"

သူတို့ သုံးယောက်ထွက်ခဲ့ကြသည်။

"ဘယ်ဆိုင်သွားမလဲ"

"ကန်ဘောင်ပေါ်သွားရင်ရော"

"အိုကေ . . . ကောင်းသားပဲ"

သူက ဝင်မစွက်။

ဘယ်သွားသွား . . . သွားချင်ရာသွား၊ သူက တိတ်ဆိတ်လိုက်မှာပါ။





"ငါ့မှာ အလုပ်တွေ ပိနေတယ်ကွာ၊ လုံးဝ မအားဘူး"

ခနတိုးညီကညည်းသည်။

"ဘာလဲ မင်းက မတော်တဆ ဆုံခဲ့တဲ့ ကောင်မလေးကို မမေ့သေးဘူးလား"

သူက ခပ်တိုးတိုး ရယ်သည်။

"မေ့သလောက် ဖြစ်နေပါပြီ"

မတင်မကျ ဖြေ၏။

"မင်းကဗျာက တော်တော်ရှည်နေပြီ"

သူက နက်ရှိုင်းစွာ ပြုံးသည်။

"ဟုတ်တယ်၊ သူ့ကြောင့် ကဗျာတစ်ပုဒ် ငါရေးဖြစ်သွားတယ်"

ခနက ဝန်ခံ၏။ ဝန်မခံလည်း သူတို့ သိပြီးသားပါ။

"မင်းက ဘာလို့ အဲဒီကောင်မလေးနဲ့ သိအောင် မကြိုးစားတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



''ငါ မနှောင့်ယှက်ချင်ဘူး''

''ဩော်''

သူငယ်ချင်း ဥက္ကာက ရယ်သည်။

''မင်းက လျှောင်တာလား''

''မလျှောင်ပါဘူးဓနရာ''

''သူ့ပုံစံဟန်ပန်လေးက ရင်ထဲတိုးဝင်လာတယ်''

''ဆိုပါဦး''

သူကျေနပ်စွာပြုံးသည်။

''မင်းတို့မသိပါဘူးကွာ''

ဓနတိုးညီက ခံစားမှုအပြည့်နှင့် ရင်ဖွင့်သည်။

''ငါက ဟိုဘက်ခြမ်းကနေပူလို့ ဒီဘက်ခြမ်းမှာ ကား ရပ်တာကွာ ကားဘေးမှာခြံဝင်းနံရံပဲရှိတယ်၊ ငါလည်းမော့မ ကြည့်မိဘူး၊ အသံတိုးတိုးလေးကြားမှပဲမော့ကြည့်မိတာကွ၊ ပြီးတော့ကားဘေးမှာဆင်းရပ်နေတဲ့ ငါ့ခေါင်းပေါ်နှင်းဆီပွင့် ဖတ်တွေကြွေကျလာတယ်''





''ငါလည်းတအံ့တဩမော့ကြည့်မိတယ်၊ သူကနှင်း ဆီပွင့်တွေကိုတစ်ဖတ်ချင်းခြွေနေတာ ... နှုတ်ကလည်း Yes ... No ရေရွတ်နေသေးတယ်''

''အထူးအဆန်းပါလား''

''ခြံဝင်းနံရံကပ်ပြီးဆောက်ထားတဲ့အဆောင်။ အဆောင်ဝရန်တာပေါ်ကနေ သူကနှင်းဆီခြွေချနေတာ၊ပွင့် ဖတ်တစ်ခုခြွေလိုက် Yes ပြောလိုက်၊နောက်တစ်ဖတ်ခြွေလိုက် No ပြောလိုက်နဲ့''

''ကံကိုကြိုဟောကိန်းထုတ်နေတာပေါ့ကွာ''

''မသိပါဘူး''

''နောက်ဆုံးပွင့်ဖတ်က Yes လား၊ No လား ဘာ ကျသွားလဲ''

ဝင်းခန့်က စိတ်ဝင်တစားမေးသည်။

''မင်းခေါင်းပေါ်က နှင်းဆီပွင့်ဖတ်တွေကို ဖယ်မစ် လိုက်ဘူးလား''



www.burmeseclassic.com

www.burmeseclassic.com



''ဖယ်လိုက်ပါတယ်''

ဉက္ကာမေးတာကိုအရင်ဖြေမိသောအခါ . . .

''ငါမေးတာလည်းဖြေဦးလေ'' ဟုဝင်းခန့်ကအော်သည်။

''နောက်ဆုံးနှင်းဆီပွင့်ဖတ်က No လို့ကျသွားတယ်၊ ငါဘာမှမသိပဲစိတ်မကောင်းဘူး''

''ဟုတ်လား... ကောင်မလေးကကြွေသွားမှာပေါ့''

''ကြုံကြုံဖန်ဖန်နှင်းဆီပန်းကို တဖတ်ချင်းဖဲ့ခြွေပြီး ကံကြမ္မာကိုကြိုကြည့်ရတယ်လို့ကွာ''

''သူယုံလို့ဖြစ်မှာပေါ့ဉက္ကာရ''

ဓနတိုးညီက သူငယ်ချင်းနှစ်ယောက်ကိုစကားမဆို၊ အင်းယားရေပြင်ကျယ်ကိုငေးကြည့်နေမိ၏။

''သူဘာအတွက် Yes, No ပြောတာလည်းမသိဘူး''

ဉက္ကာကသိချင်နေ၏။





''ဘယ်သိမလဲကွ၊ မင်းသိချင်ရင်သွားမေး''ဟုဝင်းခန့်ကဟောက်သည်။

''ငါက လက်တွေ့သမား၊ ဘယ်သူမှန်းမသိဘဲငါက မစွဲလန်းချင်ဘူး၊ ရှုးရှူးမိုက်မိုက်အရွယ်လည်းမဟုတ်ဘူး''

''ဒါပေမယ့် မင်းမေ့လို့မရသေးတာဝန်ခံစမ်းပါ''

''အဲဒါ ငါဝန်ခံတယ်၊ ဒါပေမယ့်အဓိပ္ပါယ်မရှိဘူး''

''အဓိပ္ပါယ်မရှိလို့ပဲ ကဗျာတစ်ပုဒ်ဖြစ်သွားတာပေါ့ကွာ''

ဝင်းခန့်ကထေ့သည်။

''ကဲပါကွာ၊ ထားပါတော့ မင်းညီ ဝဏ္ဏရော ဟိုမှာ အဆင်ပြေတယ်တဲ့လား''

''ဒီကောင် အဆင်ပြေမှာပါ၊ မေမေလည်းရှိနေတာပဲ''

ဝဏ္ဏက ကောင်မလေးတွေ၊ တော်တော်တွဲတာပဲ၊ သတင်းကို မွှေးနေရော''

''အေးကွာ၊ ငါ့ညီ မလွယ်ဘူး''



www.burmeseclassic.com

www.burmeseclassic.com



ဓနု ညည်းမိ၏။

"သူ့အရုပ်တွေ ငါ့ကို ခဏခဏ လာငြိတယ်ကွ"

"မင်းညီက ဖြောင့်တာကိုး"

"ဝင်းခန့် . . . ရုပ်ချင်းခွဲမရအောင်ဆင်တာ၊ မင်းက ဓနုကို ဖြောင့်တယ်လို့ သွယ်ဝိုက်ပြောတာလား"

"ငါက ဝဏ္ဏလို ဗရုတ်မကျတတ်ပါဘူး"

"ညံ့တာပေါ့ကွ"

"ငါက ခပ်အေးအေးပဲ နေချင်တယ်"

"မင်းစတိုင်လ်က တစ်မျိုးပဲ၊ ဝဏ္ဏာထက်သာတယ်"

"ငါက ဝဏ္ဏလို မိန်းကလေးတွေကို သိပ်စိတ်မဝင်စားဘူး"

"ဒါပေမယ့် မင်း . . . မညာနဲ့၊ ရင်ခုန်သံတော့ မြန်နေပြီ မဟုတ်လား"

"ငါ့မှာ ဘယ်သူ ရှိလို့လဲ"

"ဒါတော့ မင်းပဲ သိမှာပေါ့"





ဓနုက တစ်ချက်စဉ်းစားပြီးမှ 'ကြော့' ကို မင်္ဂလာဆောင်လိုက်ပို့တာလား၊ မင်းက တစ်မျိုးမထင်နဲ့ အခြေအနေ မှန်ကို ငါပဲ သိတယ်"

"မင်း ဘာတွေ အိုက်တင်ခံမလို့လဲ"

"အိုက်တင်မခံပါဘူး။ ကြော့ရေလာမြှောင်းပေး လုပ်တာ ငါသိတယ်၊ ငတုံးမှ မဟုတ်ဘဲ၊ ဒါပေမယ့် မင်းတို့ဟာက ဇာတ်မျောကြီး၊ ငါ မဆုံးဖြတ်ရသေးဘူး၊ ငါနဲ့ကြော့ ချစ်သူတွေ မဟုတ်ဘူး"

"မင်း မတရားဘူး၊ ကြော့ သနားပါတယ်ကွာ"

"ငါက သေချာချင်လို့ပါ၊ ဆိုခဲ့စေ၊ မြဲစေဖြစ်ချင်တယ်"

"လုပ်ပြန်ပြီ၊ ဟိုက ကြာလေ ကြာလေ မင်းအပေါ် မျှော်လင့်ချက်ကြီးလေ ဖြစ်မှာပေါ့"

"ငါ မပြတ်သားရဲဘူး"



www.burmeseclassic.com

www.burmeseclassic.com



''တွဲသွားတွဲလာ အမြဲအတူတူဆိုတော့ သံယောဇဉ်က ကြီးလာမှာပဲ''

''ဒါပေမယ့် ငါခုမှ ပြန်ရောက်တာ၊ ဘာကြာသေးလို့လဲ''

''ဟုတ်သားပဲ ဝင်းခန့်ရာ၊ ခုနက ခုမှ ရောက်လာတာ၊ ကြောနဲ့ခုမှ ပြန်ဆုံတာ၊ ဘယ်လောက်မှ မရှိသေးဘူး''

ဥက္ကာက ဝင်ပြောသည်။

''ကြော့ကို မင်း စိတ်မဝင်စားရင် ဘေးဖယ်ကွာ၊ မင်းက လမ်းပိတ်နေတယ်ကွ''

''ဟ . . . မလုပ်ပါနဲ့ကွာ၊ မင်းတို့က ငါ့သူငယ်ချင်း၊ ငါ့ကို ကြော့ပြဿနာရှာမှာ''

''အဲဒါ မင်း မတရားဘူး၊ ငါတို့ အခွင့်အရေးကို ထိခိုက်တယ်''

''ဘာလဲ မင်းတို့ငါ့ကို တွန်းပို့နေတာလား''





သူတို့နှစ်ယောက် ဟာက်ကနဲ ရယ်သည်။ သူတို့ လာကလိနေတာ သိပါသည်။

''မင်းတို့ တော်တော်တိုင်မင်ကိုက်နေတယ်၊ ငါ့ကို ဘယ်ဝိုက်ညာဝိုက် ဝိုင်းဖွဲ့နေပါလား''

''မင်းက ရေခဲတုံးကြီး လုပ်နေတာကိုး''

''ငါစိတ်မပါဘဲ အလိုက်သင့် မမျှောချင်ဘူး''

သူတို့က ကြော့ဘက်က ရှေ့နေလိုက်သည်။

သူ ပြန်စဉ်းစားကြည့်သည်။

ကြော့နှင့်ပတ်သက်ပြီး သူ ဘာမှ မမှားခဲ့ပါ။

ကြော့က သူ့ကို နားလည်သည်။

သူ့ကို သူငယ်ချင်းတွေကနားမလည်။

ပတ်ဝန်းကျင်ကရော သူတို့နှစ်ယောက်ကို နားလည်ခဲ့လားမသိ။

ကြော့ကို ဘယ်လိုများ တိုက်ခိုက်ကြမလဲ။

သူ တွေးပြီး ဝန်လေးသွား၏။



www.burmeseclassic.com

www.burmeseclassic.com



အဖြူရောင်သံယောဇဉ်ကို ဆေးခြယ်ဖို့ သူက ဆန္ဒ မရှိပါ။

သူငယ်ချင်းနှစ်ယောက်နှင့် ကန်ဘောင်ပေါ်ထိုင်ပြီး အိမ်ပြန်ရောက်သောအခါ ထူးဆန်းသော ဖုန်းတစ်ခု သူ့ဆီ ဝင်လာခဲ့သည်။

သို့သော် . . . တစ်ခါမှ မကြားဘူးသော အသံဖြစ်နေ သည်။

"ဟဲလို . . . ကိုကိုလားဟင်"

တစ်ဘက်ခေါ်သံကြောင့် သူ ထိတ်ကနဲ ဖြစ်ရသည်

အိမ်မှာက ဝဏ္ဏကို 'ညီညီ'

ခနကို 'ကိုကို' ပဲ ခေါ်တတ်တာ၊ သို့သော် တစ်ဖက် ကောင်မလေး 'ကိုကို' ခေါ်လိုက်တာ သူ့ကိုမဟုတ်။

ဝဏ္ဏကိုပဲ ဖြစ်လိမ့်မည်။

"ကိုကို . . . သူခကို ဘာလို့ ရှောင်နေတာလဲ အဆက်အသွယ် မလုပ်တာလဲဟင်"





သူက ဘာပြောရမှန်းမသိ။

"ကိုကို့ကို အရမ်းတွေ့ချင်တယ်၊ အရေးတကြီးကိစ္စ ရှိတယ်၊ ခုချက်ချင်း လာမှ ဖြစ်မယ်"

"ခဏနေပါဦး၊ ပြောချင်ရာတွေ ဆက်တိုက်ပြောပြီး ဖုန်းချသွားတော့မှာလား"

သူက ဘယ်မှာ သွားတွေ့ရမှာလဲ၊ သိမှ မသိတာ။

"တွေ့မှ ပြောကြရအောင် ကိုကို"

"ဟာ . . . မဟုတ်သေးဘူး"

"ကိုကို . . . ဖုန်းထဲမှာ ရှည်ရှည်ဝေးဝေး မပြောချင် ဘူး ထလာခဲ့လိုက်ပါ"

"ကျွန်တော် မလာနိုင်ဘူး"

"ကိုကို အခုလာ"

"မင်း လူမှားနေပြီ"

သူ့လေသံက အေးစက်ပြတ်တောက်သွား၏။

"ကိုကိုနော်၊ မစနဲ့၊ အခုချက်ချင်း လာခဲ့"



www.burmeseclassic.com

www.burmeseclassic.com



ပြဿနာပါလား။ ဝဏ္ဏာ ဓာတ်ရှုပ်ပဲ ထင်ပါသည်။

ဝဏ္ဏာ . . .ဝဏ္ဏာ . . . ဓာတ်လမ်းတွေ များလိုက်တာ။

တကယ်မလွယ်။

"အိုကေ၊ ဘယ်ကို လာတွေ့ရမလဲ"

"ကိုကို . . . မနောက်နဲ့"

"လာခဲ့မယ်"

သူ ပြီးပြီးရော ခေါင်းညိတ်လိုက်သည်။ ဖုန်းချပြီး တဟက်ဟက် ရယ်မိသည်။ မလာဘူး ငြင်းလို့လဲ မရ။

လူမှားနေပြီဆိုတော့လည်း မယုံ၊ သူ ဘာလုပ်ရမလဲ လာမယ်ပြောပစ်လိုက်တာ အေးရော။

တော်တော် ခက်ပါလား။

သူနှင့်ဝဏ္ဏာက ရုပ်ချင်းလည်းတူ၊ အသံချင်းလည်း ခွဲမရ။ သူ ဘယ်လိုလုပ်ရမလဲ။

◆ ◆ ◆



သူ့ရှေ့မှာ ချာတိတ်သုံးယောက် လမ်းပိတ်ရပ်လိုက် သောအခါ ခန မယုံနိုင်အောင် အံ့သြမိသည်။

သည်ပြဿနာက မသေး။ ဒါတွေရော ဝဏ္ဏာတိုးညှိ ပ်ခဲ့တာလား။

"အစ်ကို"

"ဟေ"

"ကျွန်တော်တို့နဲ့ ခဏလိုက်ခဲ့ပါ"

"ဘယ်ကိုလဲ၊ ဘာလို့ လိုက်ခဲ့ရမှာလဲ"

သူ ခပ်တည်တည် မေးမိသည်။



www.burmeseclassic.com

www.burmeseclassic.com



''လိုက်ခဲ့မှ ဖြစ်မယ်''

''မင်းတို့က ဘာသဘောလဲ''

ခနု လုံးဝ မကျေနပ်ချင်၊ စိတ်ကို ရှည်အောင် ဆွဲဆန့်ထားရပါသည်။ ကောင်လေးသုံးယောက်က သူ့ကို ဘုကြည့်ကြည့်ကာ စိန်ခေါ်နေသလိုပင်။

''အကူအညီတောင်းချင်လည်း အေးအေးဆေးဆေးပေါ့၊ မင်းတို့ဟာက ရန်စတဲ့သဘောကြီး''

''မဟုတ်ပါဘူး''

''ကဲ . . . ဆို ဘာအကူအညီလဲ''

''အစ်ကို ခဏလိုက်ခဲ့မှ ဖြစ်မယ်''

''မလိုက်ဘူးဆိုရင်ရောကွာ''

''ကျွန်တော်တို့က အေးအေးဆေးဆေး ယဉ်ယဉ်ကျေးကျေး ခေါ်တာပါ''

''ဒါလား ယဉ်ကျေးတာ''

''ခဏ လိုက်ခဲ့ပါ''





''အေးလေ . . ခဏဆိုတော့လည်း လိုက်တာပေါ့''

ခနုက မြန်မြန်ရောက် အေးရော သဘောထားကာ သူတို့ခေါ်သော နေရာကို လိုက်လာမိပါသည်။ သူ့မှာလည်း လုပ်စရာကိစ္စတွေက ရှိသေးသည်။

သည်ချာတိတ်တွေနှင့် ပြဿနာမဖြစ်ချင်။

ရှေ့ဆုံးဝင်သွားသော ကောင်လေးက ခြံဝင်းတံခါးကို ပြန်ပိတ်သည်။

သူ မျက်မှောင်ကျုံ့မိသည်။

လက်ထဲကိုင်ထားသော Hand phone ကို ခပ်တင်းတင်း ဆုပ်ထားမိ၏။ သူ့မှာ အန္တရာယ် ရှိနိုင်သလား။

ဒါမျိုး တစ်ခါမှ မကြုံဖူးပါ။

ဝတ္ထုတစ်ယောက် ဘာတွေ လျှောက်လုပ်ထားပါသိမ့်။ ခနု နည်းနည်းအံ့သြသွားသည်။

ခြံအဝင်လမ်းလေးအတိုင်း ဝင်လာပြီး အိမ်တစ်အိမ်၏ အပေါ်ထပ်ကို ခေါ်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



- သူတို့ အပြုအမူက ဘာအဓိပ္ပါယ်လဲ။

သူ ဒေါသဖြစ်သွားသည်။ ခံချင်စိတ်နည်းပါးလာမိသည်။

"မင်းတို့ ဘာလုပ်တာလဲ"

"ဘာမှ မလုပ်ပါဘူး၊ သိရမှာပါ"

သူ ဘာမှ မပြောဘဲ ခြေစုံရပ်နေမိသည်။

"အသာတကြည့် လိုက်လာတာ၊ ကျေးဇူးပဲ၊ ကျွန်တော်က ဒီထက်ပိုခက်ခဲမယ် ထင်ထားတာ၊ အဲဒါကြောင့် ဘော်ဒါနှစ်ပွေကို ဆွဲလာတာ၊ ခင်ဗျား တက်သွားပါ၊ အပေါ်မှာ ခင်ဗျားကို သုခ စောင့်နေတယ်၊ သုခက ကျွန်တော့် သူငယ်ချင်း သူ့ကိုထိရင် ကျွန်တော်ခံမှာမဟုတ်ဘူး၊ အဲဒါ ခင်ဗျားသိပါတယ်"

ခုနက ဘာတွေပြောနေမှန်း မသိ၊ နားမလည်ပါ။

သို့ပေမယ် သုခ ဆိုတာ မနေ့ညက ဖုန်းဆက်သော ကောင်မလေးပဲ ဖြစ်မည်ဟု တွေးမိ၏။





သူ မျက်နှာထားတင်းတင်းနှင့် တက်လာခဲ့၏။

ရှင်းရှင်းလင်းလင်းမပြော၊ ပဟေဠိတွေ လုပ်နေကြသည်။

သူက တံခါးကို စုန်းကနဲ တွန်းဖွင့်သည်။

"သုခနဲ့ ခင်ဗျား အဆင်ပြေအောင် ညှိပါဗျာ"

ချာတိတ်က လှမ်းအော်ပြော၏။ သူ့ကို ကျောပေး ရပ်နေသော ကောင်မလေးက ဆတ်ကနဲ လှည့်ကြည့်လာ၏။

"ဖုန်းဆက်တာ ဘာလို့ မလာလဲ"

သူပခုံးတွန့်ရင်း နည်းနည်းတော့ နားလည်သွား၏။

မလာလို့ ရအောင်ခေါ်တာလား။

ဝဏ္ဏက ဘာတွေ လုပ်ထားလို့ သူတို့က သည်လို ဆက်ဆံရတာလဲ။

သူက တစ်ချက်ပြုံးကာ သူ့ရှေ့က ကောင်မလေးကို စေ့စေ့ကြည့်မိသည်။

"ဟာ"

အံ့သြမှုနှင့်အတူ မယုံနိုင်အောင်ဖြစ်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



နှင်းဆီပွင့်ဖတ်တွေကို Yes . . .No ရေရွတ်ကာ သူ့ခေါင်းပေါ် တည့်တည့် ခြွေချခဲ့သော ကောင်မလေး။

သည်မျက်နှာကလေးကို သူ လုံးဝ မှတ်မိသည်။

ဟာကွာ။

မင်းက ဝတ္ထုရဲ့ ဇာတ်လမ်းတစ်ပုဒ်လား။

ဖြစ်မှ ဖြစ်ရလေ။

"ကိုကို"

သူမ ခေါ်သံကြောင့် ရင်ထဲ တင်းကနဲ ဖြစ်ရ၏။

"ကိုကို သုခကို ဘာလို့ လာမတွေ့တာလဲဟင်"

သူ ငြိမ်သက်နေမိသည်။ မျက်စိရှေ့က ကောင်မလေးကို မမြင်ဘူးသလို ငေးနေမိ၏။

"ကိုကို ရှောင်ချင်မှန်း သုခ သိပါတယ်"

မျက်ရည်ကျကာ ဆိုလာ၏။ နာကျင်အေးစက်နေသော အကြည့်ကို သူ လန့်သည်။

"ကိုကို့ကို မနှောင့်ယှက်ချင်ပါဘူး၊ ဒါပေမယ့် . . ."





သုခ ဆိုသူကလေးက သူ့ကို စေ့စေ့ကြည့်ပြီး . . .

"ကိုကို သုခကို လက်ထပ်မှဖြစ်မယ်" ဟု ဆိုလာ၏။

"ဘာ"

သူ ခြောက်ခြားစွာ ပြန်မေးမိသည်။

"သုခမှာ ကိုယ်ဝန်ရှိနေပြီ"

ဓနက ခြေတစ်လှမ်းမက နောက်ဆုတ်ရင်း အလွန်အမင်း လန့်ဖျပ်သွား၏။ သူ့ရင်တွေ တဆတ်ဆတ် ခါအောင် နာကျင်သွားရ၏။

ဘယ်လိုလုပ်မလဲ။

"ဒီကလေးကို သုခ မရက်စက်ချင်ဘူး"

သုခက သူ့ရှေ့မှာ ဒူးထောက်ထိုင်ချသည်။

သူကတော့ မလှုပ်မယှက်ငြိမ်ငြိမ်ကြီး ရပ်နေမိသည်။

ဘယ်လိုဆုံးဖြတ်ရမှန်း မသိပါ။ ဘာပြောရမှန်းကို မသိ။ ပြဿနာက ထင်ထားတာထက် အဆပေါင်းများစွာ ကြီးမားနက်ရှိုင်းနေပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဝဏ္ဏစိတ်ခါတ်ကို ရေရေရာရာ သိနားလည်ထား တော့ ခုကိစ္စမှာ သူ ဘယ်လိုလုပ်ပေးရမှန်း မသိတော့ပါ။

ဝဏ္ဏက တာဝန်ယူချင်မှာမဟုတ်။ သူမကို လက်ထပ် ယူဖို့ဆိုတာ မဖြစ်နိုင်။ သူမကလည်း အဲဒါကို သိထားပုံပါ။

သို့ကြောင့်လည်း အခုလို လုပ်တာနေမှာပါ။

ဝဏ္ဏက တမင်ရှောင်ပြေးချင်လို့ မေမေ့ရှိသော နိုင်ငံခြားကို လစ်တာ။ အခုတော့ ခနှ နားလည်သွားပြီ။

ခက်တာက သူ ဝဏ္ဏမဟုတ်။ ဒါကို သုခ ဆိုသော ကောင်မလေးက မသိရှာ။

သူ ဘယ်လိုရှင်းပြရမလဲ၊ ယုံရော ယုံပါ့မလား။

သူ ရှင်းပြသင့်လား၊ ဝဏ္ဏမဟုတ်ဘူးဆိုတာ ပြောပြ သင့်လား။ သုခကို သူ အဆမတန် သနားမိတာ အမှန်။

သူမစကားတွေကြောင့် အင်မတန်ပဲ တုန်လှုပ်ခေါင်း ကြီးသွားရပြီး ဘယ်လို ဖြေရှင်းပေးရမှန်း ရုတ်တရက် မစဉ်းစား တတ်။





ဝဏ္ဏကို မင်း ဘာလို့ ယုံကြည်ခဲ့တာလဲ။ ဘာလို့ လိုက်လျောခဲ့တာလဲ။

ဘာလို့ ပုံခဲ့တာလဲ။

သူ ကြေကွဲစွာ အပြစ်တင်မိသည်။

ဝဏ္ဏအနားမှာ ရှိနေလျှင်လည်း အကောင်းသား၊ သူ ကိုယ်တိုင် လက်ထပ်ဖို့ စီစဉ်ပေးနိုင်သည်။

အခုတော့ မလွယ်။

"ကိုကို",

သူ ဆတ်ကနဲ ဖြစ်သွားသည်။

"ဒီကလေးမွေးဖို့အတွက် ရှင် . . . သုခကို လက်ထပ် မယ် မဟုတ်လား"

သူ ဘယ်လို ဖြေရမလဲ။

ခနှ ခေါင်းငိုက်စိုက်ကျသွားရသည်။

သူ ချက်ချင်းကြီး ကတိမပေးနိုင်ပါ။

"ကိုကို"



www.burmeseclassic.com

www.burmeseclassic.com



ဘာမှ ဆက်မပြောဖို့ သူ လက်ကာပြမိ၏။ ပြီးတော့ သူအံကြိတ်လိုက်သည်။

"ကျွန်တော် ရှင်းပြတာ နားထောင်ပါ"

သုခက သူ့ကို ဝိုင်းစက်သော မျက်လုံးအစုံနှင့် ငေးကြည့်ကာ နေ၏။ ခန သက်ပြင်းရှိုက်သည်။ သူ ပြောပြမှ ဖြစ်မည်။

"ကျွန်တော် . . . ခင်ဗျား လူမှားနေပြီ"

"ဟင်"

သုခက သူ့ကို စူးစူးစမ်းစမ်း ကြည့်သည်။

"ကျွန်တော်က ဝဏ္ဏအစ်ကိုပါ၊ နေတိုးညီပါ"

"ဘာ"

သုခက ဒေါသနှင့် ပြန်မေး၏။

"ဘာဝဏ္ဏလဲ၊ ဘာနေလဲ၊ ကိုကို မုန်လာဥ မလုပ်ချင်ပါနဲ့၊ တိုးညီက တိုးညီပေါ့၊ ကိုကို ရှောင်နေတာ သိတယ်၊ တာဝန်မယူချင်တာလည်း သိတယ်၊ ကိုကို့ကလေးလည်း





မဟုတ်ဘူးလား၊ ပြောစမ်းပါ၊ ကိုကို့ကလေးကို ကိုကို မချစ်ဘူးလား၊ မရဘူး ကိုကို သုခကို လက်ထပ်ပါ၊ သုခတစ်ယောက်တည်းနဲ့ ဆိုင်တဲ့ကိစ္စလား ကိုကို"

"မဟုတ်ဘူး ခင်ဗျား လူမှားနေပြီ"

"တော်တော့ ကိုကို၊ သုခ နားလည်သွားပြီ"

သုခက သူ့ကို အထင်သေးစက်ဆုပ်သလို ကြည့်ကာ နောက်ဆုတ်သွား၏။

"ရတယ်၊ ရပါတယ်၊ ကိစ္စမရှိပါဘူး၊ ကျွန်မအပြစ်နဲ့ ကျွန်မပဲ၊ ကျွန်မခံမယ်၊ ရှင် ဒီလောက်ထိ ကြောက်လန့်သွေးပျက်ပြီး လိမ်ညာလှည့်ဖျားဖို့ မကြိုးစားပါနဲ့၊ ဘာအစ်ကိုလဲ၊ ဘာညီလဲ၊ အပိုတွေ ကျွန်မကို အရူးမလုပ်နဲ့၊ ရှင်ကြည့်နေ၊ ရှင် မလိုချင်တဲ့ကလေးနဲ့ ကျွန်မ အတူတူ သေမယ်၊ ရတယ်"

သုခဆိုသော ကောင်မလေးက ဝရန်တာဘက် ပြေးထွက်သွား၏။

"ဟိတ် . . . ဟာ . . . မလုပ်နဲ့ . . . နေဦးလေ"



www.burmeseclassic.com

www.burmeseclassic.com



ဓနု ကမန်းကတန်း ပြောလိုက်မိသည်။ ဖွတ်တင်း ဖမ်းဆွဲကာ တားမိ၏။

''ခင်ဗျား ဒီလို မလုပ်နဲ့လေ၊ ဒါက အသက်နဲ့ ဆိုင်တဲ့ကိစ္စဗျ၊ အသက်နှစ်ချောင်း ပစ်စလက်ခတ် မဆုံးဖြတ်ပါနဲ့ဗျာ''

''ကိုကို..သူစိမ်းတွေလို လာမပြောနဲ့ မကြားချင်ဘူး သုခကို သေခွင့်ပေးလိုက်ပါ၊ သေမှ အေးမယ်၊ ကိုကို မယူချင်ဘူးမဟုတ်လား၊ သုခကို ပုံတွေပြောပြီး မနှစ်သိမ့်ပါနဲ့''

''မဟုတ်ပါဘူးဗျာ''

ဓနု ရုတ်တရက် သွေးတိုးလာသလို ခေါင်းတွေ မူးနောက်လာ၏။ ဘယ်ကစပြီး ရှင်းပြရမှန်းမသိတော့ပါ။ ဘယ်လိုမှ ပြောမရ ဆိုမရ။

သူ့ အကျဉ်းအကြပ်ထဲ ထွက်ပေါက်မရှိ ပိတ်မိနေပြီ ကောင်မလေးက တကယ်ပဲ ပြောသလိုလုပ်မှာလား။ ခုန်ချလိုက်မှာလား။ မတွေးဝံ့စရာပါလား။ သူ မကြည့်ရက်။

ညကျော်ဝင်းစာပေ



ဘယ်လိုပဲဖြစ်ဖြစ် ရအောင် တားရမည်။

နောက်ကိစ္စ နောင်ရှင်း။

''မင်း သွေးရူးသွေးတန်း ဖွတ်မလုပ်ပါနဲ့''

''ကိုကို သုခကို လက်ထပ်ပါ''

''အေး . . . အေး . . .လက်ထပ်မယ်''

သူ လိုက်လျောမိသည်။ ကောင်မလေး စိတ်ပြောင်းသွားဖို့ပါ။ သို့သော် ထင်သလောက် မလွယ်။ ကောင်မလေးက တစ်ခါတည်းချည်သည်။

''အခုရုံးသွားပြီး လက်မှတ်ထိုးမယ်''

ဓနု ဟူးကနဲ လေပူမှုတ်ထုတ်မိ၏။

မင်းအစား ငါပဲ သေချင်တော့တယ် ကောင်မလေးရေ၊ မင်း ဘာလို့ ဖွတ်တရွတ် နိုင်ရတာလဲ၊ မဆင်မခြင်ဖြစ်ရတာလဲ၊ ခေါင်းမီးတောက်နေချိန်မို့လို့လား။

အခုအချိန်မှာ ချာတိတ်က သွေးပူပြီး ဘာမှ မြင်မှာမဟုတ်၊ ကဲ . . . ဘာလုပ်ရမလဲ။

ညကျော်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



''အေးကွာ . . . လက်မှတ်ထိုးချင်လည်း ထိုးပေါ့''

''တကယ်လား ကိုကို''

သူ ခေါင်းညိတ်လိုက်၏။ ဝဏ္ဏာ ဘယ်နှစ်ခါညာ[illegible] သလဲမသိ၊ ကောင်မလေးက သူ့စကားကို မယုံမရဲ၊ တစ်ပြ[illegible] တည်း ဆုံးဖြတ်သည်။

''ဒါဆို သွားမယ်''

သူ့ကို ချက်ချင်းခေါ်သည်။ သူ့လက်မောင်းကို ဖမ်း[illegible] ပြီး လှေခါးဆင်းသည်။

ဓနု . . . မင်း ဘာတွေ ဖြစ်နေသလဲကွာ။

သူ့ကိုယ်သူ ဆန်းစစ်မိသည်။

သုခ သူငယ်ချင်း ကောင်လေးက သူ့အပေါင်းအသင်[illegible] နှစ်ယောက်နှင့် စောင့်ကာနေ၏။

''သုခ ဘယ်လိုလဲ''

''ကိုကိုက သုခကို လက်ထပ်မယ်တဲ့''

ဓနု ကောင်မလေးကို ငဲ့စောင်းငုံ့ကြည့်မိသည်။





ရင်ထဲမှာ စေတနာလှိုင်းတစ်ခု ဖြတ်သန်းသွား၏။

''ကိုကိုနော်၊ ညာရဲညာကြည့် သုခ တကယ် လုပ်ပစ် မှာ ကြားလား''

သူ့ကို ခြိမ်းခြောက်သည်။

သူ ဘာမှ မတတ်နိုင်။ ဝဏ္ဏာဆီ အမြန်ဆုံး ဖုန်းဆက် အကြောင်းကြားရမည်။

သူ လောလောဆယ် ဘာကိုမှ ရှန်းထွက်မရဲ။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

အပြန်ခရီးမှာ သူမက ပြုံးသည်။

သူမ ကျေနပ်မှုက သူ့ရင်ကို ကြည်နူးစေသည်။

သည်နေရာမှာ သူမကို သူ ကြိုတင်သိမနေခဲ့လျှင် ခုလို လိုက်လျှောနိုင်ပါ့မလား။

သူမကို အစကတည်းက သူသိနေခဲ့သည်။ စိတ်ဝင်စားနေခဲ့သည်။

သူမဟန်ပန်နှင့်အသံကလေး... ပြီးတော့ ထူးဆန်းသော အပြုအမူ။

သူမ မျက်နှာလေးက စောစောတုန်းကလို မဟုတ်ဘဲ



www.burmeseclassic.com

www.burmeseclassic.com



ကြည်လင်ဝင်းပစွာ မျက်လုံးလေးတွေက တဖိတ်ဖိတ် တောက်ပလို့နေသည်။

သူမ သူငယ်ချင်း ကောင်လေးက စိတ်အေးသွားသလို သူ့ကို ကြည့်သည်။

ခင်ဗျား ကျေနပ်ပြီ မဟုတ်လား။

စိတ်ဆင်းရဲတာတွေ ပျောက်သွားပြီ မဟုတ်လား။

''ကိုကို''

ခုမှပဲ ချိုသာစွာ ခေါ်လာ၏။

''အရမ်း ကျေးဇူးတင်ပါတယ်''

''ရပါတယ်''

''ကိုကို ဒီလောက် မြန်မြန်ဆန်ဆန် လိုက်လျောလိမ့်မယ်လို့ မထင်မိဘူး။ အကျပ်ကိုင်သလို ဖြစ်သွားခဲ့ရရင် ဗွေမယူပါနဲ့''

သူ ခေါင်းညိတ်သည်။ သူ့မှာ ဘာမှ ပြောစရာမရှိ။





''ကိုကိုက သူစိမ်းလိုပဲ အေးစက်နေလိုက်တာ''

သူ ခွန်းတုန့်မပြန်။ မျက်နှာပျက်နေမိသည်။

''သုခကို စိတ်ဆိုးနေလား''

''မဆိုးပါဘူး''

ကမန်းကတန်း ခေါင်းခါပြီး စိတ်အေးအေးထားနိုင်ဖို့ ကြိုးစားမိ၏။

အခုလို ကြီးမားသော ပြောင်းလဲမှုကို မိနစ်ပိုင်းအတွင်းမှာ ဆုံးဖြတ်ရလိမ့်မည်ဟု သူ မထင်ခဲ့မိပါ။ မမျှော်လင့်ခဲ့ပါ ဘာတွေဖြစ်ကုန်တာလဲ။

ကြောင်တက်တက်နှင့် ဘုမသိဘမသိ လက်မှတ်ထိုးလက်ထပ်ရတာ။

သူ့အဖြစ်က ဆန်းကြယ်လွန်းလှသည်။

''ကိုကို''

''ဟင်''

''သုခတို့ ဘယ်မှာနေမှာလဲ''



www.burmeseclassic.com

www.burmeseclassic.com



"ဗျာ"

သူ ဘာပြောရမှန်းမသိ၊ ဟုတ်သားပဲ။

အဲဒါတွေ ဘာမှ မစီစဉ်ရသေးပါလား။

"သုခ ဘယ်မှာနေချင်လဲ"

"မသိဘူးလေ"

"မိဘအိမ်မှာပဲ နေပေါ့"

"ရှင် . . . ကိုကို သိပြီးသားတွေတောင် မေ့ကုန်ပြီလား"

ခနဲ့တဲ့တဲ့ အမေးမှာ မခံချင်ဟန်လေးစွက်လျက် သူ့ကို မျက်ရှသွားတာ သူသိသည်။

သူ ဘာမှားသွားသလဲ။

သုခကို သူ့အိမ်ခေါ်သွားလို့မှ မဖြစ်တာ။

သည်လို လက်ထပ်လိုက်တာသိလျှင် အိမ်က သူ့ကို အပြစ်တင်မှာ။

ခွင့်လွှတ်မှာမဟုတ်။





"ဒီလိုလုပ် ကျွန်တော် ခဏပြန်မယ်၊ မနက်ဖြန်မှ လာခဲ့မယ်၊ အေးအေးဆေးဆေး ဆွေးနွေးကြတာပေါ့ မကောင်းဘူးလား"

သုခက မယုံသလိုလေး ပြုံးရင်း . . .

"ကိုကို တကယ်လာမှာမို့လို့လား"

သူ နာကျင်စွာ ပြုံးမိသည်။ သူ့ကို မယုံပါလား။ မဟုတ်သေးဘူး။ ဝတ္တာကို မယုံရဲတာ။

"ပြန်ချင်လည်းပြန်လေ၊ သုခဆီ တကယ်ပြန်လာနော်၊ ဘယ်အချိန်လာမှာလဲ"

"မနက်ပိုင်းလာရမလား၊ ညနေပိုင်းလာရမလား"

သူ့စကားကြောင့် သုခက နှုတ်ခမ်းလေးကွေးအောင် ပြုံးမိသည်။

"သုခစောင့်နေမယ်၊ ကိုကိုလာဖြစ်အောင်လာဖို့ပဲ"

"အိုကေ"



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ကို ကြည့်နေသော မျက်လုံးကလေးတွေက သဘောကား ကိုယ်သိသည်။ ကောင်းတော့ ကောင်းသည်။

ဝဏ္ဏကို ယုံလွယ်ခဲ့လို့ ဒုက္ခရောက်နေရတာ မဟုတ်လား။

''ကိုကို့ နာမည်က ခနတိုးညီနော်၊ အခုမှပဲ သိတော့တယ်၊ သုခက တိုးညီပဲ သိတာ''

သူ . . . ဝဏ္ဏကို အကြီးအကျယ် စိတ်ကုန်မိတော့သည်။

ထင်ရာမြင်ရာတွေ လျှောက်လုပ်၊ နေချင်သလိုနေ၊ တွဲချင်တဲ့ကောင်မလေးတွေတွဲ၊ ဘာတွေလဲကွာ။ သည်လို ထင်တိုင်းကြဲခွင့် မပြုသင့်တော့ပေ။

''ဘယ်အချိန်လာမှာလဲ၊ တိတိကျကျပြောလေ''

ခနတိုးညီက သက်ပြင်းရှိုက်သည်။

မလာဘဲနေလို့ ရမလား။





သူ့ အစစအရာရာ တာဝန်ယူဖို့ ကတိပေးခဲ့ပြီးပြီပဲ။

''မနက်ပိုင်းပဲ လာခဲ့မယ်၊ မကောင်းဘူးလား''

သုခက ခေါင်းလေးညိတ်ပြသည်။

''ဒါဆို ပြီးရော သုခတို့ ပြန်မယ်''

''အခု ဘယ်သွားမှာလဲ''

တကယ်မသိ၍ မေးတာကို သုခက မျက်စောင်းရွယ်သည်။ နောက်တော့ ရယ်သည်။ ပြီးမှ . . .

''တစ်ခြား ကမ္ဘာလေ၊ ကိုကို သုခကို ထားခဲ့လို့ မရအောင် နှစ်ယောက်တည်းရှိတဲ့ကမ္ဘာ၊ တူနှစ်ကိုယ်တိုင်းပြည် သွားမယ်''

နောက်ရွှတ်ရွှတ်လုပ်၏။

ပြီးတော့ သူ့ပခုံးကို ခေါင်းလေးမှီချလိုက်ကာ . . .

''ဘယ်သွားရမှာလဲ၊ သုခနေတဲ့အဆောင်ပေါ့'' ဟု ဆိုပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ခန... သုခဆိုသော ကောင်မလေးကို လှည့်ကြည့်မိသည်။ သုခက သူ့အပေါ် တရင်းတနှီး ဟုတ်တာပဲ၊ လက်ထပ်ပြီးကြပြီ။

သူတို့က ဇနီးမောင်နှံ။

မဟုတ်ပါဘူး။ ဒါအမှန်မှ မဟုတ်ဘဲ။

ဒါတွေအားလုံး ဝဏ္ဏကို ပြောပြရမည်။

သူ သက်ပြင်းရှိုက်သည်။

"ကိုကို"

သူကပြန်မထူးမိပေ။

"ကိုကိုက အေးစက်စက်နဲ့"

နှုတ်ခမ်းလေးစူကာ မကျေမနပ် ဖြစ်နေ၏။

"ဟိုတုန်းက ဒီလိုမဟုတ်ပါဘူးနော်၊ စကားတွေ ရွှန်းရွှန်းဝေအောင် ပြောပြီး အမျိုးမျိုး ညာတတ်တယ်"

သည့်ထက် သူမကို ကျေနပ်အောင် ဘာလုပ်ပေးရမလဲ။





"ကိုကို"

"ဟင်"

သည်တစ်ခါတော့ ပြန်ထူးမိအောင် ကြိုးစားရသည်။

"ဗိုက်ဆာတယ်"

ဟုတ်သားပဲ၊ သူ မေ့နေတာ။ တစ်ခုခုစားကြဖို့ သူ စီစဉ်ရမှာပါ။

သူ့စိတ်တွေ ဂယောင်ချောက်ချားနှင့် ဘာတွေဖြစ်နေမှန်းကို မသိပါ။

"ကိုယ်တို့ တစ်ခုခု ဝင်စားရအောင်"

သူက ချက်ချင်း ဆုံးဖြတ်လိုက်၏။ သုခက ကလေးငယ်တစ်ယောက်လို ခေါင်းညိတ်သည်။

"ဟဲ့ . . . နေမင်း၊ ထမင်းစားမယ်၊ နင့်သူငယ်ချင်းတွေပါ ခေါ်လေ"

ဟု သုခက ဝမ်းသာအားရ ဆိုသည်။



www.burmeseclassic.com

www.burmeseclassic.com



သူက စားသောက်ဆိုင်ဘက် လျှောက်လာပြီး အစွန် စားပွဲတစ်ခုမှာ ဝင်ထိုင်၏။

"ဘာစားမလဲ . . . မှာလေ"

"ကိုကိုမှာပါ"

"နေမင်းရေ . . ဒါ သုခနဲ့ ကိုကို မင်္ဂလာဦးထမင်း နော်၊ အားမနာနဲ့ အဝစား သိလား"

သုခအသံလေးက ချိုချိုချွဲချွဲ . . . အမြူးလွန်နေသည်။

သူမက သူ့ကို မျက်လွှာလှန်ကြည့်ရင်း ပြုံးပြ၏။

"ကိုယ်တော့ ကော်ဖီပဲ၊ ညီလေးတို့ စားချင်တာ မှာပါ၊ သုခ မှာလေ"

သုခက ဆတ်ကနဲလှည့်ကြည့် အံ့သြနေပြန်သည်။

ဘယ်တုန်းက ကော်ဖီသောက်လို့လဲ၊ သည်နေ့မှ ထူးထူးဆန်းဆန်း။

သူတို့ စားပွဲဝိုင်းလေးက ထူးခြားစွာ တိတ်ဆိတ်နေ၏။





သူကလည်း ဘာစကားမှ မပြောမိ။ ဖြေစရာလည်း မရှိပါ။

ပြီးတော့ သုခနှင့်သူက ခုမှ သိကြတာပါ၊ သုခ အကြောင်းတွေ သူဘာမှ မသိ။ နေမင်းကတော့ ဘေးလူမို့ ငြိမ်သက်နေတာ မဆန်း။

"ကိုကို . . . ဘဲပေါင်းစားမယ် မဟုတ်လား၊ မှာလိုက် မယ်လေ"

"မစားဘူး"

"ဟင် . . . ဘာလို့လဲ"

သူ ဘဲပေါင်း လုံးဝ မကြိုက်ပါ၊ ဘယ်လို ပြောရမလဲ။

"သုခ စားချင်မှာလေ"

"ကိုကိုလည်း စားရမယ်"

သူ့ကို မကျေနပ်သလိုလေး ကြည့်ရင်း နှုတ်ခမ်းစူနေ သည်။

သုခရယ် . . .



www.burmeseclassic.com

www.burmeseclassic.com



ခက်ပါလား။

ဘာလေးမှန်းလည်း မသိဘူး။

သူ့မျက်နှာက အလိုလို ပြုံးလာရသည်။

ခဏအခိုက်အတန့်တော့ စိတ်ညစ်စရာတွေ မေ့လျော့သွားရသည်။

"သုခ စားပါ"

ကော်ဖီသောက်နေသော သူ့ကို သုခစိတ်တိုမိ၏။

"ကြည့်လို့ မရတော့ဘူး"

မမျိုသိပ်နိုင်ဘဲ သူ့ကို ပြောလာ၏။

သူ ဖွဖွပြုံးမိပြီး ဘာမှ ပြန်မပြော။

ဟိုးတစ်ရက်တွေ့ခဲ့တုန်းကတော့ သိပ်မကြာခင် တစ်ရက်မှာ အထူးတဆန်း မယုံနိုင်လောက်စရာတွေ ကြုံရမယ်လို့ မသိသေးပါ။

"ယောက်ျားတွေက အပြောင်းအလဲမြန်လွန်းတယ်၊





အခုကြိုက်တယ်၊ တော်ကြာ မကြိုက်ဘူး၊ အခုမကြိုက်ဘူး၊ တော်ကြာ ကြိုက်တယ် အမျိုးမျိုးပဲ"

သူက ပခုံးမြှင့်ပြမိသည်။

သူ . . သူမစကားလေးကို ပြုံးမိပြန်သည်။

"ကြာလာရင် ရိုးအီတယ်၊ ညည်းငွေ့တယ်၊ အပြောင်းအလဲကို တမ်းတတတ်ကြတာပဲ"

သူမ ရင်ကို ထိခိုက်ပါစေတော့ဟု တမင်ပြောတာ မဟုတ်ပါ။

သူမှားသည်။

သုခမျက်နှာကလေး ပျက်သွားတော့ သူ ဒနောင်တ ရမိသည်။

သူ စကားပြောမှားသွားသည်။

"ရိုးအီတယ်၊ ညည်းငွေ့တယ်ဆိုတာ မိန်းမတစ်ယောက်အပေါ်မှာ ဖြစ်သင့်တဲ့ကိစ္စလား၊ မေတ္တာဆိုတာ မရှိ



www.burmeseclassic.com

www.burmeseclassic.com



တော့ဘူးလား၊ လူဆိုတာ ခံစားချက်ရှိတယ်၊ မာနရှိတယ် မေတ္တာတရားလည်း ရှိတယ်''

ဒေါသပါသော အသံလေးနှင့် ပြောတော့ သူ ငြိမ်နေမိသည်။

''ဟုတ်ပါတယ်''

သူက အလျှော့ပေးသော အသံနှင့်ပြောပြီး ''ကိုယ် ထမင်းစားမယ်၊ ဘဲပေါင်းစားမယ်၊ အတူတူစားတာပေါ့'' ဟု ဆိုမိသည်။

''ရှင့်ကို လာတွေ့ဖို့လဲ မရည်ရွယ်တာ အမှန်ပါပဲ ဒါပေမယ့် အကြောင်းကြောင်းကြောင့် ရှင့်ဆီလာရတာ သူ့ နှလုံးသားမှာလည်း ဒဏ်ရာနဲ့ပါပဲ''

သူ မသက်မသာ သက်ပြင်းရှိုက်၏။

သုခကိုလည်း ခပ်ကြာကြာပဲ ငေးစိုက်ကြည့်မိသည်

ခနက နေမင်းတို့ သုံးယောက်ကို အားနာစွာ လှမ်းကြည့်ပေမယ့် သူတို့နှင့် မဆိုင်သလို ထမင်းစားနေကြသည်





''သုခ''

သူ စေ့စေ့ကြည့်ကာ ခေါ်တော့ မျက်နှာလွှဲနေသည်။

''ကိုယ့်ကို ခွင့်လွှတ်ပေးပါ''

သူ တောင်းပန်မိ၏။

ညီ ဝဏ္ဏတိုးညီ ကိုယ်စား တောင်းပန်တာပါ။

ဝဏ္ဏ အရမ်းမှားသည်။ သူများ သားသမီးကို ကိုယ်ချင်း မစာနာစွာ ဒုက္ခပေးလွန်းသည်။

''တောင်းပန်ဖို့ မလိုပါဘူး၊ တာဝန်ယူရင် ပြီးရော၊ ကောင်မပြေးရင် ပြီးရော၊ ခုတစ်မျိုး အိမ်ရောက်တော့ တစ်မျိုး လုပ်ပါနဲ့ ယောကျ်ားပီပီ ကတိတည်ပါ''

အေးစက်စိုလက်သော မျက်ဝန်းတစ်စုံသည် သူ့နှလုံးသားကို မွန်းကြပ်စေသည်။ နာကျင်စေသည်။

မျက်ရည်တွေ ချက်ချင်းလို ဝေ့တက်လာတာမို့ သူ အပေါ် စိတ်နာခြင်းတစ်ဝက်နှင့် လက်ထပ်တာပါလားဟု အလည်မိသည်။

www.burmeseclassic.com



နာကြည်းမှုက အထင်အရှား။

"ရှင့်ကို ဘယ်တော့မှ မယုံတော့ဘူး၊ အားလည်း မကိုးဘူး၊ မလွဲမရှောင်သာလို့သာ ရှင့်ကို လက်ထပ်တယ် ဆိုတာ နားလည်ထားပါ"

"သုခရာ၊ ပြီးခဲ့တာတွေ ပြန်မပြောနဲ့တော့လေဟာ ထမင်းစားတော့လေ"

နေမင်းက သတိပေးဟန့်တားသလို ဝင်ပြောသည်။

သုခက ပတ်ဝန်းကျင်ကို မေ့လျော့ကာ စိတ်လွတ် ကိုယ်လွတ် ပြောနေသည်။

သည့်ထက် ပြင်းထန်တဲ့စကားတွေ အထိနာစေမယ့် စကားတွေ သူမပြောသင့်သည်။ သို့ပေမယ့် သူ့ကို မဟုတ် ဝဏ္ဏကို . . .။

"စိတ်ထိန်းလေဟာ၊ နင်တို့ လက်ထပ်ပြီးပြီပဲ"

"လက်ထပ်လိုက်ရုံနဲ့ ငါက ကျေလိုက်ရမှာလား တစ်သက်လုံး မကျေနပ်ဘူး၊ ခွင့်မလွှတ်ဘူး၊ ငါ တကယ်





စိတ်နာတယ်သိလား နေမင်း သူ့ကြောင့် ငါ ဘယ်လောက် ငိုခဲ့ရသလဲ၊ ဘယ်လောက် စိုးရိမ်ခဲ့ရသလဲ၊ နင်သိပါတယ် ဟယ်"

သူ့ကို ရှေ့မှာထားပြီး နေမင်းကို ရင်ဖွင့်နေသည်။

သူ မျက်နှာပူ အနေခက်စွာ ထိုင်နေရင်း . . . သူမ ကျေနပ်အောင် ဘယ်လို နှစ်သိမ့်ရမှန်းလည်း မသိပါ။

"သုခ"

ခနက တိုးသက်သက်ခေါ်သည်။

"နောက်နေ့မှ ဆက်ပြော"

"တစ်ခုတော့ ကျွန်မ သေချာမှာလိုက်မယ်နော်၊ ရှင် ဆက်ဆက်ပြန်လာပါ"

သူ ခေါင်းညိတ်မိသည်။

"မလာရင် ရှင်သိပါတယ်၊ သုခအကြောင်း" ဟု တစ်ဆက်တည်း ခြိမ်းခြောက်သည်။



www.burmeseclassic.com

www.burmeseclassic.com



သည်တစ်ခါတော့ သူအကြီးအကျယ် တုန်လှုပ်သွားရပြီ။ သူကဖြင့် စေတနာနှင့် ကူညီချင်တာပါ။

သူမက သူ့ကို မယုံ၊ စိတ်နာနေသည်။ နည်းနည်းလေးမှ အမှားမခံ။

''သုခ . . . ကိုယ့်ကို မပြန်စေချင်တာလား''

သူ သေချာအောင် မေးမိသည်။

''အမလေး မမေးပါနဲ့၊ ပြန်ချင်ရင်ပြန်ပါ၊ မတားပါဘူး၊ ကျွန်မကို နောက်ထပ်တစ်ကြိမ် ရှောင်ပုန်းနေရင်တော့ မလွယ်ဘူး''

ဖြစ်မှဖြစ်ရလေကွာ။

ဓနု . . . ဆိုတဲ့ကောင်က ဒီလိုလူစားမဟုတ်ဘူး။

သူ . . သူမကို လက်လျှော့အရှုံးပေးကာ ခေါင်းရမ်းမိသည်။

''သုခ မယုံလဲ စောင့်ကြည့်ပေါ့၊ မနက်လင်းတာနဲ့ ရောက်လာမယ်''





''ကြည့်ရသေးတာပေါ့''

''ကိုယ့်ကို ရန်သူကြီးလို မဆက်ဆံပါနဲ့၊ လောလောဆယ် ကိုယ်လက်ထပ်လိုက်တာ အိမ်က မသိသေးဘူး၊ ပြီးတော့ ဗြုန်းစားကြီး ကိုယ့်ဘက်ကို နည်းနည်း နားလည်ပေးပါကွာ''

''အမှန်တရားတွေကို မင်း မသိသေးဘူး သုခ၊ အဲဒါကြောင့် နည်းနည်းပါးပါး အချိန်ယူ စဉ်းစားချင်တာ စိတ်ချပါ၊ ကိုယ်ပြန်လာမယ်''

သူပိုင်ပိုင်နိုင်နိုင် ကတိပေးမိသည်။

အပြန်လမ်းမှာ သုခက စကားတစ်ခွန်းမှမဆို။

ဓနက သုခမျက်နှာကလေးကို ကြည့်ကာ ကြည့်ကာ နှုတ်ဆက်စကားပင် မဆိုရဲ။

''ဒီစာချုပ်တွေ သုခပဲ ယူထားလိုက်မယ်''

စိတ်မချသလို ဆို၏။

''ရပါတယ်''



www.burmeseclassic.com

www.burmeseclassic.com



ဓနု ခေါင်းညိတ်လိုက်သည်။

"စိတ်ချပါ သူခက ရှင့်လောက် မယုတ်မာဘူး။ အကြံ မပက်စက်ဘူး"

ဓနု ဘာမှ မပြော၊ ငုံ့ခံနေလိုက်သည်။

ပြောချင်သလိုသာ ပြောပါစေ။

"ကိုကို" ဟု ညင်ညင်သာသာခေါ်ပြီး ရွှန်းရွှန်းလဲ့လဲ့ ကြည့်တတ်တာလည်း သူမ။

"ရှင်..ရှင်" ဟု လက်ညှိုးထိုးပြီး ရန်တွေ့နာကြည်း နေတာလည်း သူမ။

သူမ ဆက်ဆံရေးက နှစ်မျိုးဖြစ်လာနေ၏။

◆ ◆ ◆



"ဟာ . . . မင်း ဘာတွေ လျှောက်လုပ်တာလဲ" ဟု ဝဏ္ဏက အော်သည်။

"ငါ သူ့ကို လက်ထပ်လိုက်တာမှားလား"

"ဒီလောက် ချက်ချင်းကြီးကွာ၊ မင်းရူးနေပြီ၊ မင်း ရှောင်ပြေးရမှာ၊ ရအောင် ရုန်းထွက်ရမှာ၊ ကိုကိုဟာကွာ၊ သွားပြီး မင်းဇာတ်မင်းဆက်ကနေဘ်၊ ငါနဲ့မဆိုင်ဘူး"

"ညီ"

သူပြတ်သားအေးစက်စွာ ခေါ်မိ၏။

"ငါ မေမေပေးစားတဲ့ မိန်းမပဲ ယူမှာကွ၊ ငါ သူခကို



www.burmeseclassic.com

www.burmeseclassic.com



မယူနိုင်ဘူး။ မင်းလက်ထပ်ရဲ့မှတော့ မင်းပဲ စောင့်ရှောက်လိုက်ပါ၊ ငါနဲ့ ဘာမှ မဆိုင်တော့ဘူး''

ဝဏ္ဏာက အထိတ်တလန့် ငြင်းသည်။ အကြောက်အကန် ငြင်းသည်။ လုံးဝ တာဝန်ယူမည့်ပုံမရှိ။

ဂရုစိုက်မည့်ပုံမရှိ။ ပစ်စလက်ခတ်လုပ်လွန်းသည်။ ရက်စက်လွန်းသည်။

သူ ဒေါသတွေ မွှန်ထူသွားမိ၏။ ညီအရင်းကို သူ နားမလည်နိုင်။

''ငါ သူ့ကို လက်ထပ်နိုင်လို့ လက်ထပ်လိုက်တာပါ။ မင်း ဒီလောက် သွေးပျက်မနေပါနဲ့''

''ဘာ''

ဝဏ္ဏတိုးညီက ဒေါသနှင့် အော်လိုက်၏။

''မင်းဟာက အဓိပ္ပါယ်မရှိ၊ တစ်ယောက်အကြောင်း၊ တစ်ယောက် မသိဘဲနဲ့များ''





''အကြောင်းသိစရာ မလိုပါဘူး''

''အင်းလေ . . . မင်းကျေနပ်ရင် ပြီးတာပဲ''

''ငါ့ကို သူက ချက်ချင်းကြီး ဆုံးဖြတ်ခိုင်းတယ်''

''ဘာလို့ ချက်ချင်းဆုံးဖြတ်ခိုင်းရတာလဲ၊ မင်း ရှင်းပြပေါ့ ကိုကိုရ၊ မင်းရည်းစားမှ မဟုတ်ဘဲ''

''သူက ငါ ကတိမပေးရင် ခုန်ချပစ်တော့မယ်တဲ့''

''မင်းအရူး . . . ယုံစရာလား၊ မင်းကို အကျပ်ကိုင်တာ၊ ခြိမ်းခြောက်တာ၊ သူလား အဲဒီလို လုပ်မှာ''

''တကယ်လုပ်လိုက်ရင်ရော''

မေးတာကို ဝဏ္ဏာက မဖြေ။ ခဏကြာမှ . . .

''မင်း အနေသာကြီး၊ မင်းနဲ့မှ မဆိုင်တာ၊ ဂရုစိုက်စရာလား'' ဟု တရားလက်လွှတ် ပြောလာ၏။

သူ အရမ်းစိတ်ပျက်သွားသည်။ ဆက်ပြောချင်စိတ်ပင်မရှိ။

''ငါ . . . သိပ်မပြောချင်ဘူးကွာ၊ မင်းသာဘာပဲ''



www.burmeseclassic.com

www.burmeseclassic.com



ဝဏ္ဏာတိုးညီက အသံတိတ်သွား၏။ ပြီးမှ . . .

"အင်းလေ ထားပါတော့ . . . မင်း ဘာဆက်လုပ်မလဲ ကိုကို" ဟု မေးသည်။

"မင်းပြန်လာမှာလား၊ ဒီကိစ္စကို တာဝန်ယူ ဖြေရှင်းမှာလား"

"No ... No လုံးဝ မဖြစ်နိုင်ဘူး"

"ပြီးရော . . . မင်းပြတ်ရင် ပြီးရော"

ဓနတိုးညီက ဖုန်းကို ခွပ်ကနဲ ချပစ်လိုက်သည်။ ဆက်ပြောနေလည်း အကြောင်းမထူး။

သူ အရမ်း စိတ်ပျက်သည်။ သည်လိုသာဆို သူ့ကိစ္စ သူ ဆက်ရှင်းရတော့မည်။

◆ ◆ ◆



"ငါကွာ . . . အံ့သြတယ်၊ မြန်လိုက်တာ"

ဝင်းခန့်က အားကျသလို ဆို၏။

"ဒီကောင် အရင် စွံသွားတယ်ကွ"

"ငါ အထင်မကြီးပါဘူး"

ဉက္ကာက မခံချင်စွာ ရှုံ့ချ၏။

"အလောသုံးဆယ် အပူတပြင်းကြီး မိန်းမယူတာ၊ မစူးစမ်း မဆင်ခြင် မလေ့လာပဲနဲ့"

ဟုတ်တော့ဟုတ်သည်။

သည်နှစ် သည်လ သည်ရက်မှာ မိန်းမတစ်ယောက်ကို လက်ထပ်ဖို့ သူ လုံးဝ မရည်ရွယ်ခဲ့ပါ။ ခေါင်းထဲ မရှိခဲ့ပါ။



www.burmeseclassic.com

www.burmeseclassic.com



မြားနတ်မောင်က သုခဆိုသော ကောင်မလေးကို သူ့ရှေ့ဘွားကနဲ တွန်းပို့လိုက်တာပါ။ သုခ သူ့ကို ဖွတ်လက် ထပ်ခိုင်းတာ။

ရှင်းပြခွင့်ပင်မပေး။

သူ ဘယ်လို ပြောပြော လက်မခံ။

"မင်း ဘာဆက်လုပ်မလဲ"

"အင်း... ငါ စီစဉ်ရမှာပေါ့၊ အစစအရာရာ လိုအပ် တာတွေ ကူညီပါကွာ"

"အကူအညီလိုမှ သူငယ်ချင်းတွေ သတိရ၊ လက် ထပ်တုန်းကဖြင့် သတိမရဘူး"

"မဟုတ်ပါဘူးကွာ"

"လုပ်မနေပါနဲ့၊ သိပြီးသားပါကွာ"

သူတို့က အဖြစ်မှန်ကို မသိတော့ အပြစ်တင်ချင် သည်။ ဘာတွေဖြစ်ခဲ့သလဲဆိုတာ သူပဲသိသည်။





ပြောပြလို့လည်း မရ၊ ရင်ထဲမှာ သိမ်းထားရသည်။ အတင်းအကြပ်၊ ငြင်းမရသော အနေအထားမှာ သူ လိုက် လျောခဲ့ရတာပါ။ သူမို့လို့သာ။

ဝဏ္ဏကို သည်လိုသွားလုပ်လျှင် ခံမှာမဟုတ်။ ရန် ဖြစ်ကုန်မှာ။ အခုပဲ ကြည့် ဝဏ္ဏလေသံက ရိုက်ပေါက်၊ သူ လည်း မှားသေး၊ သူပဲ အထက်စီးနင်း သုခနှင့် သူမ သူငယ်ချင်း နေမင်းတို့ကို လွှန်လိုက်တာဟုလည်း ပြောလို့ မရ။ အမှန်တကယ် လွှန်တာက ဝဏ္ဏပါ။

"ငါ့ကို ခွင့်လွှတ်ကွာ၊ မင်းတို့ကို ငါ တမင်ချန်ထား တာ မဟုတ်ပါဘူး၊ တိုင်ပင်ချိန် မရလိုက်တာပါ"

"ထားပါတော့"

"အေးလေ၊ ခုမှတော့ မင်း ပြောသမျှ ယုံရမှာပဲ ဓနရ"

သူငယ်ချင်းနှစ်ယောက်က မကျေမနပ်။



www.burmeseclassic.com

www.burmeseclassic.com



သူတောင်းပန်ရုံသာ ရှိသည်။ အရေးဆို ခနမှာက သည်သူငယ်ချင်းနှစ်ယောက်ပဲ တိုင်ပင်စရာရှိတာ။

ဘယ်မှာနေမလဲ၊ ဘာတွေ ဘယ်လို စီစဉ်မလဲ၊ အားလုံး သူ့ခေါင်းပေါ်မှာ... သူဘာလို့ ဝဏ္ဏ ကောင်မလေးကို လိုလိုချင်ချင် ကယ်တင်ကူညီချင်မိသလဲ။

ရင်ထဲမှာ အတိုင်းမသိ သနားသည်။

သူကလေး တစ်ခုခုဖြစ်သွားမှာလည်း စိုးရိမ်သည်။

သူ့ကိုသူ သည်တစ်ခါ တကယ် နားမလည်တော့ပါ။

◆ ◆ ◆



"ဟင်... တိုက်ခန်း ငှားနေမယ် ဟုတ်လား"

ယုံတစ်ဝက် မယုံတစ်ဝက်နှင့် မေးလာသူကလေးကို ခန ခေါင်းညိတ်ပြလိုက်၏။

ဝဏ္ဏက ကျောရရုံကြံတာလား၊ အပျော်တွဲတာလား သူမသိပါ။ သူကတော့ စောင့်ရှောက်ပေးချင်သည်။ သူမ ဘဝလေးကို အေးမြစေချင်သည်။

သူ ပြတ်ပြတ်သားသား ဆုံးဖြတ်ပြီးပြီ။

ဝဏ္ဏကလည်း သည်ကိစ္စကို ရှောင်ယွက်သွားခဲ့ပြီ။

သုခက တွေးဆဆ ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



"ပိုက်ဆံ ကုန်မှာပေါ့"

"ပြီးတော့... သူငယ်ချင်းတွေ ဖိတ်ပြီး ထမင်းကျွေးရမယ်"

"သဘောပဲလေ၊ ကိုကို့သဘောပါ"

သူနူးညံ့စွာ ပြုံးမိသည်။

သုခက သူ့ကို မမြင်ဘူးသလို ငေးနေလိုက်တာ။

"ဘာမှာမလဲ၊ မှာလေ"

"ရပါတယ်၊ အိမ်က စားခဲ့သေးတယ်"

"ဟုတ်လား"

ဂျင်းဘောင်းဘီရှည်ကလေးနှင့် Twin အကျီနှစ်ထပ်ကလေးနှင့် သူမပုံစံက ချစ်စရာလေးပါ။

သူမက သူ့ကို မော့လှည့်ကြည့်နေသည်။

"တကယ်ပဲ၊ ရှင်ပြောနေတာတွေ နားရှိလို့သာ ကြားနေရတာ၊ သုခတစ်ချိန်လုံး ရှင်နဲ့ ရန်ဖြစ်ရမယ်ပဲ ထင်ထားခဲ့တာ"





သူ သက်ပြင်းရှိုက်သည်။

သူမက စိတ်ထဲရှိသလို ပွင့်လင်းစွာ ပြောလာ၏။

"ရှင် သုခကို လက်ထပ်ခဲ့တယ်၊ စောင့်ရှောက်မယ်၊ အဲဒါတွေအတွက် ခေါင်းထဲ မှတ်ထားမှာပါ"

ဓနက သုခကို ကြည့်ပြီး သေသေချာချာ ကတိပေးမိ၏။

"အရာအားလုံး သုခ စိတ်ကြိုက် ဖြစ်အောင် ကိုယ်သုပ်ပေးမှာပါ"

သုခက သူမ လက်ဖမိုးလေးကို သူမလက်နှင့် ဆိတ်ကြည့်သည်။

"ဟုတ်မှဟုတ်ရဲ့လား၊ အိပ်မက်မက်နေတာလား"

သူ ဘယ်တုန်းကစပြီး သည်လောက် သဘောကောင်းသွားတာလဲ၊ ကြင်နာတတ်သွားတာလဲ။

"ရှင့်အိမ်ကရော သဘောတူပါ့မလားဟင်"

စိုးရိမ်စွာ မေးကြည့်မိ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဒါ သူတို့ကိစ္စမဟုတ်ပါဘူး၊ ကိုယ့်မှာ ဆုံးဖြတ်ပိုင်ခွင့် ရှိပါတယ်၊ ကိုယ်သဘောကျတဲ့ မိန်းမ ကိုယ့်ဟာကိုယ် ယူတာ၊ ဒါကြောက်စရာ မဟုတ်ပါဘူး"

ကြားရတာတွေ အရမ်းထူးဆန်းနေတော့ သုခ ယုံယုံ မယုံနိုင်တော့ပါ။

ဘာတွေဖြစ်ကုန်ပြီလဲ။ သည်လို အင်အားတွေ သတ္တိတွေ ပြတ်သားမှုတွေ ဘယ်က ရလာသလဲမသိ

"သုခအနားမှာ ကိုယ်ရှိနေမယ်"

"ဒါပေမယ့် ရှင့်ကို ခွင့်မလွှတ်ချင်ဘူး"

"ဘာလို့လဲ"

သူ အထိတ်တလန့် မေးမိသည်။

ကိုယ်ဝန်ရှိနေပြီလို့ သိရတော့ သူ့ကို နာကြည်းပေမယ့် လက်ထပ်မှဖြစ်တော့မည်ဆိုတာ သိလာရသည်။

"ရှင် ဘာလို့ သုခကို သည်းခံနေတာလဲ နားမလည်ဘူး"





"သုခကို သနားလို့ပေါ့"

"ဟာ. . . ဟ . .ရယ်ရတယ်၊ ရှင့်မှာ ကရုဏာတရား ရှိသေးတာကိုး"

သူက မျက်နှာပျက်နေသည်။

"တစ်ချိန်ချိန် သုခ ရှင့်ကို ထားသွားခဲ့ရင်လဲ အပြစ်မတင်နဲ့၊ ခံနိုင်ရည် ရှိအောင် ကြိုးစားပေါ့"

"သတ္တိရှိရင် ထားခဲ့ကြည့်လိုက်လေ"

သူက စိန်ခေါ်သည်။ ပြီးမှ တစ်ချက်ရယ်ကာ . . .

"မရမက လိုက်ချော့ခေါ်မှာပေါ့" ဟု သူက ဆို၏။

"သုခကိုယ့်ကို မုန်းလား"

သုခက သူ့ကို ဆတ်ကနဲ မော့ကြည့်သည်။

အမြတ်တနိုး ငေးကြည့်နေသော သူ့မျက်လုံးတွေနှင့် ဆုံရခိုက်မှာ ပက်ကနဲ ပြောပစ်ဖို့ စိတ်ကူးမိတာလေး လွင့်ကနဲ ပျောက်ကုန်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့ကို အားနာမိသလိုလို မပြောရက်သလိုလို။ အဲဒီလို ဖြစ်ရသော စိတ်ကို သုခ မကျေနပ်ချင်ပါ။

''သုခရယ် ကိုယ့်ကို စိတ်ဆိုးပြေပါ၊ စိတ်ထဲမှာ မျက်နေတာရှိရင်လဲ ပြေလိုက်ပါ''

သုခ သူ့အပေါ် ရိုင်းပျ စော်ကားနေမိသလား။

ရင်ထဲမှာ မခံချင်စိတ်နှင့် တမင် ပြောနေမိတာပါ။

မုန်းလို့တော့ ဟုတ်ပါ့မလား ကိုကိုရယ်၊ ရှုံးမတတ် ချစ်ခဲ့ဖူးတာပါ။ ချစ်ရမှာလည်း ကြောက်သွားမိပါပြီ။

ဒါပေမယ့် မုန်းလို့တော့ မရသေးတာ တကယ်ပါ ချစ်နေတုန်းပဲ။

''ကိုယ့်ကို မုန်းနေလား''

သူ ထပ်တစ်ခွန်းမေးမှ . . .

သုခက မဖြေချင်သလို မျက်နှာလွှဲပစ်သည်။

သူက သုခ မျက်နှာလေးကို ဖွတ်လိုက်ကြည့်ရင်း မေး၏။





''နည်းနည်းတော့ အမုန်းဖြေလိုက်ရပါမလား'' တဲ့။

သူက ပခုံးတွန့်သည်။

သူက အံကြိတ်ကာ မျက်လုံးပြူးကြည့်သည့် စောင့်စည်းထိန်းချုပ်မှုတွေ ဘယ်က ရောက်လာသလဲ။

သုခကို မြတ်နိုးစုံမက်လှသလို ငေးနေတာ။

ဘာပြောပြောသည်းခံနားထောင်တတ်တာ။

သုခ အိပ်မက်လှလှ မက်နေတာလား။

ဘာသဘောနှင့် သဘောကောင်းပြနေတာလဲ။ အကြံအစည်တစ်ခု ရှိနေပြီလား။

''သုခ ကိုယ့်ကို မယုံသင်္ကာဖြစ်နေလား''

''ဟင်''

သုခ စိတ်ထဲက အတွေးကို သူက နားလည်နေပြန်သည်။

''အံ့သြနေတာပါ''



www.burmeseclassic.com

www.burmeseclassic.com



သံသယတွေးတွေ ဖျောက်ဖျက်ပစ်လိုက်စမ်းပါ ကောင်မလေးရယ်။

မင်းလေးအနားမှာ အမြဲရှိပြီး အားပေးကြင်နာစောင့်ရှောက်သွားမှာပါ။

မင်း ယုံကြည်ပေးပါ။

''ဝဏ္ဏ မင်း အနားကို ရောက်လာချိန်အထိ သန့်ရှင်းဖြူစင်စွာ ရိုးရိုးသားသားစောင့်ရှောက်ပေးပါ့မယ်''

နောက်ဆို ကိုယ်တို့ ဘဝလေးက သာယာလာမှာပါ။

♦ ♦ ♦



သူငယ်ချင်း အပေါင်းအသင်းတွေအတွက် သီးသီးသန့်သန့် လုပ်ပေးသော လူငယ်ဝိုင်း (Dinner) အပြီးမှာ သူ နှင့်ကိုကို အိမ်ကို ပြန်လာခဲ့ကြသည်။

သူခတို့ တိုက်ခန်းကလေးက သုံးလွှာ၊ သုံးထပ်မြောက်အခန်း၊ ထိုအခန်းကလေးကို နေလို့ အဆင်ပြေရုံ ပြင်ဆင်ခဲ့ကြသည်။

တက်တက်ကြွကြွနှင့် တိုက်ခန်းကလေးကို လိုအပ်တာတွေ ပြင်ဆင်၊ ဝယ်ခြမ်းနေတော့ သုခ ရင်ထဲမှာ လှုပ်ရှားတုန်ရီလာမိသည်။

www.burmeseclassic.com

www.burmeseclassic.com



သည့်လိုတော့လည်း သူ ငါ့ကို ချစ်ပါလားဟု ယုံကြည်ချင်ချင် ဆိုပေမယ့် သူ သစ်စိမ်းချိုးချိုး ဖွဲ့ဖူးတာမို့ ရင်ထဲ တစ်နေရာမှာ မှတ်မိနေပါ၏။

မေ့ပစ်လို့ မရ။

သူမတို့ နေထိုင်သော အခန်းလေးကို ရောက်တော့မှ သူမ ခုံတစ်လုံးမှာ ဝင်ထိုင်ပြီး နားမိသည်။

"မောနေပြီလား" ဟု သူက မေးပါသည်။

"ခဏနေဦး၊ ကိုယ် ကော်ဖီဖျော်ပေးမယ်" ဆိုတော့ သုခ သူ့ကို ငေးငေးစိုက်စိုက်ကြည့်ကာ နေမိပါသည်။

သူက တကယ်ပဲ သုခအတွက် ကော်ဖီဖျော်ပေးသည်။

"ရှင်ရော မသောက်ဘူးလားဟင်" ဟု မေးဖြစ်သေးသည်။

"မသောက်တော့ဘူး"

သူက ပြန်ဖြေသည်။





"သုခ ပင်ပန်းရင် အိပ်တော့လေ"

"ဟုတ်တယ် ဒီနေ့ ပင်ပန်းတယ်"

သူက သုခနှင့် ခပ်လှမ်းလှမ်းမှာ ရပ်နေ၏။

"သုခ ကျေနပ်ရဲ့လား"

သူ့အမေးကို မဖြေဘဲ မျက်နှာလွှဲနေတော့ သူက ထပ်မေးသည်။

"သုခ ပျော်ရဲ့လား"

"ရှင်ရော . . . ရှင်ပျော်လား"

သူက ဟက်ကနဲ ရယ်သည်။ ပြီးတော့ ခပ်ဖြည်းဖြည်း ခေါင်းခါပြ၏။ သုခက စဉ်းစဉ်းစားစား ပြောလာ၏။

"ရှင်က အမြတ်တနိုး လိုလိုလားလား လက်ထပ်ခဲ့တာမှ မဟုတ်ဘဲ အဲဒါကို သုခ မမေ့ပါဘူး၊ ဒါပေမယ့် ရှင့်အပြစ်အတွက် ရှင်ပေးဆပ်ရတာပဲ"

"ဟုတ်ပါတယ်"

သူက ရှင်းရှင်းဝန်ခံသည်။



www.burmeseclassic.com

www.burmeseclassic.com



"သုခရယ် ကိုယ် အရမ်းပျော်ပါတယ်"

"အဟင်း . . . သုခကို လှည့်စားဦးမလို့လား"

သူ့ကို တစ်စက်မှ မယုံကြည်တာ ရင်နာနာနှင့် သိလာရသည်။

"အစတုန်းကတော့ ရှင် ဘာပြောပြော ယုံခဲ့တယ်"

"ကဲပါ ကော်ဖီသောက်လိုက်လေ"

"အင်း . . . တစ်ယောက်တစ်ဝက် သောက်မယ်"

"သုခ အရင်သောက်ပါ"

"ဟင့်အင်း . . . ရှင် အရင်သောက်"

"ဟာကွာ . . . သုခ သောက်ပါဆို"

"မရဘူး . . . ရှင် အလျှော့ပေးရမယ်"

"ကိုယ် သုခကို လက်ထပ်ပြီးပြီလေ"

"မရပါဘူး၊ ဘာမဆို အလျှော့ပေးရမယ်"

"ရော့ပါ . . . သုခသောက်"

"ဟင့်အင်း"

ဉာဏ်ဝင်းစာပေ



ကော်ဖီခွက်ကို ဟိုဘက်တွန်း သည်ဘက်တွန်းနှင့် ကော်ဖီတွေ မှောက်သွား၏။

"ဟင်"

"ဟာ . . သွားပြီ"

"ရှင် ပူသွားပြီလား"

"အား . . . ပူတာပေါ့"

"အင်္ကျီမြန်မြန်ချွတ်လေ"

သူက ရှပ်အင်္ကျီကြယ်သီးတွေ ကမန်းကတန်းဖြုတ်ပြီး ဝတ်ထားသော စွပ်ကျယ်ပါ ချွတ်လိုက်၏။

"ဟင်"

သုခ မျက်လုံးတွေ မယုံနိုင်လောက်အောင် ပြူးကျယ်ဝိုင်းစက်သွား၏။ အပူလောင်ထားတာ ကြည့်ပေးဖို့ပင် မေ့သွားရသည့်အဖြစ်၊ ခေါင်းထဲမှာ မိုက်ကနဲဖြစ်သည်။

ဘုရားရေ . . .

ဘာတွေဖြစ်ကုန်ပြီလဲ။

ဉာဏ်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



ထည်ချောင်းတစ်လျှောက် ခြောက်သွေ့လျက် ရင်ထဲမှာ နှင့်နေသည်။

ကယောင်ကတမ်းနှင့် မတ်တပ်ထရပ်သည်။

မျက်စိတွေ ပြာဝေကာ ဘာမှ မမြင်ချင်။

"သိပ်မများပါဘူး၊ နည်းနည်းပဲ သုခ စိတ်မပူပါနဲ့"

သုခ ကျောက်ရုပ်လို ငြိမ်သက် တောင့်တင်းစွာ ရပ်နေမိသည်။ စကားပင် မပြောနိုင်။

ကိုကို့ခါးဘေးက ဒဏ်ရာရော . . .

ကိုကို ပြောပြဖူးသော ဓားဒဏ်ရာ အမာရွတ်။ အခုတော့ ဘာလို့ မရှိတော့တာလဲ၊ တကယ်ဆိုသည့် ဒဏ်ရာ အမာရွတ်က သေရာပါ။ ဘယ်လိုမှ မပျောက်နိုင်။

သုခ ရင်ထဲမှာ မွန်းကြပ်ကြပ်နှင့် ဘယ်လိုကြီး ဖြစ်လာမှန်းမသိ။ သူက အပူလောင်သွားတာကို ရေသွားဆေးသည်။

"ဘာဆေးထည့်ရမလဲ" ဟု လှမ်းမေးသည်။





သုခ မဖြေနိုင်ပါ။ ကြက်သေသေနေမိသည်။ ငိုင်တွေနေမိသည်။ ဘယ်လိုမှ နားမလည်နိုင်။

"ဒါလား . . . အဲဒါ ဓားဒဏ်ရာကွ၊ ကိုကို့သူငယ်ချင်းက ကောင်မလေးတစ်ယောက်ကို ရီသွဲ့သွဲ့ သွားလုပ်တာ၊ အဲဒီ ကောင်မလေးရဲ့ ရည်းစားက မကျေနပ်လို့ ဓားနဲ့ ထိုးတာ ကိုကို့ကို မတော်တဆ ထိမိခဲ့တာလေ" ဟု ရှင်းပြခဲ့သော သူ့စကားများကို ကြားယောင်လာမိသည်။

"ဒဏ်ရာက ရုပ်ဆိုးလိုက်တာ" ဟု သုခ ပြောခဲ့ဖူးသည်။

အခုတော့ ထိုဒဏ်ရာမှာမတွေ့။

စိတ်လှုပ်ရှားလွန်းသဖြင့် သုခ အသက်ရှူမဝချင်ပါ။

"သုခ ဘာဖြစ်လို့လဲ စကားလည်းမပြောဘူး။ နေမကောင်းဘူးလား"

"အင်း"

ခပ်လေးလေး ဖြေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



ရင်ထဲမှာ မရှင်းလင်း။

ကိုကိုမဟုတ်တဲ့ တခြားတစ်ယောက်ကို သုခ လူမှား ပြီး လက်ထပ်မိပြီလား။

အစကတည်းက သိသင့်တာ။ စိတ်တွေ ထူပူပြီး သေချာ အကဲမခတ်မိခဲ့တာပါ။

သူ ကိုကိုမှ မဟုတ်ဘဲ။ ဒါဆို သူ ဘယ်သူလဲ။

အလွဲကြီးလွဲပြီ။ အမှားကြီး မှားပြီ။

ကိုကို မဟုတ်ဘဲ သုခကို ဘာကြောင့် လက်ထပ် ရတာလဲ။

သုခ ရင်ထဲ ပူပြင်းလာရသည်။ လှိုက်ခါလာရသည်။

''သုခ''

သူကစိတ်ပူသလို ခေါ်ကြည့်၏။

သူ့ကို တစ်ခါမှ မမြင်ဘူးသူလို ငေးစိုက်ကြည့်နေ မိ၏။





ရှင် . . . ဘယ်သူလဲ။

ရှင် . . . ဘာလို့ သုခ စီစဉ်သမျှ ငြိမ်နေရတာလဲ။

''ဒီမှာ တွေ့လား။ ပါးပါးလေးပါ ရှိသွားတာ''

သူက အရေးမကြီးသလို ပေါ့ပေါ့ပါးပါးပါပဲ။

''အိပ်တော့လေ၊ ညဉ့်နက်ပြီ''

သူ့စကားကို သုခ ခေါင်းညိတ်မိသလား၊ ခေါင်းခါ သလားမသိ။

စိတ်သက်သာရာရနိုးနှင့် ဝရန်တာဘက် ထွက်ရပ် သည်။

''သုခ''

''ဟင်''

''အိပ်မပျော်ဘူးလား''

သုခ သူနှင့်အကြည့်ချင်း မဆုံရဲတော့ပါ။ မျက်လွှာ ချထားမိပါသည်။

''အိပ်ပျော်အောင်အိပ်လိုက်ပါလား''



www.burmeseclassic.com

www.burmeseclassic.com



''ဟုတ်ကဲ့''

သူ့စကားကြောင့် အိပ်ရာပေါ် တက်လာခဲ့ပေမယ့် ရင်ထဲမှာ တဆတ်ဆတ်တုန်နေဆဲပါ။ အိပ်ဖို့ ဖွတ်ကြိုးစား ပေမယ့် အိပ်မပျော်။

သူက တစ်ဘက်အစွန်နရှိ ဒရင်းဘက်ခ်ပေါ်မှာ သွား အိပ်သည်။

''Good Night''

သူက ဘေးတစ်စောင်းလှဲကာ အိပ်ရင်း ပြုံးစစနှ နှုတ်ဆက်၏။

''ကိုယ့်ကို ပြန်မပြောဘူးလား''

သုခက သူ့ကို ငေးငေးငိုင်ငိုင်ကလေးသာ ကြည့်နေ မိပါ၏။

သူ . . . ဘယ်သူလဲ။ ကိုကို မဟုတ်ရင် သူ ဘယ်သူ လဲ။ သူ ဘယ်သူဖြစ်မလဲ။





အိပ်မောကျနေသာသူ့ကို ငေးကြည့်ပြီး ပင့်သက် အခါခါရှိုက်မိ၏။

မှားသွားပြီ ထင်တယ် နေမင်းရယ်။

သုခနဲ့ သူနဲ့ ဘာဆိုင်လဲ။

သူကရော သုခကို ဘာလို့ လက်ထပ်ပါလိမ့်။

သူ့ကြည့်ရတာ ရိုးရိုးအေးအေး လူကောင်းတစ် ယောက်ပါ။ ခုမှ ဘာတတ်နိုင်မှာလဲ။

သူ့အပေါ် တရားရဲ့လား။

စိတ်တွေကို လျှောပစ်ချင်ရသည်။

ဘာပဲဖြစ်ဖြစ် သူ့ကို ဘယ်လိုရင်ဆိုင်ရမလဲ။

''ဟာ . . . မအိပ်သေးဘူးလား''

သူက တအံ့တသြနှင့် မျက်လုံးဖွင့်ကြည့်ကာ မေး၏။

သူ့ကို မကြည့်ဘဲ တစ်ဖက်လှည့်အိပ်မိ၏။

''သုခ နေကောင်းရဲ့လား''

''ဟင့်အင်း''



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့လဲ၊ ကိုယ် ဘာလုပ်ပေးရမလဲ"

"ရပါတယ်"

မျက်လုံးလေး ထောင့်ရွှေ့ရင်း သူ့ကို မသိမသာ ခိုးကြည့်မိသည်။ ရှင် ဘယ်လိုလုပ်ပြီး သုခအနားကို ရောက်လာခဲ့တာပါလိမ့်။

ရှင်းရှင်းလေးပါ။ သုခ ဖွတ်ခေါ်လို့သာ မလွှဲသာ မတတ်သာ ရောက်လာရတာပါ။

'ရှင် ဘယ်သူလဲ' ဟု မမေးရဲပါ။ စိတ်ထဲမှာတော့ ရှုပ်ထွေးနောက်ကျိနေ၏။

◆ ◆ ◆



နောက်တစ်နေ့မှာ သုခ နေမင်းဆီ ဖုန်းဆက်၏။ သိပ်မကြာဘဲ နေမင်း ရောက်လာခဲ့ပါသည်။ နေမင်းနှင့်သုခ ဝရန်တာထွက်ကာ စကားပြောမိ၏။

"နေမင်းရေ"

"ဘာလဲဟ၊ ဘာဖြစ်နေတာလဲ၊ ဖြူဖတ်ဖြူရော်နဲ့"

"နေမင်းရေ"

"ပြောပါဟ မြန်မြန်ပြော"

"အဲဒီလူ ကိုကို မဟုတ်ဘူး"

"ဘာ . . . ဘယ်လို"



www.burmeseclassic.com

www.burmeseclassic.com



သူ့စကားကြောင့် နေမင်း မျက်လုံးပြူးသွား၏။

"သူ . . . ကိုကို မဟုတ်တာ သေချာတယ်"

"နင် ဘာတွေ ပြောနေတာလဲ၊ ဘယ်လိုလုပ်ကြ မလဲဟင်"

နေမင်းလည်း ဘာမှ မပြောနိုင်ဘဲ နှုတ်ဆိတ်နေ၏။

"ဒါဆို သူ ဘယ်သူလဲ"

"ငါလည်း မသိဘူး"

"နေပါဦးဟာ၊ ငါ ခေါင်းတွေ ပူနေပြီး ဘာလုပ်ရမလဲ"

"မြန်မြန်စုံစမ်းပေးပါ၊ သုခတို့ လူမှားနေပြီဟဲ့"

"သူ့သူငယ်ချင်းတစ်ယောက်ယောက်ကို ဖုန်းဆက် မေးကြည့်ရမလား"

"ဘယ်မှာလဲ ဖုန်းနံပါတ်"

"မထူးပါဘူး၊ သူ့အိမ်သွားမေးမယ်"

"အင်း"





"ခဏစောင့်"

"စောင့်နေမှာပေါ့"

နေမင်းကို ပြောလိုက်မှ ဝန်ပေါ့သွားသလိုပါ။

သူက ထွက်လာပြီး နေမင်းကို နှုတ်ဆက်သည်။

နေမင်းက မလုံမလဲပြုံးရင်း . . .

အားနာပါးနာနှင့် ပြန်နှုတ်ဆက်၏။

"သုခ . . . နေမင်းကို တစ်ခုခု ကျွေးဦးလေကွာ"

"ဟုတ်သားပဲ၊ နေမင်း ဘာစားမလဲ"

"ရပါတယ်ဟာ၊ မလုပ်ပါနဲ့ တကူးတက ငါ အခု ပြန်မှာပါ"

"ပြန်တော့မလို့လား"

အလျင်စလိုကြီးပါလား။

သူက နားမလည်သလို မေးလာတော့ နေမင်းက ပြန်မဖြေတတ်။



www.burmeseclassic.com

www.burmeseclassic.com



"နေမင်းမှာ ကိစ္စရှိလို့ပါဆို"

"ဩော် . . . ဟုတ်လား"

သူဟာ ကိုကို့လို မဟုတ်၊ အမြဲပဲ ယဉ်ကျေးနူး သည်။

တည်ကြည်အေးဆေးပြီး ကြင်နာစိတ်ရှည်သော ယောကျ်ားတစ်ယောက်။

"ကဲလာ . . . တစ်ခုခု သွားစားမယ်"

သူ့ပုံစံနှင့် သူ့ဟန်ပန်က သုခကို အမြဲတမ်း အလျှော ပေး အလိုလိုက်ကာ စိတ်ဆင်းရဲအောင် ဘယ်တော့မှ မလု ဟု ဆုံးဖြတ်ထားပုံ။

ဘာမှ နားမလည်နိုင်အောင်ပါလား ရှင်ရယ်။

သည်အနေအထားကို သုခ ကျေနပ်သင့်သလား

ဝေခွဲမရ။ သုခကို သနားလို့ လိုက်လျှောခဲ့တာလား

"လာလေ၊ ဘာတွေ စဉ်းစားနေတာလဲ၊ ငိုင်တွေတွေ နဲ့"





"အဟင်း"

သုခ အရှက်ပြေ ရယ်မိသည်။

"ကိုယ့်အကြောင်းတွေ စဉ်းစားနေတာလား။ ဘယ်လို ရန်တွေ့ရင် ကောင်းမလဲ၊ ဘယ်လို နှိပ်စက်ရင် ကောင်းမလဲ"

"ဟုတ်တယ်"

သူက ပခုံးမြှင့်ရင်း . . .

"ကိုယ်က အကြားအမြင်ရပြီးသား" ဟု အရွှန်း ဖောက်၏။

"ကဲ . . . ဆို . . . ဘာရန်တွေ့မလို့လဲ၊ ကိုယ် ဘာ မှားပြန်ပြီလဲ" တဲ့။

"သုခပြောသမျှ အင်း . . အင်း . . . ခေါင်းညိတ်ပြီး မှ ထသွားမလို့လား"

သူ မျက်နှာကွက်ကနဲ ပျက်၏။

ပြီးမှ . . .



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ရင်ဟုတ်မှာပေါ့"

ဟု ပေါ့ပေါ့ပါးပါး ဆိုသည်။

"သုခကို ဂရုစိုက်တာ အယုံသွင်းနေတာလား"

သူက နှုတ်ဆိတ်နေသည်။

"ဘာစားမလဲ စဉ်းစားထား၊ ဘယ်ဆိုင်သွားမလဲ ပြော"

သူက သုခကို အရိပ်လိုကြည့်ကာ အကြိုက်ဆောင်တော့မည့်ဟန်။

သုခ ကံကောင်းတာလား။

နေမင်း ပြန်လာမှ သူ ဘယ်သူလဲ သိရမှာပါ။

ဘာပဲဖြစ်ဖြစ် သုခတို့ သူ့အပေါ် အများကျူးလွန်မိခဲ့ရတာ ငြင်းမရ။

သူက သုခကို ပြောခဲ့သည်။

သူက ခနတိုးညီ ပါတဲ့။





သုခ လူမှားနေတာပါတဲ့။

အဲဒီအချိန်တုန်းက ထူပူပြီး မယုံခဲ့ပါ။

အခုမှပဲ မှားမှန်းသိတော့သည်။

ပြင်ရခက်သော အမှားမျိုး။ သုခကို ဘာလို့ မငြင်းဘဲ လိုက်လျောခဲ့တာလဲ။

အဲဒါကို နားမလည်။

သူနှင့်သုခ မုန့်စားနေတုန်းမှာပဲ နေမင်းက ဖုန်းဆက်လာသည်။

သူက နေမင်းမှန်းသိတော့ Hand phone ကို သုခဆီ လှမ်းပေး၏။

"သုခ သူငယ်ချင်း"

ရင်ခုန်မြန်စွာ လက်ဖျားတွေပင် အေးစက်သွားရပါသည်။

နေမင်း ဘာတွေသိခဲ့ပြီလဲ။ သုခ ချက်ချင်းပဲ သူနှင့် ခပ်လှမ်းလှမ်းကို ထလျှောက်သွားမိသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့ကို မသိမသာ ကြည့်မိ၏။ သူကြားသွားမှာ စိုးလို့ပါ။

"နေမင်း"

"အေး . . သုခ"

"ဘာတွေသိခဲ့လဲဟင် . . . သူ ကိုကို မဟုတ်ဘူးလား"

"အေး . . . ဟုတ်တယ်"

သေချာသွားတော့ သုခ ရင်ထဲ လှိုက်ဟာသွားရပါသည်။

"သူ ဘယ်သူလဲ၊ ဘာလို့ သုခကို လက်ထပ်ခဲ့တာလဲ၊ သုခတို့ ဖွတ်တရွတ်လုပ်တာကို ငုံ့ခံနေတယ်နော်"

"သူက သုခချစ်သူရဲ့အစ်ကို"

နေမင်းစကားကို ငြိမ်ငြိမ်ကလေး နားထောင်နေမိ၏။

"နှင့်ကို သနားလို့လား၊ သူ့ညီရဲ့ 'ဇ' ကို သိလို့လား တစ်ခုခုပဲ သူ တာဝန်ယူထားတာပဲ၊ နှင်စိတ်မပူပါနဲ့"





"ငါ အားနာတယ်"

"သုခတို့က သူတို့ ရှင်းပြခွင့်မပေးဘဲ ဖွတ်လုပ်ခဲ့တာ ဒါကို သူ ခွင့်လွှတ်ပါ့မလား"

"ငါ ဘာဆက်လုပ်ရင်ကောင်းမလဲ"

"မသိသလို ဆက်နေပေါ့"

"ဖြစ်ပါ့မလား"

"သူ ဘာစီစဉ်ပေးမလဲ၊ ဘာပြောမလဲ စောင့်ကြည့်ပေါ့"

"သူ ခဏစောင့်ရှောက်ထားတာလား၊ မသိဘူး"

"ဟုတ်မှာပေါ့"

"ငါ ရှက်တယ် နေမင်းရဲ့စိတ်လည်း မကောင်းဘူး"

"ဟန်မပျက်နေ"

"ပြီးတော့ သူ အနေတည်တယ်"

"ဟုတ်တယ်၊ အရမ်းအားနာစရာကောင်းတယ်"



www.burmeseclassic.com

www.burmeseclassic.com



"နင်တို့ လက်ထပ်တာ သူ့အိမ်က မသိသေးဘူးဟ"

"ဟုတ်လား"

ခေါင်းထဲမှာ ရှုပ်ထွေးလွန်းနေသည်။

ခုထက်ထိတော့ သူက အေးအေးဆေးဆေး ပြေပြေ လည်လည်ပါပဲ။

"ငါ့ကို သူတစ်မျိုး ထင်မှာပဲနော် နေမင်း"

တွေးမိလေ သူ့ကို ရှက်အားနာမိ၏။

"သူနဲ့ဘာမှ မဆိုင်ဘဲ သူ့ကို အားနာတယ်၊ သနားတယ်၊ မတရားသလို ဖြစ်နေပြီနော်"

"ဒါကတော့ . . . သူ ကိုယ်တို့အလို လိုက်လျောတာပဲ"

နေမင်းက တိုးသဲ့သဲ့ရယ်သည်။

"စိတ်ရှုပ်ရတဲ့အထဲ နင်က ဘာလို့ ရယ်တာလဲ"

"ရယ်စရာဖြစ်နေတာကိုးဟ"



BURMESE CLASSIC



"အေးလေ . . . ဟုတ်ပါရဲ့ ရှုပ်ကုန်ပြီ"

"လောလောဆယ်ဆယ် အလိုက်အထိုက် နေပေါ့"

"အေးပါဟယ်"

သုခ ဖုန်းပြောပြီးမှ သူ့ဆီ ပြန်လျှောက်လာ၏။

သူက အလိုက်တသိနှင့် ဘာမှ မမေးပါ။

သုခကို အနှောင့်အယှက် မဖြစ်စေချင်ပုံ။

"နေမင်း လာမယ်တဲ့လား"

"ဟင့်အင်း မလာပါဘူး"

"ကိုယ့်အိမ်ကို ဖွင့်ပြောမှ ဖြစ်တော့မယ်"

သူက ယတိပြတ် ဆုံးဖြတ်ထားသလို ဆိုပါသည်။

"မပြောရဲသေးလို့ ဒီလောက်ကြာနေတာလား" မေးမိ၏။

"သုခ . . . ကိုယ်တစ်ခါမှ အိမ်ကို မဆန့်ကျင်ဖူးဘူး။ မိသားစုကို အသိမပေးဘဲ ဘာမှ မလုပ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"မပြောချင်လဲ သဘောပါ၊ သုခ ဇွတ်မတွန်းပါဘူး"

"ပြောမှာပါ၊ မပြောမပြီး မတီးမပြည့်ကိစ္စပဲ"

သုခ နှုတ်ခမ်းလေးတွေ ပြုံးလာရသည်။

ကိုကိုလို ညစ်ထေးလှည့်ဖျား ရက်စက်တတ်သော ချစ်သူနှင့် လမ်းခွဲခဲ့ပြီးမှ သူ့လို ဖြောင့်မတ်သန့်ရှင်း ကြင်နာတတ်သော လူတစ်ယောက်ကို လက်ထပ်ခဲ့မိသည်။

သူ့ကို အလွန်အမင်း လေးစားမိသည်။

ကျေးဇူးလည်း တင်မိ၏။

တကယ်ပါပဲနော်။

ရှင်ဟာ သုခဘဝရဲ့ အလင်းတန်းတစ်ခုပါ မှောင်မဲနေတဲ့ ကမ္ဘာထဲကို စူးစိုက်ဖြာကျလာတဲ့ အလင်းတန်း . . .။

ထိုအလင်းတန်းကို သုခ မက်မောသည်။

မြတ်နိုးသည်။ အားကိုးသည်။

♦ ♦ ♦



BURMESE CLASSIC

သုခ နိုးလာလာချင်း မျက်နှာကျက်ဖြူဖြူကို မော့ကြည့်ကာ ငြိမ်နေမိ၏။

သူ့အိပ်ရာဆီ လှမ်းကြည့်မိသောအခါ သူမရှိ။ သူက နက်အစောကြီး နိုးသည်။

ရေချိုးခန်းထဲမှာ သူ့လှုပ်ရှားမှု သဲ့သဲ့ကို ကြားရ၏။

သူစိတ်ထဲမှာ ဘာတွေဖြစ်နေလဲ။ ဘယ်လိုခံစားနေရလဲ။

သုခအပေါ် ကျေနပ်ရဲ့လား။

သူ့ညီ ဝဏ္ဏတိုးညီကိုရော သူအပြစ်တင်နေမှာလား။



www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့နေ့ တစ်ချိန်ချိန် သုခကို ဝဏ္ဏတိုးညီဆီ သူ ပြန်ပေးမှာမဟုတ်လား။

ခဏသည်းခံစောင့်ရှောက်ထားရတာ သူ အလွန်တရာ စိတ်ရှုပ်နေမှာလား မသိပါ။

တကယ် အားနာပါတယ်ရှင်ရယ်။

သည်အတိုင်း မသိသလို ဆက်ပြီး နေရတာ အဓိပ္ပါယ်ရှိပါရဲ့လား။

မှားနေပြီလား။

လွဲချော်မှုတစ်ခု . . . ဒါကို သူက မဖြေရှင်း။

သုခ ဘာလုပ်ပေးရမလဲ။

ရှင် သိပ်နစ်နာနေပြီ။

သုခအပေါ် ကောင်းကင်ပေါ်က 'လ' ကြီးတစ်စင်း ကြွေကျလာသလို ထင်ပေမယ့် ရှင့်အဖို့တော့ ချောက်ကမ်းပါး တစ်ခုထဲ ပြုတ်ကျသလိုများ ဖြစ်နေပြီလား။





သက်ပြင်းဖွဖွရှိုက်ရင်း မျက်လုံးကို ခပ်ဖြည်းဖြည်း မှိတ်ထားမိသည်။

သူက ရေချိုးခန်းထဲမှ ထွက်လာပြီး မီးဖိုဆောင်မှာ ကော်ဖီဖျော်နေသည်။

သုခနိုးသွားပြီဆိုတာ သူ မသိသေးပါ။

သူက သုခကို မနှိုး။

သူ့လှုပ်ရှားမှုက တိုးတိုးတိတ်တိတ်။ သုခနိုးသွားမှာ စိုးရွံ့သလို။

ဒါဟာ မြင့်မြတ်သော ကြင်နာခြင်းပါပဲ။

သူက အခန်းထဲ ပြန်ဝင်လာပြီး အင်္ကျီရှာရင်း သုခ နိုးနေတာ သိသွား၏။

"နိုးလာပြီလား၊ Good Morning"

သူက ရွှန်းရီငေးစိုသော မျက်လုံးတစ်စုံနှင့် ရယ်မြူးလိုက်လှဲသော နှုတ်ခမ်းတစ်စုံနှင့် နှုတ်ဆက်လာ၏။

"အိပ်လို့ ကောင်းရဲ့လား"



www.burmeseclassic.com

www.burmeseclassic.com



"အင်း . . . ရှင် နိုးနေတာ ကြာပြီလား"

"ကြာပြီ၊ တစ်ယောက်တည်းဆိုတော့ ဘာလုပ်ရမှန်း မသိဘူး"

"ကိုကို"

ကိုကိုမဟုတ်မှန်း သိပါလျက်နှင့် ရင်ထဲ မြတ်နိုးစွာ ခေါ်မိ၏။

"ဟင် . . . ဘာလဲ သုခရဲ့"

သုခ သူ့ကို စိုက်စိုက်ငေးငေးကြည့်ကာ ဘာပြောရ မှန်း မသိတော့ပါ။

ထိုအချိန်မှာပဲ ဖုန်းမြည်သံကြားရသည်။

သူက ဖုန်းကိုင်ပြီး 'အိမ်က' ဟု သုခကို အသိပေး သည်။

မျက်လုံးလေးပြူးကာ လန့်ဖျပ်သွားမိ၏။

သူ့ကို ဆူမှာလား၊ အပြစ်တင်မှာလား၊ သားအဖြစ်က စွန့်လွှတ်တာတို့ ဘာတို့တော့ မလုပ်လောက်ဘူး ထင်ပါရဲ့





အစိုးရိမ်လွန်ကာ တွေးပူမိသည်။

မျက်နှာလေး မှုန်ကုတ်ကာ သူ့ကို ကြည့်နေမိ၏။

သူ့မျက်နှာကြီး ပျက်နေတာ မြင်ရတော့ သနားလည်း သနား ရယ်မိသည်။

သုခ . . . သူ့အနီးလျှောက်သွားပြီး သူ့လက်ဖျံကို ဆုပ်ကိုင်ထားမိ၏။

သူက ဖုန်းပြောပြီးသောအခါ သုခကို နှစ်သိမ့်အား ပေးသလို ပြုံးပြ၏။

"ဘာတဲ့လဲဟင်"

"ရပါတယ်၊ အခြေအနေကောင်းပါတယ်၊ ဘာမှ ဆိုးဆိုးဝါးဝါး မရှိပါဘူး၊ မပြောမဆို လုပ်ရကောင်းလားလို့ အပြစ်တင်တာပေါ့"

"ဒါပေမယ့် . . . ရှင် ကျွန်မကို ထားမသွားဘူး မဟုတ်လား"

"လောလောဆယ် ထားမသွားပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"နောက်တော့ရော"

"မသိသေးဘူး"

မရေမရာဖြေတော့ ရင်လေးမိသည်။

"မနက်စောစော ဘာတွေလျှောက်မေးနေတာလဲ။ အိပ်ရာနိုးလာပြီး မျက်နှာလည်း မသစ်သေးဘူး"

သူက စကားလမ်းကြောင်းလွှဲသည်။

သူက ချက်ချင်းပဲ သုခကို လက်ကလေး ဆွဲခေါ်၏။

"မုန့်စားမယ်၊ ကော်ဖီသောက်မယ်၊ မျက်နှာသစ်တော့"

"အင်း"

သူ့စကားကို စောဒက မတက်ဘဲ နားထောင်မိပါသည်။

♦ ♦ ♦





ကိုကို့ Hand phone လေးက မီးပြာကလေး လင်းပြီး ချစ်စရာ တေးသွားကလေး ထွက်ပေါ်လာတော့ သုခ လှမ်းကြည့်မိပါသည်။ ကိုကိုက ရေချိုးနေတုန်း။

ကိုကို့ ဖုန်းကို သုခကိုင်သင့်ရဲ့လား။

အို . . . ကိုကိုနဲ့ သုခတို့ဇနီးမောင်နှံတွေပဲ ကိုင်ခွင့်ရှိပါသည်။

သုခ ဆုံးဖြတ်ပြီး ဖုန်းကလေးကို ကောက်ယူဖွင့်ထူးလိုက်၏။ ဖုန်းခေါ်သူက ကောင်မလေးတစ်ယောက်ပါ။

"ကြော့ပါ၊ ခုနဲ့ ပြောချင်လို့" ဟု သိမ်မွေ့နူးညံ့စွာ



www.burmeseclassic.com

www.burmeseclassic.com



ခွင့်တောင်းလာသောအခါ သုခလည်း အလိုက်သင့်ပဲ။ "ရေချိုး နေလို့ပါ၊ ခဏနေမှ ပြန်ခေါ်မလား" ဟု ဆိုရတော့သည်။ ဘာကိစ္စကြောင့်ပဲဆက်ဆက် ထိုအသံကို သုခမကြိုက်တာ အမှန်ပါ။

"ကြော့ဆိုသော ကောင်မလေး၏ အသံမှာ ခနတိုးညီဆိုသော်လည်း ကိုကိုနှင့် အင်မတန်ရင်းနှီးတာ ပိုင်စိုးပိုင်နင်း ရှိလှတာ ပေါ်လွင်၏။

ဒါကို သုခ အလိုမကျချင်။

ကိုကို ရေချိုးခန်းထဲက ထွက်လာပေမယ့် ဖုန်းလာတာ သုခမပြောဖြစ်ပါ။

ထပ်တစ်ကြိမ် ဖုန်းမြည်လာမှပဲ ကိုကိုသည်။

"အေး...ဟုတ်တယ်၊ စောစောက ရေချိုးနေတာ ဟုတ်တယ်လေ၊ သူမဟုတ်လို့ ဘယ်သူရှိရဦးမလဲ၊ ငါ့မိန်းမ ပေါ့"

ကိုကိုအသံက တက်ကြွကြည်လင်နေ၏။





သုခက ဧည့်ခန်းမှာ မယောင်မလည်နှင့် နားစွင့်နေမိပေမယ့် ဝရန်တာက စကားသံတွေကို သေချာ မကြားရ တစ်စွန်းတစ်စပဲ ကြားရပါသည်။

"ရုတ်တရက်ကြီးနော်၊ ယုံတောင် မယုံဘူး"

"အင်း"

ခနက တစ်ချက်စဉ်းစားသည်။ ကြော့ကို သူ ဘာပြောသင့်သလဲဆိုတာ..။

သူနှင့်ကြော့က ဘာမှ မဆိုင်ဘူးဆိုပေမယ့် နည်းနည်းတော့ မျက်နှာပူပါသည်။

"ကြော့ နေကောင်းရဲ့လား"

သူတစ်ခွန်းတော့ မေးဖြစ်၏။

"အင်း... ကောင်းပါတယ်"

တစ်ခွန်းမေးပြီး ဘာဆက်မေးရမှန်းမသိ၊ ကြော့က ပဲ ဆက်မေးလာသည်။

"ခနတို့ ခု ဘယ်မှာနေလဲဟင်"



www.burmeseclassic.com

www.burmeseclassic.com



"အင်း... ကျောက်မြောင်းဘက်မှာ လာခဲ့ဦးလေ"

"ခနက ဘာလို့ ကိုယ့်အိမ်ကိုယ် မနေတာလဲ"

"ဘယ်ဖြစ်မလဲ၊ အိမ်ထောင်ကျမှတော့ သီးသန့်နေရမှာ"

သူ့စကားကို ကြော့က ရယ်သည်။ နာကျင်သော ရယ်သံများလား။

"သုခအကြောင်း တစ်ခါမှလည်း ခနု မပြောဖူးဘူး"

ကြော့က စဉ်းစဉ်းစားစား ဆိုလာ၏။

သူ ဘယ်လို ဖြေရမှန်းမသိပါ။ အကြောင်းစုံကို ပြောဖြစ်လို့ မဖြစ်။

သူက သုခအကြောင်း ဘာမှမသိ။

ကြော့က သုခကို သိနေသလား။

မေးချင်ပေမယ့် မမေးချင်။

သုခအကြောင်းတွေကို သူက သိသလိုလိုပဲ နေချင်သည်။





"သုခက အရမ်းမာနကြီးတယ့်ဆို ..ဟုတ်လား"

"ဒီလိုပါပဲ"

"သူ့အဖေ နောက်မိန်းမယူရမလားဆိုပြီး လှည့်တောင်မကြည့်ဘဲ ထွက်သွားတာ"

"ဩော်"

"သုခက သူဌေးသမီးပဲ အစက ..."

ခနတိုးညီ နားထောင်နေလိုက်၏။ မမေးဘဲ ပြောလာတော့ အဆင်ပြေသည်။

"ဘယ်သူနဲ့မှ တွဲတာလဲ မတွေ့ဘူး၊ ခနနဲ့ အကြာကြီး မကြိုက်ဘဲ ယူတာလားဟင်"

"အင်း ... သိပ်မကြာဘူး"

"ထူးဆန်းနေတယ်၊ ခနု ချက်ချင်းကြီး ဘယ်လိုလုပ်ချလိုက်တာလဲလို့"

ကြော့က ဖြစ်ပျက်သမျှကို အံ့သြနေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟိုဘက်က အဖေမသိသေးဘူး ထင်တယ်နော် သုခ ကံကောင်းပါတယ်"

"ဘာလို့လဲ"

"ခနကို ရတာလဲဟာ"

"အင်း . . . ဟုတ်မှာပေါ့"

"ကြော့ ဘာလက်ဖွဲ့ရမှာလဲ ခန"

"ရပါတယ်၊ နေပါစေဟာ"

"မဟုတ်တာပဲ"

"လုပ်ပြီ . . . ကြော့နဲ့ တစ်ရက်လောက် ဆုံပြီး မိတ်ဆက်ပေးမယ်"

"အဲဒီလိုမှ ပြောပါ့မလားလို့"

သူက သက်ပြင်းရှိုက်မိသည်။

သူက ကြော့ကို အားနာလို့ပါ။

ကိုယ့်ကြောင့်တော့ ကြော့ကို မနာကျင်စေချင်။

"နင်က သုခနဲ့ တွေ့ချင်ပါ့မလားလို့"





"တွေ့ချင်ပါတယ်"

"တော်သေးတာပေါ့၊ ငါ့ကို အပြစ်မတင်လို့"

"နင့်ကို စိတ်နာချင်တယ် ခနရဲ့"

"အေးပါဟာ ငါတစ်ခုခု မှားသွားရင် နင် ခွင့်လွှတ်ပါ"

"ကိုယ်လုပ်ချင်ရာလုပ်ပြီး အခုမှ မျက်နှာလာမပြရဲဘူးဆိုပါတော့"

"ဟဲ . . .ဟဲ"

ကြော့က သူ့ကို သဘောမကျနိုင်ပုံနှင့် လေသံတင်းမာသွား၏။

"ငါနဲ့နင် ဒီလောက်ခင်တာ၊ နင် ငါ့ကို မတိုင်ပင်ဘူး ခနရယ်"

"အဲဒါကြောင့် ငါ့ကို ခွင့်လွှတ်နားလည်ပါလို့ ပြောတာ"

"ခုမှ . . . နင်လွန်တာ နင်သိပြီလား"



www.burmeseclassic.com

www.burmeseclassic.com



ဓနတိုးညီက နှုတ်ဆိတ်နေသောအခါ ကြေ့က ပင့်သက်တရှိုက်နှင့် . . .

"အင်းလေ၊ ထားပါတော့ ထပ်တလဲလဲအပြစ်တင်နေလဲ အလကားပါပဲ။ မောရုံပဲ ရှိမယ်လေ၊ မထူးပါဘူး"

သူ ပြုံးချင်ချင်ဖြစ်ရသည်။

"နင့်ကို သူငယ်ချင်းစာရင်းက ပယ်ဖျက်ဖို့အထိ စဉ်းစားထားတာ"

"ဟာ မလုပ်ပါနဲ့"

သူ တော်တော်လန့်သွားရသည်။

ကြေ့က ကျေနပ်လှသလို ပြုံးနေ၏။

"ဒီလို လုပ်ရမလားဆိုပြီး ငါအရမ်းစိတ်ဆိုးနေတယ်"

"ဒါကတော့ဟာ နင် မကြားဖူးဘူးလား၊ Married is accident တဲ့"

"အမယ်လေး၊ ကိုယ့်ဖက်ကိုယ်ယက်တတ်လိုက်တာနော်"





"ပြီးတော့ ရှိသေးတယ်၊ Married is made from Heaven တဲ့၊ ဒါ ကောင်းကင်ဘုံက စီစဉ်တာလေ"

ကြေ့က စိတ်မဆိုးတော့ဘဲ ရယ်နေ၏။

စိတ်ဆိုးနေမိသူက သူခါ။

အဲဒီကြေ့ဆိုသော မိန်းမအပေါ် ဘာလို့ ဒီလောက် စကားကြောရှည်ရှည်ပြောနေရတာလဲ။ ပြီးတော့ သူ့ကိုများ ရှင်းပြနေလိုက်တာ။

"ဟဲ့ . . . ဝဏ္ဏက ငါ့ကို သူ့အကြောင်း တစ်ခါမေးဖူးတယ် သိလား"

ဟု ကြေ့က သတိရသလို ဆိုလာတော့ . . . သူ လျှို့ဝှက်စွာ ပြုံးမိသည်။

သူ ဒါတွေ မကြားချင်တော့ပါ။ ဝရန်တာမှာ ရပ်ရင်း သက်ပြင်းရှိုက်မိသည်။

ဖုန်းပြောပြီးတော့ ရင်ထဲမှာ စာစ်မျိုးကြီးဖြစ်မိ၏။

ခေါင်းထဲမှာ တွေးစရာတွေများလာသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ တရားရဲ့လား။ သူခအပေါ် တရားရဲ့လား။

သူခက မသိလို့ ဖွတ်တိုးခဲ့ပေမယ့် သိသွားခဲ့ရင် ခွင့်လွှတ်နိုင်ပါ့မလား။

ဝဏ္ဏက သူခဆီ ဖုန်းဆက်ပြောလိုက်မလား။

ဝဏ္ဏ ပြန်လာခဲ့ရင် သူခကို ဝဏ္ဏလက်ထဲ ပြန်အပ်မှာပါ၊ သူကတော့ . . .

ထိုဆုံးဖြတ်ချက်က သူ့ရင်ကို တဆတ်ဆတ်ခါ နာကျင်စေသည်။ ဝဏ္ဏဆီကို သုခ ပြန်ရောက်သွားမှာပါ၊ သူတို့က စစ်မှန်သော ဖူးစာဖက်တွေပါ။ သူကသာ . . .

သူက အရံလူ၊ အပြင်လူသက်သက် . . .။

လုံးဝ အဓိပ္ပါယ် မရှိသောဘဝ။

သူ ခေါင်းငိုက်စိုက်ချရင်း ခေါင်းကို ရမ်းပစ်သည်။

ဖြစ်နိုင်လျှင် သုခကို ဘယ်သူ့လက်ထဲမှ မထည့်ချင်တော့ဘူး။

ဝဏ္ဏကလည်း ပစ်ပစ်ခါခါ ရက်စက်ခဲ့သူပါ။





သူ့အတွေးတွေ ရှုပ်ထွေးနေ၏။

''ဖုန်းပြောနေတာလားဟင်''

''သြော် . . . ပြောပြီးပါပြီ''

သုခက ဘေးနားရောက်လာ၏။

''ကိုယ့်သူငယ်ချင်းပါ ကြော့ကြော့စံ တဲ့၊ မိတ်ဆက်ပေးမယ်''

''တစ်ခေါက်လောက် ခေါ်လာခဲ့ပါလား''

''ဟုတ်ကဲ့၊ ခေါ်ခဲ့ပါ့မယ်၊ ရှားရှားပါးပါး မိန်းကလေး သူငယ်ချင်းတစ်ယောက်ပဲ ရှိတယ်ကွ''

''ဟုတ်လား''

သူ့စိတ်တွေက တစ်ခါတလေ အနစ်နာခံရတာကို ပိုနှစ်သက်နေမိသည်။

ဝဏ္ဏလိုမဟုတ်။ ဝဏ္ဏက ဘယ်တော့ဖြစ်ဖြစ် အနိုင်ရချင်သည်။ အသာစီးချင်သည်။



www.burmeseclassic.com

www.burmeseclassic.com



အမြဲ ပူလောင်နေတတ်သည်။

ပြီးတော့ အရမ်းအပြောကောင်းသည်။ ကျအောင် ပြောတတ်သည်။

သူများအထင်ကြီးအောင် အဟုတ်မှတ်အောင် ညာ တတ်သူပါ။

သူကတော့ ညီအစ်ကိုရင်းတွေမို့ ကောင်းကောင်း သိနားလည်ထားသည်။

သူနှင့် စိတ်ခါတ်ချင်း တစ်စက်ကလေးမှ မတူ။

''နေမင်းလိုပေါ့၊ ကြော့နဲ့ကိုယ်နဲ့ အရမ်းခင်တယ်''

''သုခနဲ့ နေမင်းက ရိုးရိုးသားသားပါ''

ဆတ်ကနဲ ပြန်ပြောတော့ ခေနာ အံ့သြသွား၏။

ဟောဗျာ . . . သူ့ကို ဘယ်တုန်းက ခုသွားပါလိမ့်။

သူမသိလိုက်ပါလား။

''ကိုယ်တို့လည်း ရိုးရိုးသားသားပါပဲ''





''အမယ်လေး၊ နေမင်းကို သုခ ချစ်သူထားခဲ့တုန်း ကရော ယောကျ်ားယူခဲ့တုန်းကရော ဘာဖြေရှင်းချက် ဘာလျှောက်လဲချက်မှ ပေးစရာမလိုခဲ့ဘူး။ ဘော်ဒါသက် သက်ပဲ''

နေတိုးညီ ထပ်ပြီး ပြုံးမိ၏။

ကိုယ်က ကြော့ကို ပြေရာပြေကြောင်း ရှင်းပြမိတာပါ။ အခင်မင် မပျက်ချင်လို့ပါ။

''အစကတည်းက ကြော့ကြော့ဝင့်စံကို ရှင် Propost လုပ်ထားတာ သိသားပဲ''

သုခက မသိဟန်ဆောင်ပြီး ပြောချပစ်လိုက်၏။

သူ့မျက်နှာက တော်တော်ပျက်သွားသည်။

သူ့ညီက ကြော့ကို ချစ်ခွင့်ပန်ဖူးတာ သူသိပုံမပေါ်၊ သူဟာ ထင်ထားတာထက် ပိုရိုးသားသည်။ အဲဒါကြောင့်ပဲ ကြော့က သူ့ညီကို ငြင်းပြီး သူ့ကို ရေလာမြောင်းပေး မျှော် လင့်နေတာကိုး။



www.burmeseclassic.com

www.burmeseclassic.com



အကြောင်းသိခဲ့တော့ သူတို့နှစ်ယောက်၏ စိတ်ဓာတ်ကို ကြော့က သေချာသိမှာပါ။

သုခ မသိသေးတာက ကြော့နှင့် သူ ဘယ်လိုလဲ၊ ဘယ်လိုအနေအထားလဲ။

♦ ♦ ♦



''ကဲ . . . ရပြီသောက်''

နေမင်းက ဒိုမီဒို နှစ်ခွက်ကို စားပွဲပေါ်ချရင်း ပြော၏။

''သုခ''

''ဟင်''

''ပြောင်းလဲမှုကို နင် ကျေနပ်ရဲ့လား''

''အင်း . . . အခု အနေအထားကို ငါ ကျေနပ်ပါတယ်၊ ဒါပေမယ့် . . . သူ ကိုကိုမဟုတ်ဘူးလို့ သိနေရက်နဲ့ သူ့ကို နှစ်သက်မိတယ်၊ သူနဲ့နေရတာ ပျော်တယ်၊ သူ့ကို ဆုံနေမိတယ်''



www.burmeseclassic.com

www.burmeseclassic.com



နေမင်းက ခေါင်းညိတ်၏။

"ရှက်စရာကြီးဟာ၊ ငါ လိပ်ပြာမလုံဘူး နေမင်းရဲ့"

"အင်းလေ၊ လောလောဆယ် ရှင်းပြလို့လည်း မရဘူး"

"ရှင်းပြရော နင့်လူ ယုံမှာလား၊ သူက လူလည်"

"အင်း"

"သူက အခွင့်အရေးမယူတတ်ဘူး၊ လက်ဖျားနဲ့တောင် မထိဘူး"

"ကောင်းတာပေါ့ဟာ"

"ကိုကို မဟုတ်တာ သိနေတော့ ငါ အနေခက်တယ်"

"စိတ်ရှုပ်နေလား"

"အဲဒီလိုတော့လဲ မဟုတ်ပါဘူး၊ အားနာနေမိတယ်"

"နင် ဘာဆက်လုပ်မလဲ"





"သုခ မစဉ်းစားချင်ဘူး"

"ပျော်အောင်နေပေါ့ဟာ"

နေမင်းစကားကို သုခ ခေါင်းညိတ်သည်။

"သူ့အိမ်နဲ့ရော အဆင်ပြေပြီလား"

"အင်း"

"အစကတည်းက သူ့မိသားစုက တော်ရုံလူဆို လက်ခံချင်တာမဟုတ်ဘူး"

"ဟုတ်မှာပေါ့၊ သူကလဲ သူ့အိမ်မှာနေဖို့တွေ ဘာတွေ မပြောပါဘူး"

"ဒါဆို အိုကေတာပေါ့"

"သူက ပြတ်သားတယ်၊ သူ့ခြေထောက်ပေါ် သူ ရပ်မယ်တဲ့"

"အင်း"

"ငါ့ဘဝကို သူ့လက်ထဲမှာ စိတ်ချတယ် သိလား နေမင်း"



www.burmeseclassic.com

www.burmeseclassic.com



"ဟ . . . မြန်လှချည်လား"

နေမင်းက သဘောကျပြီး ရယ်နေ၏။

"ဘာပဲဖြစ်ဖြစ် နှင့်အတွက် ငါစိတ်အေးသွားပြီ၊ သူ့ကို ငါ ကျေးဇူးတင်တယ်ဟာ"

သုခက နေမင်းကို ကြည့်ပြီး "ဟဲ့ . . . မေးရဦးမယ်" ဟု အလျင်စလို ဆို၏။

"ဘာလဲဟ"

"ကြော့ကို နှင်သိလား"

"သိတယ်လေ၊ အရင် နှင်တို့လမ်းထဲကပဲ မဟုတ်လား"

"အင်း"

"သူနဲ့ ကြော့က ဘယ်လို ပတ်သက်နေလဲ မသိဘူး"

"နှင် သဝန်တိုနေတာလား"

"မဟုတ်ပါဘူး"





သုခက မျက်နှာကလေး နီရဲပြီး ကမန်းကတန်း ငြင်းသည်။

"ဖွင့်မေးပေါ့"

"မမေးချင်ပါဘူး"

"ဘာလို့လဲ"

"ဟာ . . . ဘာလို့ မေးရမှာလဲ"

"ညာမှာစိုးလို့လား"

"မဟုတ်ပါဘူး၊ သူက မညာတတ်ဘူး"

"ယုံနေရင် ထားလိုက်ပါဟာ၊ ဒီလောက် သဘောထား မကျဉ်းသင့်ဘူး"

နေမင်းက အားပေး၏။

"နှင်နဲ့သူ အခုလောလောဆယ် ပြေလည်နေရင် ပြီးတာပဲဟာ . . . ကြော့အကြောင်း မေ့ထားလိုက်၊ ဒါဟာ အကောင်းပဲဟာ"



www.burmeseclassic.com

www.burmeseclassic.com



ဟုတ်တော့ ဟုတ်သည်။

မလှပသော အတိတ်ကို ပြန်မတူးဆွချင်။

ပြီးပြည့်စုံသော ပစ္စုပ္ပန် ရက်စွဲများကို ကြည်နူးစွာ ဖြတ်သန်းရင်း မမြင်ရသေးသော အနာဂတ်ကို လှပစွာ မျှော်တွေးထားချင်သည်။

♦ ♦ ♦

ခနေ လာခေါ်တော့ သူခ သူနှင့် စကားပြောကောင်းနေတုန်းပါပဲ။

''သွားမယ်နော် နေမင်း''

''အင်း . . . ငါလာခဲ့ဦးမယ်''

''လာလေ''

''မနက်ဖြန် အစောကြီး လာမယ်''

''အင်းပါဟယ်''

နေမင်းက ကားနားအရောက် လိုက်ပို့၏။ ခနေက နေမင်းကို နှုတ်ဆက်သည်။




www.burmeseclassic.com

www.burmeseclassic.com



သူ့ပုံစံက မြူးလက်လန်းဆန်းကာ လေကလေးချွန်ပြီး ကားကို ညင်သာစွာ မောင်းနေ၏။

“ကိုကို”

“ပြော”

“အိမ်နဲ့ အဆင်ပြေရဲ့လား”

“ပြေပါတယ်”

သူ့အိမ်က ပြန်လာပြီး သူ့မျက်နှာက ကြည်လင်ရွှင်ပျ နေတော့တာ။

“ကြော့က သူခကို တွေ့ချင်တယ်တဲ့”

“သူနဲ့ ဘယ်မှာတွေ့တာလဲ”

“လမ်းမှာဆုံတာပါ၊ ကော်ဖီဝင်သောက်ရင်း စကား ပြောဖြစ်တာ”

“တော်တော်ပျော်မှာပေါ့နော်”

သူခ ခနဲ့တဲ့တဲ့ ဆိုမိ၏။





“ဟာ . . . ဘယ်လိုပြောလိုက်တာလဲ၊ ကိုယ်နဲ့သူ ဘာမှ မပတ်သက်ဘူး”

“ဟုတ်လို့လား”

“သူခ၊ နေမင်းက ကိုယ်နဲ့ ကြော့က သမီးရည်းစား တွေပါလို့ ပြောလိုက်လို့လား”

“မဟုတ်တာ မပြောပါဘူး”

“မသိဘူးလေ၊ နေမင်းနဲ့ တွေ့ပြီး ပြန်လာမှ မကျေ မနပ် ဖြစ်လာတာဆိုတော့”

သူခက ဘာမှ မပြောဘဲ မျက်နှာလွှဲနေ၏။

“ဒီဘက်လှည့်ပါဦးကွာ”

“တော်ပြီ”

“မဟုတ်သေးပါဘူး၊ ဘာမှလည်း မဟုတ်ဘဲနဲ့ ကိုယ် ရှင်းပြတာ မယုံဘူးလား”

သူခက နားမထောင်ဘဲ နားနှစ်ဖက်ကို လက်နှင့် ပိတ်ထား၏။



www.burmeseclassic.com

www.burmeseclassic.com



သူက စကားမဆိုတော့ဘဲ ကြိတ်၍ . . .

"ပြဿနာ မဟုတ် ပြဿနာ လုပ်ချင်တယ်" ဟု ရေရွတ်၏။

သူက သုခဘက် လုံးဝ လှည့်မကြည့်တော့ပါ။

သူက ဘာလို့ ကြော့နဲ့ သွားတွေ့ရတာလဲ၊ ဘာလို့ ကော်ဖီဆိုင်ထိုင်ရတာလဲ။

ဘာပဲဖြစ်ဖြစ် သုခ မကျေနပ်နိုင်။

ရင်ထဲမှာ ပူနေသည်။

သူနှင့်ကြော့ တွေ့ခဲ့ကြတာကို သုခ အလိုမကျ။

သူပြောတာတွေလည်း မကြားချင်။

သုခ ဘယ်လိုဖြစ်နေပါလိမ့်။

သေးသေးဖွဲ့ဖွဲ့လေးကို မခံမရပ်နိုင် ဖြစ်နေမိသည်။

ဘာမဟုတ်တာလေးကိုပင် ရင်ထဲ ပူပြင်းနေအောင် ခံစားရ၏။

ကြော့နှင့် သူ နောက်ထပ်မတွေ့စေချင်ပါ။

ဉာဏ်ဝင်းစာပေ



သုခ ပင့်သက်ရှိုက်မိသည်။

သုခ မှားယွင်းနေပါပြီ။

သူဟာ သုခရဲ့ ကိုကိုမဟုတ်။

သုခ ဘာတွေ ပိတ်ပင်စွက်ဖက်နေမိသလဲ။

◆ ◆ ◆

ဉာဏ်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com

အိမ်ရောက်တော့ ဟန်မပျက်ဆင်းရင်း သူ့ကို ထားခဲ့ပြီး ရှေ့မှ တက်လာခဲ့၏။

ဘာလို့ စိတ်မထိန်းနိုင်ဖြစ်နေရတာလဲ။

ရင်ထဲမှာမပျော်။ ဘယ်လိုမှ မနေသာ။ ယောက်ယက်ခတ်နေသည်။

''သုခ''

သူခေါ်ပေမယ့် လှည့်မကြည့်မိပါ။ သူ့ခြေသံ တဖျတ်ဖျတ်ကို ကြားရသည်။

''ခဏစောင့်ပါဦး''



www.burmeseclassic.com

www.burmeseclassic.com



စိတ်ဆိုးနေမှန်းသိတော့ သူက တမင် စကားလိုက်ပြောနေသည်။ သူမ ဘာမှ ပြန်မပြောဖြစ်။

အခန်းထဲရောက်တော့ ပိုက်ဆံအိတ်လေးကို စားပွဲပေါ်တင်ပြီး အိပ်ရာပေါ် လှဲချမိသည်။

သူက သူခကို လှမ်းကြည့်နေ၏။

သူနှင့်ကြော့ တွေ့ခဲ့ကြတာကို လုံးဝ မကျေနပ်နိုင်။

ရင်ထဲမှာ ပြောင်းဆန်အောင် ဖြစ်ရသည်။

"သူခ"

ပြန်မထူးပေမယ့် သူက ပြောလာ၏။

"ဘယ်လိုကြီးလဲကွာ"

"အဲဒီလိုပဲ"

"အဓိပ္ပါယ်မရှိတာကွာ၊ ဘာမဟုတ်တာလေးကို"

"ဘယ်သူက ဘာပြောနေလို့လဲ"

သူက ပြုံးတုံ့တုံ့ ခေါင်းညိတ်၏။

"ပြီးတာပဲ"





သူက ခပ်လှမ်းလှမ်းကို လျှောက်သွားပြီးမှ...

"မေးစရာရှိတယ်၊ ကြော့တို့နဲ့ တစ်လမ်းထဲဆို"

"လာပြန်ပြီ၊ အဲဒါတွေ အစအဆုံး ပြန်ပြောပြရမလား၊ အတိတ်မေ့နေပြီလား"

သူခ အမေးကြောင့် သူ ပခုံးတွန့်သည်။

"ခုမှ အထူးအဆန်း လာလုပ်နေတယ်"

"ဟိုတုန်းက သူခပြောတာတွေ အလေးအနက်ထားမိခဲ့ဘူး"

"သိပါတယ်၊ မပြောနဲ့တော့ နောက်ရော ဘာတွေပြောသေးလဲ"

သူခ နှုတ်ခမ်းစူကာ မေးမိ၏။

"ကဲပါကွာ... သူခ နားတော့၊ စိတ်ပင်ပန်းစရာကိစ္စတွေ မတွေးရဘူးကြားလား"

သူခက မျက်နှာကလေးပျက်ကာ ငြိမ်နေတော့...

"မေ့ထားကြရအောင်" ဟု သူက ဆိုသည်။



www.burmeseclassic.com

www.burmeseclassic.com



"သုခ ဘယ်သွားချင်လဲ၊ ဘာလုပ်ချင်လဲပြော၊ ရှုပ်ရှင်ကြည့်မလား"

"သူက ကြော့နှင့်နောက်ထပ်မတွေ့တော့ပါ" ဟု ကတိမပေး။

သူ ကြော့ကို သံယောဇဉ်ရှိနေလား။

သုခ စိတ်ဆင်းရဲမယ့်ကိစ္စမျိုး ဘယ်တော့မှ မလုပ်ဘူး၊ သုခစိတ်ချပါဟု သူက ကတိပေးသည်။

"ကြော့နဲ့ ကိုယ် ဘာမှ မဆိုင်ဘူး၊ ဆိုင်ခဲ့တယ်ပဲထား ခုချိန်မှာ သုခအပေါ် သစ္စာရှိတယ်၊ မဖောက်ပြန်ဘူး၊ ဒါပေမယ့် သူငယ်ချင်းကို မတွေ့ရဘူးလို့တော့ မဝိတ်ပင်ပါနဲ့၊ ကိုယ့်သိက္ခာကို ငဲ့ပေးပါ၊ သုခကိုလည်း ကိုယ်နားလည်တယ်"

"ဒါပေမယ့် . . . "

သုခက စကားပြောရခက်သလို စကားရပ်ထားသည်။

ခနက "ပြောလေ" ဟု တိုက်တွန်း၏။





"ကြော့နဲ့ တွေ့တာ၊ သွားတာလာတာ မကြိုက်ဘူး"

သူက သက်ပြင်းမောရှိုက်သည်။

"ကိုယ့်ကို သဝန်တိုနေတာလား"

သူက သုခကို မေးလာ၏။

သုခ မဖြေတတ်ပါ။ ဘယ်လိုဖြေရမလဲ။

သူ့ကို သုခ အရမ်း တွယ်တာနေမိသည်။

ဘာလို့များ အဲဒီလို ဖြစ်ရတာလဲ။

သုခစိတ်ထဲ သူ့ကို ဆုံးရှုံးသွားမှာ တွေးကာ ကြောက်နေမိ၏။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

''နေမင်း . . . လှရဲ့လား ကြည့်ပေးပါဦး ကိုခနနဲ့ လိုက်မလားဟင်၊ ဒီအရောင် ဒီအဆင်ကို သူကြိုက်ပါ့မလား''

သူခက ပိုးပုဆိုးတွေကို စိတ်တိုင်းကျ ရွေးချယ်နေ၏။

''လှပါတယ်ဟာ၊ နှင့်လူက ခန့်ချောပဲ''

''ဟုတ်လို့လား''

''ဟုတ်တာပေါ့''

နေမင်းစကားကို သူခ ရယ်မိသည်။

''ငါလေ ဒီဘဝလေး ဒီအနေအထားလေး တိမ်း စောင်းသွားမှာ ကြောက်နေတယ်ဟယ်''



www.burmeseclassic.com

www.burmeseclassic.com



"တွေးပူနေပြန်ပြီ"

"တကယ်ပြောတာ၊ သူဟာ ငါ့အတွက် အချစ်တန်ခိုးရှင်က ပေးသနားတဲ့ ဆုလာဒ်ပဲ"

နေမင်းက ခေါင်းတဆတ်ဆတ်ညိတ်သည်။

"ငါ ဘယ်တော့မှ သူနဲ့ မခွဲနိုင်ဘူး"

ထိုစကားကို နေမင်းက မျက်နှာပျက်သည်။

"ပုံသေတွက်မထားနဲ့လေ"

သုခက ခေါင်းရမ်းသည်။

"ငါ ကိုကို့ကို မေ့လိုက်ပြီ"

"ဒါပေမယ့် သူက ခဏ ကူညီနေပုံရတယ်ဟ"

သုခမျက်နှာလေး အလွန်အမင်း ပျက်သွားရသည်။

သိနေပြီးသားပါ။

သို့ပေမယ့် မကြားချင်။

"အမှန်တရားကို ငါ မေ့ထားချင်တယ်"

"ငါ မပြောချင်ပါဘူးဟာ၊ နင်စိတ်ချမ်းသာနေတာ





မြင်ရတော့ ငါ ဝမ်းသာပါတယ်၊ ကိုနေကိုလည်း အရမ်းကျေးဇူးတင်တယ်၊ ဒါပေမယ့် တစ်ခုခုဆို နင် ပြင်ဆင်ထားရမယ်၊ ဆုံးဖြတ်ချက်မှန်ရမယ်။ နင့် ကိုကို ပြန်ခေါ်ရင် နင်လိုက်သွားသင့်တယ်"

နေမင်းစကားက နားထဲ ဒိန်းကနဲ ပေါက်ကွဲသွားသလိုပါ။ သည်တစ်သက် သည်ဘဝ မဖြစ်နိုင်ပြီ။

ကိုနေက မလိုချင်လို့ ပစ်ခွာထားရက်ခဲ့လည်း တစ်ယောက်တည်း ရပ်တည်လျှောက်လှမ်းရဲအောင် ကြိုးစားသွားမယ်၊ ရက်စက်ယုတ်ညံ့သော လူတစ်ယောက်၏ အရိပ်အောက်မှာ မခိုလှုံချင်တော့ပါ။

"ကဲပါ . . . ထားတော့၊ ဘယ်ဟာယူမှာလဲ ရွေး"

နေမင်းက စကားစဖြတ်ပေး၏။

ငေးငေးငိုင်ငိုင်နှင့် သုခပုံစံက အားရစရာ မကောင်း။

သုခအတွက် လောလောဆယ် စိတ်အေးရပေမယ့် နောင်အနာဂတ်က ရှိသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"နေမင်း"

"ဟင်"

"နင်ရော မိန်းမ မယူသေးဘူးလား"

သူခ မေးလိုက်တာကို နေမင်းက အော်ရယ်သည်။

"တော်ပါပြီဟာ"

"ဘာတော်တာလဲ"

"ငါ အဲဒါတွေ မစဉ်းစားဘူး"

"ဘယ်ဟုတ်ပါ့မလဲ၊ ဘဝခရီးဆိုတာ တစ်ယောက်တည်း လျှောက်ရင် ရှည်လွန်းတယ်တဲ့၊ နှစ်ယောက်အတူတူ လျှောက်ရင် တိုလွန်းတယ်တဲ့"

"တယ်ဟုတ်ပါလား"

"အဲဒါ အမှန်ပဲ"

"အေးပါ၊ နင့် ပြဿနာတွေ ဇာတ်သိမ်းသွားရင် ငါ လျှောက်ပါ့မယ်၊ ငါ ရွေးပါ့မယ်"

"နင့်မှာ ရှိလား"





"ရှိတာပေါ့"

"ဟယ်၊ ငါ မသိပါလား။ လျှို့ထားတယ်"

နေမင်းက တကယ်လိုလို ပြောပြီး ရယ်နေ၏။

"နင်နော် . . တကယ်ရှိလို့လား"

ဆတ်ကနဲ ခေါင်းညိတ်တော့ သူခ တအံ့တသြလေး ဖြစ်သွားရပြီး "ငါနဲ့ မိတ်ဆက်ပေးလေ" ဟု ဆိုမိ၏။

"အင်း . . မိတ်ဆက်ပေးမယ်"

နေမင်းရယ်... ငါက သူငယ်ချင်းကောင်း မပီသဘူး။ နင့်အကြောင်းဆို ဘာမှ မသိဘူး။ ငါနဲ့ ပတ်သက်ရင် နင်က အမြဲ ဖြည့်ဆည်းကူညီ ပေးခဲ့တယ်။ နောက်ဆို ငါ နင့်ကို မောင်အရင်းလို အစ်ကိုအရင်းလို ဂရုစိုက်ပါ့မယ်။

"မရှိသေးရင် ငါ ရှာမလို့"

"ရှာလေ"

"နင်ပဲ ရှိတယ်ဆို အမျိုးမျိုးပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ရှိတာလည်း ရှိတာပေါ့၊ ရှာတာလည်း ရှာတာပေါ့၊ များတော့ မကောင်းဘူးလား"

"နင် လောဘကြီးနေပြီ"

သူခက မျက်စောင်းရွယ်သည်။

"ဟဲ့… နင်လည်း တစ်ထည်ယူပါလား၊ အမှတ်တရ ငါ ဝယ်ပေးချင်လို့ပါ"

"မယူပါဘူးဟာ နေပါစေ၊ နင့်စေတနာကို ငါ သိပါတယ်၊ ငါ ဆာပြီဟ၊ ထမင်းသွားစားရအောင်"

"အေးပါ . . .အေးပါ"

အပြာရောင်ဖျော့ဖျော့ ပိုးပုဆိုးကလေးကို နေအတွက် ရွေးဝယ်မိသည်။ သူ ကြိုက်ပါ့မလား။ သူ နှစ်သက်စေချင်သည်။ သုခ သူ့အပေါ် လေးစားတွယ်တာအားကိုးသည်။

◆ ◆ ◆



နေတိုးညီက ဖတ်ကနဲ မျက်လုံးပွင့် နိုးလာသော အခါ သုခဆီ လှမ်းကြည့်မိ၏။ သုခက အိပ်ရာထက်မှာ ရှိမနေ။ ဘယ်များ ရောက်နေပါလိမ့်။

သူက ညတုန်းက တီဗွီကြည့်နေသဖြင့် အတော်ညဉ့်နက်မှ အိပ်ရာဝင်ခဲ့သည်။

ဇာတ်လမ်းကလေးကို အစအဆုံး ကြည့်လို့ မရည်ရွယ်ပါဘဲ ကြည့်ဖြစ်သွားသည်။ ဇာတ်လမ်းကလေးက ဆွဲအားကောင်းလွန်းသည်။ သုခက ခဏပဲ ကြည့်ပြီး အိပ်တော့မယ် ဟု ဆိုကာ အိပ်ရာဝင်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ညဥ့်နက်မှ အိပ်တော့ မနက်စောစော သူ မနိုးခဲ့ပါ ခါတိုင်းဆို သုခထက် စောပြီး သူ အရင်နိုးနေကြပါ။ သည်မနက်မှ သူက အိပ်ရာထ နောက်ကျသွားတာ။

သူက အိပ်ရာထက်မှာ ထထိုင်ပြီး နာရီကို လှမ်းကြည့်သည်။ ရှစ်နာရီကျော်ပြီ အချိန် မစောတော့ပါလား။

မနက် အစောကြီးတုန်းက သူတစ်ခေါက် နိုးလာခဲ့၏။ အမြဲတမ်း အိပ်ရာထချိန်ကို မျက်စိက အကျင့်ရကာ မှတ်မိနေသည်။

ဘယ်လောက်ပဲ အိပ်ရာဝင်တာ နောက်ကျနောက်ကျ မနက်အလင်းရောင်ပြူလာတာနှင့် သူ့မျက်လုံးတွေက ဖျတ်ကနဲ ပွင့်လာစမြဲပါ။

သုခ၏ ခြေသံသဲ့သဲ့ကို နားစွင့်သော်လည်း မကြားရ။ သုခ လှုပ်ရှားမှုကို သူ သိသည်။

သူ အိပ်ရာထက်က ဆင်းသည်။ သုခက ဝရန်တာမှာ ရပ်နေ၏။





လက်ထဲမှာ ဂန္ဓမာပန်း အဖြူရောင်တစ်ပွင့်ကို ကိုင်ထားသည်။

"ယောက်ျားလေး"

"မိန်းကလေး"

တစ်ခွန်းချင်း တီးတိုးရေရွတ်ကာ တစ်ဖက်ချင်း ပွင့်ဖတ်တွေကို ခြွေနေ၏။

နေက လှမ်းကြည့်ပြီး ရင်ထဲမှာ တလှိုက်လှိုက် ခုန်လာ၏။ သုခမှာ ပွင့်ဖတ်ခြွေပြီး ရှေ့ကို ကြိုတင်ခန့်မှန်းသော အကျင့်ကလေး ရှိတာ သူသိသည်။

"မိန်းကလေး"

"ယောက်ျားလေး"

သုခကို အနှောင့်အယှက် မပေးချင်သဖြင့် သူ တိတ်တိတ်ကလေး ရပ်ကြည့်ကာနေမိ၏။

ပြီးမှ အသာကလေး လှည့်ထွက်လာပြီး မျက်နှာသစ်



www.burmeseclassic.com

www.burmeseclassic.com



သည်။ သုခက သူ့အတွက် ကော်ဖီတစ်ပူးနှင့် ထမင်းကြော်ပန်းကန်ကို စားပွဲပေါ် အဆင်သင့် ပြင်ဆင်ပေးထား၏။

သူ အလွန်အမင်း ကျေနပ်သွားမိ၏။

ရေမိုးချိုး အဝတ်စားလဲပြီး ကော်ဖီသောက်ချိန်မှာ သုခက သူ့အနား ရောက်လာ၏။

"သုခ . . . လာလေ"

"ဝွတ်မောနင်းကိုကို"

သည်တစ်ခါ သူ့ကို ဦးအောင် နှုတ်ဆက်၏။

"အင်း . . . ဘာလေးလဲ ယောက်ျားလေးလား"

သူမေးလိုက်တော့ သုခက ခေါင်းခါသည်။

"သမီးလေးပေါ့"

"အင်း"

"ဘာလေးပဲ ဖြစ်ဖြစ်ပါကွာ"

သုခ၏ ပွင့်ဖတ်ချွေအဖြေကို သူ ယုံကြည်ပေးမိ၏။

"ကျိန်းသေ ယူဆလို့ ရလား"





"ဟင့်အင်း . . . သုခ ဝါသနာပါ၊ သုခက ယုံတယ်လေ၊ ဒါပေမယ့် တစ်ခါမှားဖူးတယ်၊ အင်း . . မမှားပါဘူး၊ မှန်တယ်၊ ဟုတ်တယ်တစ်ခါမှ မမှားသေးဘူး"

ဓနတိုးညီက သုခမျက်နှာကလေးကို ကြည့်နေမိ၏။

ချစ်မြတ်နိုးစွာ . . .။

မက်မောနှစ်သက်စွာ။

"သုခက ဘာလေးပဲဖြစ်ဖြစ် ပွင့်ဖတ်ချွေကြည့်တတ်တယ်၊ ဖဲချပ် ဆွဲသလိုပေါ့"

"အင်း"

"သူများတွေတော့ ယုံချင်မှ ယုံမယ်"

"ဟုတ်တာပေါ့၊ အက်ထရာဆောင်းရိုက်ပြီးရင် သေချာသိရမှာပဲ"

"မိန်းကလေးပဲ ဖြစ်မှာပါ"

ဓနတိုးညီက ဘာမှမပြော။



www.burmeseclassic.com

www.burmeseclassic.com



သုခနှင့် အတိုက်အခံ အငြင်းအခုံ မဖြစ်ချင်။

တကယ်ဆို သုခကို အစွဲအလမ်း မကြီးစေချင်။

''ကိုယ်ကတော့ သားဖြစ်ဖြစ်၊ သမီးဖြစ်ဖြစ် ကျေနပ်တယ်၊ ရတာ ယူမှာပေါ့''

''ဟုတ်ပါတယ်၊ သုခက ကြိုသိချင်လို့ပါ၊ ပြီးတော့ သုခ အဲဒီလို ပွင့်ဖတ်ခြွေကြည့်တိုင်း ဘယ်တော့မှ မမှားဘူး''

''ဟုတ်လား''

''သုခက သစ္စာတရားရယ်၊ ကိုယ်ကျင့်တရားရယ် တိုင်တည်ပြီးမှ လုပ်ကြည့်တာ''

''ဩော်''

သုခ ခြွေချလိုက်သော နှင်းဆီပွင့်ဖတ်တွေ သူ့ခေါင်းပေါ် တည့်တည့်ကျလာဖူးတာ သုခကို သူ အဲဒီအချိန်ကတည်းက စူးနစ်နေအောင် မြတ်နိုးစွဲလန်းသွားခဲ့တာ ပြောမပြမိပါ။





''ပွင့်ဖတ်ခြွေသော မိန်းကလေး'' ကဗျာကို သူ အရှည်ကြီး ရေးဖွဲ့ခဲ့မိသည်အထိ။

ဒါတွေကို သုခ ဘာမှ မသိသေးပါ။ ဝင်းခန့်တို့ ဥက္ကာတို့ကို မပြောမိစေဖို့ ပိတ်ထားရဦးမည်။ တော်ကြာ စကားစပ်မိပြီး လွှတ်ကနဲ ပြောမိလျှင် အခက်။

သူက ရင်ထဲရှိသလို ခံစားရေးဖွဲ့ထားတာ။ သူ့ကဗျာကို ဖတ်ပြီး ဝင်းခန့်တို့က ရယ်နေခဲ့ကြသည်။

''သုခ ဈေးသွားချင်တယ်''

သူ့အတွေးနှင့်သူမို့ ခုနက သုခ ပြောတာကို လုံးဝ မကြားလိုက်ပါ၊ သုခ နှုတ်ခမ်းစူမိသည်။

''ဝယ်စရာလေးတွေ ရှိလို့''

''ဗျာ''

နောက်တစ်ခွန်းထပ်ပြောမှပဲ သူကြားတော့သည်။

''ဘာဝယ်မှာလဲ''



www.burmeseclassic.com

www.burmeseclassic.com



"ဈေးသွားပါမယ်ဆို"

"ဈေးလား . . . သွားလေ"

သူက ချက်ချင်း ခေါင်းညိတ်၏။

သူခက 'ဘာကြီးမှန်း မသိဘူး' ဟု ဗလုံးဗထွေး ရေရွတ်လိုက်တာ သူသိပါသည်။

♦ ♦ ♦



ဝဏ္ဏတိုးညီဆီက ဖုန်းဝင်လာချိန်မှာ သူက အလုပ်ကိစ္စတွေ ပြီးပြတ်ပြီး အိမ်ပြန်ဖို့ ထွက်လာနေတုန်းပါ။

သူ့စိတ်တွေ သိပ်လှုပ်ရှားနေမိသည်။

"ဟဲလို . . . ကိုကိုလား"

"ဟုတ်တယ်"

"ကိုကို နေကောင်းရဲ့လား"

"ကောင်းပါတယ်"

ဝဏ္ဏ ခါတိုင်းလိုပဲ စကားတွေ ဝေဝေဆာဆာ ပြောနေသည်။ တစ်ချက်ရယ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့မှာသာ စိတ်တွေ မွန်းကြပ်နေမိတာ။

"ကိုကို အိုကေရဲ့လား"

"ဘာကိုလဲ"

"ဟဲ..ဟဲ"

ဝဏ္ဏက သူ့ကို စ,သည်။ သူက ချက်ချင်းပဲ...

"အားလုံး နေကောင်းရဲ့လား" ဟု မေးမိ၏။

"ကောင်းပါတယ်၊ ကျွန်တော် ခဏပြန်လာမယ်"

သူက တအံ့တသြနှင့် ငြိမ်သွားရသည်။

"ဘာကိစ္စလဲ"

"ဘာရယ်မဟုတ်ပါဘူး၊ ဒီမှာနေသားမကျဘူး၊ ပြန်လာချင်တယ်"

"ဪ"

"နှစ်လလောက်နေမယ်"

သူ ဘာမှ ပြန်မပြောမိပါ။

"ကိုကို့မိန်းမနဲ့လည်း မတွေ့ရသေးဘူး"





ဝဏ္ဏကို သူအံ့သြနေသည်။ သူ လုံးဝ မထင်၊ ဗြုန်းစားကြီး ပြန်လာတာ ထူးဆန်းသည်။

သူ ဘာလုပ်ရမလဲ၊ ဝဏ္ဏပြန်လာတာ သူတို့အတွက် မကောင်း။

"ဘယ်လိုလဲဗျ၊ ကျွန်တော့်ကို မလာစေချင်လို့လား"

"မဟုတ်ပါဘူးကွာ"

ဝဏ္ဏက ပါးနပ်စွာ မေး၏။

"မသိပါဘူးဗျာ၊ ကျွန်တော့်ကို မလိုလားဘူး ထင်လို့ပါ"

"မင်းကွာ... မဟုတ်တာတွေ"

ဝဏ္ဏရိပ်စားမိလောက်အောင် သူ တုန်လှုပ်နေမိသလား။

"နောက်မှ ကျွန်တော် ဖုန်းဆက်မယ်"

"အင်း..."

ဖုန်းပြောပြီးသောအခါ သူ့ခြေလှမ်းတွေ လေးသွား၏။



www.burmeseclassic.com

www.burmeseclassic.com



အားမရှိ။ စောစောက အိမ်ပြန်ဖို့ တက်ကြွနေသော စိတ်တွေ မီးကို ရေနှင့် ဖျန်းလိုက်သလို ရှဲကနဲ အရှိန်သေသွားရ၏။

လျောင်ပိတ်တင်းကြပ်နေသော အတွေးတို့သည် သူ့ကို မတရား နှိပ်စက်သည်။

ဘာပဲဖြစ်ဖြစ် ဝဏ္ဏကို ကြိုအသိပေးခဲ့သားပဲ ဟု တွေးဖြေမိသည်။

ငါ မတရားတာမှ မဟုတ်၊ ဝဏ္ဏက ငြင်းပစ်ခဲ့တာ။

ငါက ဘာလို့ စိုးရွံ့နေရမှာလဲ။ ကြားထဲက ဖြတ်လုခဲ့တာလည်း မဟုတ်။

ရိုးရိုးသားသား ကူညီရုံသက်သက် လက်ထပ်ခဲ့တာပါ။

ဖြူစင်စွာ စောင့်ရှောက်ပေးနေတာပါ။

မလိမ့်တပတ် လုပ်ခဲ့တာလည်း မဟုတ်။

သူမှားတာဆိုလို့ သုခ လူမှားနေတာကို သေချာစွာ ရှင်းမပြခဲ့တာ တစ်ခုတည်းပါ။





ပထမပိုင်းမှာ သူ ရှင်းပြခဲ့သေးသည်။ ရှင်းပြလို့ မရတာ။ သုခက လက်မခံတာ။

နောက်ပိုင်းမှာတော့ သုခ စိတ်ချမ်းသာဖို့ သူက အစ, ပြန်မဖော်တော့တာ။

သုခ မှားတာကို အခွင့်အရေး တစ်ရပ်အဖြစ် သူ အသုံးချတာ မဟုတ်။

မလွှဲသာမရှောင်သာ၊ လက်ထပ်ခဲ့ရတာ။ နောက်တစ်နေ့မှာ ဝဏ္ဏဆီ သူ အကြောင်းကြား အသိပေးခဲ့သည်။

ဝဏ္ဏဆုံးဖြတ်ချက်ကို ယူခဲ့သည်။

ဝဏ္ဏသဘောထားက သုခကို လုံးဝ ထည့်မတွက်ဘဲ တစ်ဖက်သတ် ဆန်လှသည်။

ဝဏ္ဏ သိသွားခဲ့ပေမယ့်... ခေါင်းခါ ငြင်းဆန်ခဲ့သည်။

ကားပေါ်တက်ကာ မောင်းထွက်ခဲ့ရင်း သက်ပြင်းရှိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်းကို မငိုစေချင်ဘူး သုခရယ်"

"မင်းနဲ့လည်း မခွဲနိုင်ဘူး"

"မင်းဘက်က ခွဲသွားမှာလည်း သိနေတယ်"

အိမ်ရောက်တော့ ညနေခန်းမှာ သုခကို တွေ့ရ၏။

"ဟင် . . . ကိုကို ပြန်လာပြီ"

"ဟုတ်တယ်"

သူ့အသံက လေးနေသည်။ ဆိုဖာမှာ ထိုင်ချမိ၏။

"ကိုကို ဘာဖြစ်လို့လဲ၊ နေမကောင်းဘူးလား"

ဝေးသွားရရင်ရော . . .

တကယ်ဝေးသွားရင် အဖြူရောင်အချစ်တွေနဲ့ သူ ကျန်ရစ်ရမှာပါ။

ဝတ္တာ ပြန်ရောက်လာပြီး သုခကို ချော့မော့ခေါ်လျှင်

ဟူး . . . ဒါဟာ အဖြစ်သင့်ဆုံး ကိစ္စတစ်ခုပါပဲ။

ခန် . . . မင်း ခံနိုင်ရည်ရှိရမယ်လေကွာ ဟု သူ့ကိုယ် သူ အားတင်းမိ၏။





တုန်လှုပ်စိတ်ကို ဖြေဖျောက်မိ၏။

"ကိုကို ဘာဖြစ်လို့လဲဟင်"

သုခက သူ့ကို ငုံ့ကြည့်သည်။

"ခေါင်း အရမ်းကိုက်လို့ပါ"

သူ ညာမိသည်။ အမှန်အတိုင်း ပြောလို့မှ မဖြစ်တာ။

အိပ်ခန်းထဲ တန်းဝင်လာပြီး ကုတင်ပေါ် ပစ်လှဲသည်။

သုခနှင့် လောလောဆယ် မျက်နှာချင်းမဆိုင်ချင်၊ စကားမပြောချင်။

သူတစ်ယောက်တည်း နေချင်သည်။

"သုခ"

ခဏကြာတော့ သုခကို သူ ခေါ်မိ၏။

"ဘာလဲကိုကို"

သုခက ခနကို ငေးကြည့်နေမိ၏။

ခနက တိုးတိုးသက်သက်ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာလို့ ကိုကို့ကို တစ်ယောက်တည်း ထားချင်ရတာလဲ . . . ကိုကို့အနားမှာ နေပါ"

သူ့စကားတွေကြောင့် သုခ မျက်လုံးကလေး ဝိုင်းသွား၏။

"ကော်ဖီဖျော်ခဲ့မယ်"

"မသောက်ချင်ပါဘူး။ ရင်ထဲမှာ ပူနေတယ်"

ကလေးတစ်ယောက်လို ဂျီကျနေတာကို ပြုံးမိရင်း သုခ ပင့်သက်လည်းရှိုက်မိ၏။

သူ ရောက်လာမည့်အချိန်ကို စောင့်နေလိုက်ရတာ။

သူ့မျက်နှာမြင်မှ ရင်ထဲ ရေတံခွန်လို အေးကြည်လန်းဆန်းသွားရသည်။

သူ့ကြည့်ရတာ အရမ်း ဖျားနေတာလည်းမဟုတ်။ တစ်ခုခု ဖြစ်လာပုံရသည်။

သုခက သူနှင့် မလှမ်းမကမ်းမှာ သွားထိုင်မိ၏။





"ကိုကို့ကို သုခ စိတ်ပျက်နေလား"

"ဟင့်အင်း . . . မပျက်ပါဘူး"

ကမန်းကတန်း ဖြေမိသည်။

အခန်းကျဉ်းကလေးရဲ့ မျက်နှာကြက်ဖွေးဖွေးကလေးအောက်မှာ တစ်ယောက်နဲ့တစ်ယောက် ဖေးမအားပေးရင်း သန့်ရှင်းဖြူစင်စွာ ရှိနေရတာကို နှစ်ယောက်စလုံး ကျေနပ်နေကြတာပဲ မဟုတ်လား ဦးခနတိုးညီရယ်။

ရှင်က သုခကို စောင့်ရှောက်ပေးရလို့ ကျေနပ်နေတယ်၊ သုခကလည်း ရှင့်လို မြင့်မြတ်တည်ကြည်တဲ့ ယောကျ်ားတစ်ယောက်ရဲ့ အရိပ်မှာ ခိုလှုံနေခွင့်ရတာ ပြီးပြည့်စုံလွန်းပါတယ်။

ဘယ်လိုမှ မမျှော်လင့်ထားနိုင်တဲ့ အေးချမ်းပျော်ရွှင်တဲ့ အချစ်တွေ ယူဆောင်လာပေးတယ်။

မယုံနိုင်စရာကောင်းလိုက်တာနော်။



www.burmeseclassic.com

www.burmeseclassic.com



ဟိုးတစ်လောတုန်း ရက်တွေက ငိုခဲ့ရတဲ့ မျက်ရည်တွေဟာ အပျော်အဖြစ် ပြောင်းလဲသွားမယ်လို့ ဘယ်တုန်းကမှ မထင်ဘူး။

"ကိုကို စိတ်ညစ်နေတယ်သုခ"

"ဟင် . . . ဘာလို့လဲ သုခကြောင့်လား"

"ကိုကို့စိတ်ထဲမှာ လေးနေသလိုပဲ"

"အဓိပ္ပါယ်မရှိလိုက်တာ ကိုကိုရယ်၊ ကလေးလေး ကျနေတာပဲ"

နိမိတ်မရှိသော ကိုကို့စကားကို သုခ တုန်လှုပ်၏။

ဘာတွေဖြစ်လာလို့ အခုလို ထိတ်လန့်နေရတာလဲ။

"သုခ ရှင့်ကို မခွဲနိုင်ပါဘူး"

မပွင့်တပွင့် တစ်ခွန်းတော့ ပြောမိသည်။

"ကိုကိုရော သုခကို ခွဲနိုင်လို့လား"

ကိုကိုက သုခကို စူးစိုက်ကြည့်၏။





သုခ မျက်လွှာချရင်း ရင်တွေ တဒိတ်ဒိတ် ခုန်လာ၏။

ဘာကြောင့်မှ . . .

ဘယ်တော့မှ . . .

ဘယ်သူ့အတွက်နဲ့မှ . . .

သုခ . . . ရှင့်ကို မခွဲနိုင်ဘူး။



www.burmeseclassic.com

www.burmeseclassic.com

ဓနတိုးညီက သုခကို စေ့စေ့ကြည့်ပြီး ဖျတ်ကနဲ မတ်တပ်ရပ်သည်။

သည်အခန်းထဲက ခုအချိန်မှာ ထွက်ခွာသွားတာ အကောင်းဆုံး။

အတူတူရှိနေလျှင် . . .။

ဆက်မတွေးချင်တော့ပါ။

တစ်ခုခု ပြောမိမည်။

ရင်ထဲက စကားတွေ ပွင့်ထွက်လာမည်။

ဒါမှမဟုတ် သုခကို သူ စိတ်မထိန်းနိုင်ဘဲ ပွေ့ဖက် မိလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ် ခဏ အပြင်သွားမယ်"

သူ တဖျတ်ဖျတ် လှေခါးဆင်းလာခဲ့၏။

သူ့စိတ်အတွေးအားလုံး သုခဆီမှာပဲ ကျန်ရစ်၏။

ဒါကို သူပဲ သိသည်။

သုခရယ် ...

ဘယ်ကာလအထိ သည်လို ထိန်းချုပ်ဟန်ဆောင်နေသွားကြမလဲ။

◆ ◆ ◆



"တော်ပါတော့ မဖြေရှင်းနဲ့တော့၊ လုံးဝ မကြားချင်တော့ဘူး"

ဒေါသထွက်သံနှင့် ပြောရင်း သူ့ကို ထားရစ်ကာ ထွက်လာခဲ့၏။

သူ့ရယ်သံက ကပ်ငြိပါလာသည်။

ကြည့်စမ်း သူက ရယ်စရာ လုပ်ပစ်သည်။

နှုတ်ခမ်းလေးကိုက်ရင်း ချက်ချင်းပဲ ဝမ်းနည်းကာ မျက်ရည်တွေ ပိုးပိုးပေါက်ပေါက် ကျလာသည်။

"ရယ်ရတယ်ကွာ..ဟား..ဟား၊ လုံးဝ မတင်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုမှ သည်းမခံနိုင်သော ကိစ္စကိုသူမို့ လုပ်ရက်ပါသည်။

ခံစားရမယ်မှန်း သိလို့ တမင်လုပ်တာလား။

သူ့ရည်ရွယ်ချက်က ရက်စက်လွန်းသည်။

ပါးပေါ်လိမ့်ကျလာသော မျက်ရည်တွေကို ဒေါသနှင့် သုတ်ပစ်သည်။

အလကား . . . သူ သုခကို မချစ်ပါ။

"သုခ"

သူ အနားရောက်လာပြီဆိုတာ သိသည်။

"သွား . . . မလာနဲ့၊ အခုမှ ချွင့်တောင်းနေစရာလည်း မလိုဘူး။ ရတယ်၊ ရှင့်စိတ်တိုင်းကျ ကြိုက်သလိုလုပ်၊ ရှင့်သဘော"

သူက 'ကြော့' နှင့်အတူတူ shopping ထွက်သည်။ ကော်ဖီဆိုင်ထိုင်သည်။ တော်တော်နှင့်ပြန်ရောက်မလာ။ သူ့ကို မျှော်ရတာ သုခ ပင်ပန်းလွန်းလှသည်။ သူ လုံးဝ မတရားပါ။





"သူက ဖွတ်ဖိတ်ခေါ်လို့ပါသွားတာ။ မလိုက်လို့ ဘယ်ကောင်းမလဲ။ ခါတိုင်းဆို အမြဲတတွဲတွဲပဲဟာ။ ဒါပေမယ့် ကိုယ့်အကြာကြီး မနေပါဘူး"

သုခ ရင်ထဲ 'ဆူး' တစ်ချောင်း စိုက်ဝင်သွား၏။

သူ့ကို စိတ်ဆိုးလွန်းလို့ ဘာပြောရမှန်းပင်မသိ။

ဒေါသတကြီး ကြည့်ရင်း စကားလုံးတွေက ထွက်မလာ။

"သုခ"

"ရှင့်သဘောအတိုင်း အားလုံးလုပ်လို့ရတယ်၊ ဒီအကြောင်းကို ဒီမှာပဲ ရပ်ပါတော့"

သူက အရယ်မပျက် ကြည့်နေ၏။

သုခ မျက်ရည်တွေကို အံ့သြသလိုလိုနှင့် သက်ပြင်းဟူးကနဲ ရှိုက်သည်။

သိပါပြီ။



www.burmeseclassic.com

www.burmeseclassic.com



သူဟာ သွေးအေးအေးနှင့် ရက်စက်တတ်သည်။

"ဒါ ငိုစရာလားကွာ"

သုခ သူ့ကို ကျောခိုင်းလိုက်သည်။ မျက်နှာလွှဲမိသည်။

သူက လက်မောင်းကို ဖမ်းဆွဲထားတော့ ရုန်းပစ်ရင်း မျက်ရည်တွေက ထပ်ကျလာသည်။

"သုခ"

"သွား"

ခါးခါးသီးသီး တွန်းပစ်တော့ . . . သူ မျက်နှာပျက်သည်။

အခန်းထဲ ပြေးဝင်လာပြီး တံခါးကို ပိတ်ပစ်သည်။ မျက်နှာချင်းမဆိုင်ချင်။

သုခထက် ပိုပြီး တစ်ခြားမိန်းမတစ်ဦးကို ဦးစားပေးသည်။ ကြည့်လို့ကို မရတော့။





အိပ်ရာပေါ်က မွေ့ယာပွရစ်ကို နံရံဆီ ပစ်ပေါက်မိ၏။

"ဟိတ် . . . တံခါးဖွင့်"

တံခါးကို လာထုနေတာ ကြားပေမယ့် မဖွင့်ပေးချင်။

"ဆောရီးကွာ၊ တောင်းပန်ပါတယ် ဒေါ်သုခရယ်"

"သေလိုက်"

နားနှစ်ဖက်ပိတ်ကာ ငြိမ်နေလိုက်၏။

ဘာပြောပြော၊ ပြောချင်ရာပြော ဂရုမစိုက်ချင်။

သူမှ သုခကို ဂရုမစိုက်တာ။

"သုခ ဒီလောက် ဖြစ်မယ်မထင်လို့ပါကွာ၊ ကိုယ် လွန်သွားတယ်၊ တံခါးဖွင့်ပေးပါ၊ အသေအချာ ရှင်းပြမယ်လေ"

သူက စိတ်ရှည်ရှည်ချော့နေ၏။

သူ ဘယ်လောက်ပြောပြော တံခါးမဖွင့်တော့ပါ။

သူ့ကြောင့် . . . သုခစိတ်အနှောင့်အယှက် ဖြစ်ရသော။

သူလည်း နည်းနည်း စိတ်ပင်ပန်းပါစေလေ။



www.burmeseclassic.com

www.burmeseclassic.com



ချက်ချင်းကြီး ခွင့်မလွှတ်နိုင်။

သဝန်တို ပူလောင်စိတ်နှင့်၊ တော်တော်ကလေး ဒေါသ ဖြစ်သည်။

သူ ဘာလို့ အဲဒီ ကြော့ ကို မမေ့နိုင်ဖြစ်ရတာလဲ။

သူ ဘယ်လို တောင်းပန်တောင်းပန် စိတ်ဆိုးမပြေ သောအခါ သူက စိတ်ခါတ်ကျပြီး လက်လျှော့လိုက်၏။

သူ့ကို စကားမပြောဘဲ နေသည်။

မခေါ်မပြော အဖတ်မလုပ်။

နေမင်းရောက်လာတော့မှပဲ သူခ စကားပြောသည်။

''ငါ သူနဲ့ မနေတော့ဘူး''

''ဟာ အဓိပ္ပါယ်မရှိတာဟာ၊ မလုပ်ပါနဲ့''

''ငါ ဆုံးဖြတ်ပြီးသားနေမင်း''

''ဒီလောက် စိတ်မဆိုးသင့်ဘူးလေဟာ''

''ငါ့သဝန်တိုမှန်းသိလို့ သူ အရွဲ့တိုက်တာ၊ တော်ပြီ''

''ကလေးလေးကျနေတာပဲ သူခရယ်''





''နင်မသိသေးပါဘူး နေမင်း''

''တော်ကြာ ကိုနေ စိတ်ပူနေဦးမယ်''

''အလကားပါ၊ ငါ့ကို သူမှ မချစ်တာ၊ ဘာမှ စိတ်ပူစရာ မလိုဘူး။ ပူမယ် ထင်သလား၊ ငါထွက်သွားရင် ရှင်းသွားတယ်ထင်မှာ''

''နင် ခေါင်းမာလှချည်လား''

''နေမင်း . . . ငါ ဒီမှာ မနေဘူးလို့ ပြောပြီးသား''

ဒေါသက သူ့ဘက် လှည့်လာတော့ နေမင်းက ပခုံးတွန့်ရင်း . . .

''ကဲ . . ကဲ ဘယ်သွားချင်လဲ'' ဟု လိုက်ပို့ပေးရတော့သည်။

သူခက သူနှင့် ဖွတ်လိုက်လာခဲ့သည်။ နေမင်းစိတ်မအေးနိုင်။

သူခက ထင်တာ ဖွတ်လုပ်တတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူခကို သူ့အဒေါ်အိမ် လိုက်ပို့ပေးရသည်။

"သုခ"

"အင်း . . . ဘာလဲ"

"ငါ ပြန်တော့မယ်"

ချက်ချင်းကြီး။

"စိတ်ကောက်တာက အကြောင်းမဟုတ်ဘူး၊ ကိုနေက ငါ့ကို တစ်မျိုးထင်မယ်"

"ထင် . . ထင်"

"အိမ်ပြန်ပါလားဟာ"

"မပြန်ချင်ပါဘူး"

"သူလာခေါ်မှာ မဟုတ်ဘူး၊ လိပ်စာမှ မသိတာ"

"ကောင်းတာပေါ့"

"အလကား မူယာမာယာတွေ"

နေမင်းက အမြင်ကပ်သလိုဆို၏။





မနက်တုန်းကလို ဒေါသတွေ ရင်ထဲ မရှိတော့ပါ။

"တော်ကြာ စိတ်တိုပြီး ပစ်ထားရင်ခက်မယ်"

"နေမင်း . . . နင့်ပါးစပ် မပုပ်နဲ့"

"အင်းလေ၊ လာမခေါ်မချင်း နင်စောင့်ပေါ့ သုခ"

သုခက နောင်တရပုံလေးနှင့် မျက်နှာပျက်၏။

နေမင်းပြန်သွားတော့ သုခ ဟိုတွေးသည်တွေးနှင့် ပင့်သက်အခါခါရှိုက်သည်။

အိပ်ရာထက်မှာ လဲလျောင်းပြီး လှမ်းကြည့်လိုက်မှာ တစ်ဖက်အစွန်းရှိ ကုတင်ပေါ်မှာ သူ့ကို မြင်ရမှ သုခစိတ်အေးလက်အေး နှစ်နှစ်ခြိုက်ခြိုက်အိပ်ပျော်တာပါ။

ဘယ်သွားမှန်း မသိဘဲ သူလာမခေါ်လျှင် ဒေါ်လေးအိမ်မှာ သုခ ဘယ်နှစ်ရက် နေရမှာလဲ။

အမယ်လေး . . . နော်

သုခ မှားပါပြီ။



www.burmeseclassic.com

www.burmeseclassic.com



ဖွတ်ထွက်လာခဲ့တာ။

မာန . . . မာန . . . အလကား မာန။

ဘယ်နေရာမှာမှ အသုံးမဝင်သော မာန။

သုခ ချက်ချင်းပဲ သူ့ဆီ ပြန်ချင်မိတော့သည်။

ည ရှစ်နာရီကျော်ကျော်မှာ သုခဆီ ဓန ရောက်လာခဲ့သည်။

သူက သုခကိုမြင်မှ စိတ်အေးသွားသလို ဝုန်းကနဲ ထိုင်ချပြီး အမောဖြေ၏။

''လိုက်ရှာနေတာ နှံ့နေပြီ၊ ကျွန်တော့်ကို စိတ်ဆင်းရဲအောင် လုပ်တယ်''

''ဟုတ်တယ်၊ ဘာဖြစ်လဲ''

သူက 'ကျွတ်' ဟု ရေရွတ်ခေါင်းရမ်း၏။

''နေမင်းက ဖုန်းဆက်နေတာ ကြာပြီတဲ့၊ ကိုယ့်ဖုန်းက Battery ဒေါင်းနေလို့ ဘယ်များသွားလည်းဆိုပြီး ရှာ





လိုက်ရတာ၊ ဘာမဟုတ်တာလေးနဲ့ ကျွန်တော့်ကို စိတ်လုပ်တယ်၊ သုခ ဒီလောက် ဖြစ်မယ်မှန်း လုံးဝ မသိခဲ့ဘူး''

သုခ သူ့ကို မျက်စောင်းရွယ်မိတော့သည်။

ချစ်မှန်းသိလို့ ရှင်က ရောင့်တက်တာ မဟုတ်လားကြော့ နဲ့ မပတ်သက်ဖို့ ပြောထားပြီးသား။

''အခု ဘာလုပ်မှာလဲ''

သုခ အထက်စီးနင်းမေးသည်။

''လာခေါ်တာလေ ပြန်မယ်''

''ဘာလို့ လာခေါ်တာလဲ''

''သုခ ဒေါ်လေးကို အားနာစရာကြီးကွာ၊ ပြန်ကြရအောင်''

''ပြီးရော''

သုခက ခပ်မြန်မြန် လိုက်ခဲ့၏။ ရန်မဖြစ်ချင်၊ အကျယ်မချဲ့ချင်။



www.burmeseclassic.com

www.burmeseclassic.com



''တော်တော်ဗိုလ်ကျပါလားကွာ''

''ရှင် ဘာလို့ သုခ မကြိုက်တာ လုပ်လဲ''

သူက ပခုံးတွန့် လက်မြှောက်ပြ၏။

''အရှုံးပေးပါတယ်ကွာ''

သုခက နှုတ်ခမ်းစူနေ၏။

''တကယ်ပြောတာပါ၊ သုခ ငိုမယ်မှန်းသိရင် ကိုယ် မသွားပါဘူး၊ အိမ်ပြန်ရောက်တော့ သုခ မရှိဘူး၊ ကိုယ် အရမ်း စိတ်ပူတယ်၊ နောက်တစ်ခါ ဒါမျိုး မလုပ်ပါနဲ့''

''လုပ်မှာပဲ''

သူက သက်ပြင်းရှိုက်၏။

''ကိုယ်စိတ်ပူနေရမယ်လို့ နည်းနည်းလေးမှ မစဉ်းစားဘူးလား''

''အမယ်လေး . . မစဉ်းစားပါဘူး''

သူ့ကို သုခက မကျေမနပ် မျက်စောင်းရွယ်မိသည်။





သူနှင့် စကားမပြောချင်။

ကူရှင်ကို မှီချထိုင်ကာ ငြိမ်နေမိ၏။

သူ ရောက်လာမှပဲ လှောင်အိမ်ထဲက ငှက်လို မွန်းကြပ်ပိတ်ဆို့နေသော စိတ်တွေ ပေါ့ပေါးနေသလိုသွား၏။

သူမလာရင် ငိုမိတော့မှာ။

သုခ မျက်ဝန်းတွေကို မှိတ်ထားမိ၏။

မောကြီးပန်းကြီး ရောက်လာပြီး သုခကို မြင်မှ ကျေနပ်သွားသော သူ့ပုံစံကို ဘယ်တော့မှ မေ့မှာမဟုတ်။

ကိုနေတိုးညီရယ် . . .

ရှင် . . . သုခကို ဘာလို့ အဲဒီလောက် ဂရုစိုက်ရတာလဲဟင်။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

တံခါးဘဲလ်တီးသံကလေးက ချိုမြိန်ညင်သာပေမယ့် သူ့ခက ခနနိုးသွားမှာစိုးတာမို့ ချက်ချင်းပဲ တံခါးဝရောက်တာ ချောင်းကြည့်သည်။ အပြင်မှာ ရပ်နေတာက 'ကြော့'။

''ဟင်''

ဘယ်လိုလုပ် ရောက်လာပါလိမ့်။

ခနနေမကောင်းတာ ဘယ်လိုသတင်းရသွားပါလိမ့်။

မြန်လွန်းမနေဘူးလား။

သူ့ခ မျက်နှာလေး ရှုပုတ်သွားရ၏။

ခနနှင့် ဖုန်းပြောဖြစ်လို့သာ သိသွားတာ နေမှာ။

ဉာဏ်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



ဘယ်ကိစ္စကလေးမှ ကြော့ကို လျှို့ဝှက်ထိန်ချန်ထား လို့ မရတော့ဘူးလား။

တကယ်ပါပဲ။

ခနေ ကိစ္စမှန်သမျှ ကြော့က ဝင်ပါစွက်ဖက်နေတော့ သည်။ နေမကောင်းတာ သတင်းမေးလာတော့လည်း ရန်တွေ့လွှတ်၍ မရ။

ပြီးတော့ လူမှုရေးဆိုတာ ရှိသေးသည်။

သူခက အရိုင်းအစိုင်း အကြမ်းအတမ်းတစ်ယောက် မှ မဟုတ်ဘဲ။ ယဉ်ကျေးနူးညံ့သူပါ။

သည်တော့လည်း . . .

ထပ်တစ်ကြိမ် ဘဲလ်မတီးခင် တံခါးကို ဖွင့်ပြီး အပြုံး တုတစ်ခုနှင့် ကြိုလိုက်ရသည်။

နှုတ်ခမ်းတွေက ပြုံးချင်တာ မဟုတ်။

မဲ့ချင်တာ မျက်စောင်းထိုးချင်တာ။





မျက်နှာလွှဲပြီး ကြည့်ချင်စိတ်ကို မရှိတာ။

အသက်မပါသော မဲ့ပြုံးကြီးကို ကြော့လည်း သိမှာပါ။

မိန်းမချင်းပဲလေ။ မသိဘဲ နေမလား။

''ကိုခနေ နေမကောင်းဖူးဆိုလို့''

''ဟုတ်တယ်''

သင်းပျံ့သော ရေမွှေးနံ့ လှပသော ကိုယ်နေဟန် ထား ကြော့မတ်သော ခြေလှမ်း။ စတိုင်ကျလှသော ဝတ်စား မှု။ မှန်းလိုက်တာနော်။

ခနေဆီကို လာတာများ ပြင်ဆင်ခြယ်သထားတာ မင်းသမီးရှုံးလောက်သည်။

သူခကတော့ သူ့ကို စိတ်ပူတာနှင့် ပြုစုရတာနှင့် မနက်ကတည်းက မှန်ပင် မကြည့်ရသေးပါ။

ဆံပင်တွေကို ဘီးကုတ်ကလေးနှင့် နဖူးပြောင်အောင် သပ်တင်ကာ အလုပ်တွေ ရှုပ်နေခဲ့တာ။

www.burmeseclassic.com

www.burmeseclassic.com



အမယ်လေးနော်။

သည်လိုသာဆို ခနအမြင်မှာ အရှမ်းကွာဟနေတော့မှာပဲ၊ ကြော့ကို လှလိုက်တာဆိုပြီး ကြည့်မဝ ဖြစ်နေတော့မှာ။

မနာလိုစိတ်က ရင်ထဲ မွှေနှောက်လာ၏။

''လာလေ . . . ထိုင်ပါ''

''အင်း''

ယူလာသော စားစရာတွေကို ကြော့က စားပွဲပေါ်တင်၏။ ဒုက္ခရှာလို့ . . . ဘယ်သူက ကျွေးမှာမို့လို့လဲ

သူ ယူလာတာတွေ မကျွေးဖေါင်။

သုခ ဆုံးဖြတ်မိ၏။

''ခနက တစ်ခါတလေ ကမွှေလေးလိုပဲ''

ပြောပြန်ပြီ . . . မဆိုင်တာတွေ။

ကလေးပဲဆန်ဆန် လူကြီးပဲဆန်ဆန် သူ့ယေါ်ချင်းသံယောဇဉ်တွေ ရေစီးကမ်းပြိုဖြစ်နေတာ ဘရိတ်အုပ်ရပ်သင့်ပါပြီ။

ဉာဏ်ဝင်းစာပေ



''ခန ကြိုက်တတ်တဲ့ ကြက်သားကြာဇံချက် ယူလာခဲ့တယ်၊ သူက အဲဒါ အရမ်းကြိုက်တာ''

တော်ပါပြီ . . . သည်လို စေတနာတွေ တစ်ခြားတစ်ယောက်အပေါ် ထားပါတော့လား။

အလကား အချိန်ကုန်ခံလို့မှား။

''ခန အိပ်နေလားဟင်''

''ဟုတ်တယ် အိပ်နေတယ်''

''ဒါဆို ကြော့ စောင့်ရမှာပေါ့''

မစောင့်ချင်ပြန်လေဟု ပြောပစ်ချင်တာ နှုတ်ခမ်းယားနေသည်။ နှုတ်ခမ်းဖိကိုက်ကာ ထိန်းထားရ၏။

''ခဏနော်''

အကဲပါသော အသံပိုသောသူ့စကားတွေကို ဆက်နားမထောင်ချင်၊ စားစရာတစ်ခုခု ညှော်ဝတ်ကျွေးစွာ စီစဉ်ပေးဖို့ ထမင်းစားခန်းဘက်ဝင်လာခဲ့၏။

ဉာဏ်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



ကော်ဖီခါးခါးတစ်ခွက်ဖျော်ရင်း ကြော့ ရောက်လာတာကို မနှစ်သက်စိတ်က သူ့ခကို နှိပ်စက်နေ၏။

သို့ခ ကော်ဖီတစ်ခွက်နှင့် ထွက်လာတော့ . . .

''ဟင်''

ကြော့က သူခတို့ အခန်းဝနားပင် ရောက်နေပြီ။

''ဝင်ကြည့်မယ်နော်''

တံခါးဟာ ခြေလှမ်းစပြီးမှ ခွင့်တောင်းနေသေးသည်။

ရယ်စရာ မကောင်းလွန်းဘူးလား။

သူခက နှုတ်ခမ်းတွေစေ့ရင်း ခေါင်းမညိတ်ပေမယ့် ကြော့က ဝင်သွားခဲ့ပြီ။

ဘယ်လိုကြီးလဲ။

ဟိုဘက်အစွန် သည်ဘက်အစွန် အိပ်ရာနှစ်ခု ရှိနေတာကို ကြော့က တအံ့တဩနှင့် ဝေ့ဝဲအကဲခတ်၏။

သည်မိန်းမ တရားလွန်ပြီထင်။

ဉာဏ်ဝင်းစာပေ



ထိုအချိန်မှာ ခနက လူးလွန့် နိုးလာခဲ့၏။

''ဟင်''

ကြော့ကို မြင်တော့ ငေါက်ကနဲ ထထိုင်သည်။

''ကြော့ ဘယ်တုန်းက ရောက်လာတာလဲ''

''အခုလေးတင်''

''ညှော်ခန်းသွားရအောင်''

''ရပါတယ် ခနရယ်၊ လှဲနေပါ။ နင် သက်သာရဲ့လား။ ငါ စိတ်ပူလို့ လိုက်လာတာ''

''သက်သာပါတယ်''

''အဖျားကျသွားပြီလား''

''အေးဟ''

ခနက သူခမျက်နှာကို လှမ်းကြည့်ပြီး အိပ်ရာထက်က ဆင်းပြီး ခြေလှမ်းစသည်။

ကျိုးကျိုးကျော်ကျော် သူများအခန်းထဲအထိ ဝင်လာသော သူ့သူငယ်ချင်းကို နားလည်မပေးနိုင်တော့၏။

ဉာဏ်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



အရမ်း လွန်ကဲသွားပြီ။

ဧည့်သည်က ဧည့်သည်လို မနေ။

ဒါ ဘယ်လို သဘောကြီးလဲ။

ဓနက မျက်နှာပျက်နေသည်။

သုခက ဓနကို အေးစက်စွာ စိုက်ကြည့်နေ၏။

မျက်လုံးချင်းဆုံတော့ သူက တောင်းပန်သလို ကြည့်၏။ သုခ အရမ်း စိတ်ဆိုးသွားတာ သူသိပါသည်။

ကြော့ ပြန်သွားလျှင် ပြဿနာ တက်တော့မည်။

သုခက ကော်ဖီခွက်ချပေးပြီး မီးဖိုချောင်ဘက် ပြန်ဝင်လာခဲ့၏။

''ဟဲ့ . . . နင့်မိန်းမက သိပ်မကြည်ဘူး''

ကြော့က ပါးနပ်စွာ သိနေ၏။

''သူက အဲဒီလိုပဲ''

''ဟုတ်လား၊ နင့်ကို ရန်လုပ်မှာလား''

''ဒါပေါ့''





''ဆောရီးဟာ၊ ကြော့ မှားသွားတယ်၊ ကြော့က ဓနကို တွေ့ချင်လို့ပါ၊ အခန်းထဲဝင်မလာရင် သူက နှိုးပေးမှာ မဟုတ်ဘူးဟဲ့ သိလား''

ဓနက သက်ပြင်းရှိုက်သည်။

နှိုးမပေးလည်း ပြန်ပေါ့ဟာ ဟု ပြောရခက်သည်။

တကူးတက သတင်းမေးလာတာ မဟုတ်လား။

''ကြက်သားကြာဇံပြုတ် ယူလာတယ် စားမလား''

သူ ခေါင်းရမ်းမိ၏။ မစားချင်သေးပါ။

သုခ စိတ်ဆိုးသွားမှာ စိုးရိမ်နေမိသည်။

သူ့ကို ကလေးလေးတစ်ယောက်လို ပြုစုတာမို့ သူ့ရင်ထဲမှာ ပီတိလှိုင်းက ဒီရေလို တလိပ်လိပ် တက်နေခဲ့တာပါ။

အခုတော့ ကြော့ကြောင့် ဒီရေလှိုင်း တရိပ်ရိပ်ကျခဲ့ရပြီ။

သုခရယ် . . .



www.burmeseclassic.com

www.burmeseclassic.com



ကြော့က ကိုယ့်ရင်ထဲမှာ မရှိပါဘူး။

ရှိတာက သုခတစ်ယောက်တည်းပါ။

မပိုင်ဆိုင်ရမှန်း သိထားလည်း ကိုယ် ရင်ခုန်နေမိတယ်ကွာ။

ပေးဆပ်ခြင်းသက်သက်နဲ့ နေရတာလည်း ကိုယ် ကျေနပ်နေတယ်။

သုခ သိရဲ့လား။

♦ ♦ ♦



အကြီးအကျယ် မုန်တိုင်းကျတော့မည်ဟု ထင်ထားခဲ့ပေမယ့် သုခက ငြိမ်သက်နေခဲ့သည်။

ဒါဟာ စိတ်ကုန်ခြင်းများလား။

ရန်မတွေ့ချင်တော့လောက်အောင် စိတ်ပျက်သွားပြီလား။

ခနဲ တွေတွေငေးငေးနှင့် ဘယ်လိုမှ နားမလည်နိုင်။

ဟူး . . .

ထူးဆန်းလိုက်တာ။



www.burmeseclassic.com

www.burmeseclassic.com



သုခမျက်နှာလေး ညှိုးငယ်ပျက်ယွင်းနေ့တော့ သူ့ရင်ထဲမှာလည်း သွေ့ခြောက်လစ်ဟာနေ၏။

ကိုယ် ဘာမှားသွားသလဲ သုခရယ်။

ကိုယ့်ကို ရန်လုပ်စိတ်ကောက်ပါလားကွာ။

အဲဒါဆို ကိုယ်ဖြေသာမယ်၊

ဘာမပြော ညာမပြော တိတ်တိတ်နေပြီးတော့ အပြင်းထန်ဆုံး မထိုးနှက်ပါနဲ့လား။

ကိုယ် ခံနိုင်ရည် မရှိလို့ပါ။

◆ ◆ ◆





ဉက္ကာစကားကြောင့် ဝင်းခန့်တ 'ဟိတ်ကောင်' ဟု ဝင်ဟန့်တားပေမယ့် သုခက သေသေချာချာ ကြားသွားခဲ့ပါပြီ။

''ပွင့်ဖက်ခြွေတဲ့ ကောင်မလေး'' ဟုတ်လား''

''ဟုတ်တယ်လေ''

ဉက္ကာက လွှတ်ကနဲ ပြောမိသွားပြီမို့ မထူးတော့ပါ။

''သူက သုခကို အဲဒီနေ့ကတည်းက အရမ်းခိုက်သွားတာဗျ''

သုခက ရင်ထဲမှာ တဒုင်ဒုတ် ခုန်မိရင်း ကြားရတာတွေ မယုံချင်။ ဟုတ်မှ ဟုတ်ရဲ့လား။



www.burmeseclassic.com

www.burmeseclassic.com



ခနက သုခကို သိနေသတဲ့လား။

သူက သုခကို သိနေလို့များ သနားပိုပြီး လက်ထပ်ဖို့ ဖွတ်မိုတ်ဆုံးဖြတ်ခဲ့တာလား။

ခနရယ် . . .

ရှင်ဟာ လျှို့ဝှက်သိုသိပ်လွန်းသူပါလား။ . .

ရင်ထဲက ဆန္ဒကို ထိန်းချုပ်မျိုသိပ်လွန်းသူပါလား။

ပြီးတော့ သူဟာ သူ့မဟုတ်သလို ဟန်ဆောင်တတ်သူပါလား။ သုခကို လုံးဝ စိတ်မဝင်စားသလိုလို၊

စောင့်ရှောက်တာ ဂရုစိုက်ပေးတာကတော့ အလွန်တရာပါပဲ။ သူ လျှို့ဝှက်ထားတာက သူ့ ရင်ခုန်သံ။ သူ့ ရင်ခုန်သံကို ခုမှပဲ သိရတော့သည်။

သုခက အံ့လွန်းသူပါ။

"အဲ့ဒီကဗျာ ကျွန်မ ဖတ်ချင်လိုက်တာ"

"နိုးလာမှပဲ ရမယ်"





ဝင်းခန့်က ဥက္ကာကို မကျေမနပ်နှင့် သုခကို ဘုတောတ၏။

"နိုးလာပေ့ါ ဘာဖြစ်လဲ"

သုခက ကြည်ကြည်နူးနူး အသံကလေးနှင့် . . .

"ကောင်းသားပဲ၊ သူမသိအောင် တိတ်တိတ်ကလေး ယူလာခဲ့မယ်"

"တကယ်ယူလာပေးပါ သူက သုခကို မပြောဘူး လျှို့ထားတာရှင့်"

"ဟုတ်လား ဒီလို ဘယ်ရမလဲ၊ သူ့ကဗျာက တစ်ထောင့်တစ်ည ပုံပြင်လိုပဲဗျ ရှည်လိုက်တာ အရမ်းပဲ။ သုခကို သူက စာဖွဲ့ထားတာ"

သုခ မျက်လုံးကလေးတွေ ရွှန်းတောက်ကြည်လဲ့ကာသာ၏။ ဘဝမှာ တစ်ခါမှ သည်လောက်ထိအောင် မပျော်ရွှင်ခဲ့ဘူးပါ။



www.burmeseclassic.com

www.burmeseclassic.com



နှလုံးသားမှာ တစိမ့်စိမ့် ရိုက်ခတ်သော ပီတိလှိုင်းက ကြီးမားလှ၏။

ရှင်က သုခကို ကယ်တင်ကူညီထားရုံကလေးပါ လား ဆိုပြီး စိုးရိမ်အားငယ်နေမိတာ။

သုခ ချစ်သူအရွေးမှားခဲ့ဖူးပါတယ်။

ဒါပေမယ့် ဓနု ဆိုတဲ့ ရှင်နဲ့ တွေ့ခဲ့ရတာ သိပ်ကို လှပလွန်းတဲ့ ကံတရားပါလား။

လှပတဲ့ ကံကလေးကို သုခ ဘဝထဲက ပြန်ထွက် သွားခွင့် မပြုချင်ဘူး။

◆ ◆ ◆



ဓနု ရေးထားတာက ကဗျာဆိုပေမယ့် ကာရံမပါ။

အဲ့ဒါ ကဗျာ ဟုတ်ပါ့မလား။

ခံစားမှု စာစုကလေးပါ။

အသေးစိတ် ဖွဲ့နွဲ့ထားသော သူ့စာကြောင်းများကို ဖတ်ရင်း သုခ မျက်ရည်လေးတွေ လည်လာမိပါသည်။

အဲဒီနေ့က သုခ ငိုနေခဲ့သည်။ ကိုကို လက်မထပ်မှာ အရမ်းသွေးပျက်ခြောက်ခြားနေခဲ့သည်။

သုခက ထုံးစံအတိုင်း နှင်းဆီတစ်ပွင့်ကို ခြွေကြည့် ခဲ့သည်။ သို့ပေမယ့် နောက်ဆုံးပွင့်ဖတ်ကလေးက နိုး ဟု



www.burmeseclassic.com

www.burmeseclassic.com



အဖြေထွက်ခဲ့သည်။ ကိုကို သုခကို လက်ထပ်မှာမဟုတ်ဘူး ဟု သုခ ကြိုသိနေခဲ့သည်။

သို့ပေမယ့် သူက သုခကို ကယ်တင်ကူညီခဲ့သော အခါ ပွင့်ဖတ်ခွေအဖြေကို မှားသွားခဲ့ပြီပဲ ထင်ခဲ့မိတာပါ။ သို့ပေမယ့် သူဟာ ခနတိုးညီ။ ဝဏ္ဏတိုးညီ မဟုတ်ပါ။

ဝဏ္ဏက လက်မထပ်ချင်သဖြင့် ရှောင်ပြေးသွားခဲ့ သည်။ သစ္စာမဲ့လွန်းသည်။ ရက်စက်လွန်းသည်။

သည်ဘဝ သည်မျှပါပဲ . . .

သူ့ကို သုခ ဘယ်တော့မှ မမြင်ချင် မတွေ့ချင် ရင်မဆိုင်ချင်။ ပတ်သက်ဖို့ဆိုတာ ဝေးရော . . .

နှလုံးသားက တဆစ်ဆစ်နာကြည်းခဲ့ပြီ။

◆ ◆ ◆



ကြော့က မနက်အစောကြီး ဖုန်းဆက်လာသောအခါ တိုက်ဆိုင်စွာပဲ ဖုန်းကိုင်မိသူက သုခဖြစ်ကာနေ၏။

"ကိုခနရော"

မေးသံကိုက ပိုင်ပိုင်နိုင်နိုင်။

အဲ့ဒီ မေးပုံမေးပေါက်ကို အရမ်းမုန်းသည်။

ကြော့ကို မုန်းတီးစိတ်က တစ်နေ့တခြား များသထက် များလာပါရောလား။

"ဘာကိစ္စရှိလို့လဲ" ဟု အပြတ်မေးလိုက်ပြီး တစ်ထစ်လျှော့ကာ 'မှာခဲ့လေ' ဟု ဆိုမိ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်တော့ ပြန်လာမှာလဲ"

"မသိဘူး"

ခနု ရှိနေပေမယ့် ခေါ်မပေးချင်။ စောစောစီးစီး ဘာလို့ နှောင့်ယှက်ချင်ရတာလဲ။

"ဝဏ္ဏက ဖုန်းဆက်လို့ သဘက်ခါ ရောက်မယ်။ လာကြိုတဲ့၊ အဲဒါပြောပေး၊ သူညီက ကြော့ဆီ ဆက်တာ၊ သူ့အစ်ကိုဆီတော့ မဆက်ဘူး"

ကြော့စကားတွေကြောင့် သုခ ရုတ်တရက် ငြိမ်သက်တောင့်တင်းသွားရသလိုပါ။ ရင်ထဲမှာ လှိုက်ခါအေးစက်သွား၏။

"သုခ . . . ဘယ်သူလဲ"

ခနုက ဘေးနားရောက်လာပြီး မေးတော့မှ ဖုန်းကို သူ့လက်ထဲ လှမ်းပေးမိ၏။ ပြီးတော့ မကြားရဲစွာ ထထွက်လာခဲ့သည်။ စိတ်ထဲမှာ မလုံခြုံ။ ဘယ်မှာ ပြေးပုန်းနေရမလဲ။

◆ ◆ ◆



ဖုန်းပြောပြီးသောအခါ ခနု မျက်နှာလည်း တအား မှုန်သည်။ စကားပင် မဆိုနိုင်။

ညှော်ခန်းမှာ တိတ်ဆိတ်နေ၏။

ကြာတော့ ခနုက တိတ်ဆိတ်မှုကို သည်းမခံနိုင်ဘဲ တီဗွီဖွင့်သည်။ ထွက်လာသော သီချင်းသံက သုခကို အလွန် အမင်း နှိပ်စက်၏။

ငိုချင်နေတာပဲ သိတယ် ခနုရယ် . . .

သုခ ဘာလုပ်ရမလဲဟင် . . .

Rဇာနည်နှင့် ကြိုးကြာတို့ ဆိုထားသော လွဲနေတဲ့ ဆုံမှတ်များ သီချင်းက ခနုကို ကြေကွဲထိရှစေပါသည်။



www.burmeseclassic.com

www.burmeseclassic.com



သည့်သီချင်းကို သည့်အချိန်မှာမှ ဖွင့်မိသည်။

ကိုယ့်ဘဝရဲ့ နေ့တွေရယ်
ကိုယ့်ဘဝရဲ့ ညတွေတိုင်း
တိတ်တဆိတ်နဲ့ အချစ်ဝင်လာ
တိတ်တဆိတ်နဲ့ အချစ်ထွက်သွား
နေဝင်ချိန် နေထွက်ခဲ့ခြင်းတွေလို
ကိုယ့်စိတ်ဟာ မပြတ်သားဘူး
လျှို့ဝှက်ချက်တစ်ခုနဲ့
နေဝင်ပြီးမိုးချုပ်
ဆုံမှတ်တို့ လွဲနေပြီ
တားမြစ်ချက်တို့ ရှိနေပြီ ချစ်လျက်နဲ့
ဆုံမှတ်တို့ တွေ့ချိန်မှာ
မင်းနဲ့တို့ လွဲနေ ချစ်လျက်နဲ့။

အရှေ့ဘက်မှာ စောင့်ခဲ့တယ်၊ ကိုယ့်ဘက်ကို လာနိုင်မလား။





အနောက်ဘက်ကမ်း ကိုယ်ကလည်း စောင့်နေဆဲချပ်နေလို့။

"သုခ"

"ရှင်"

သူကလည်း စကားစဖို့ အင်မတန် ဝန်လေးလွန်းသူသလို သုခကလည်း သူတစ်ခုခု ပြောလာမှာ သိပ်ကြောက်နေပါသည်။

"သဘက်ခါ ကိုယ် အပြင်သွားစရာရှိတယ်"

"အင်း"

ခေါင်းညိတ်မြှရုံကလွဲ၍ ဘာမှ မမေးရဲ။ ကြော့ မုန်းဆက်တာပင် ရန်မလုပ်ရဲတော့ပါ။

တကယ်တော့ သူနှင့်သုခ ဘာမှမဆိုင်။

သူ့ကိုယ်ရေးကိုယ်တာကို ဝင်စွက်ဖက်ခွင့်မရှိ။

"တစ်နေ့လုံးလည်း ဖြစ်ချင်ဖြစ်မယ် သုခ ဖြစ်ရဲ့လား။ ဒေါ်လေးတို့အိမ် ပို့ပေးခဲ့ရမလား"



www.burmeseclassic.com

www.burmeseclassic.com



''အင်း''

သုခ ထပ်ပြီး ခေါင်းညိတ်သည်။

သဘက်ခါဟာ ခနနဲ့ သုခရဲ့ ဖာတ်သိမ်းခန်းလား။

ရင်ထဲမှာ မွန်းကြပ်စွာနှင့် သူ့အပါးက ခွာမပေးချင်။

သုခလိုက်လို့ မရဘူးလားဟု မေးချင်ပေမယ့် ကိုယ်တိုင်က မလိုက်ချင်။ ဝဏ္ဏဆိုသူနှင့် ရင်မဆိုင်ချင်။

တစ်သက်လုံး သူ့စိမ်းတွေလိုပဲ နေသွားချင်သည်။

သုခလိုက်မသွားတာ အကောင်းဆုံးပါပဲ။

''ညလည်း ညဥ့်နက်မယ်ထင်တယ်''

''ရပါတယ်''

''ကိုယ်ကိစ္စပြီးတာနဲ့ လာခေါ်မယ်''

ထိုစကားလေးက အနည်းငယ် နေသာစေသည်။

အပြီးတိုင် ခွဲခွာရတာ မဟုတ်လောက်သေး။

''သုခ . . . ကိုယ့်ကို ကျေနပ်ရဲ့လား''

ခနက စိုးရိမ်မကင်း။





ကြော့ ဖုန်းဆက်လျှင် သုခ ကောက်နေကြ မဟုတ်လား။

သည်တစ်ခါပဲ သုခက ရန်မတွေ့တာ။

ဝဏ္ဏပြန်လာလျှင် သုခကို ဝဏ္ဏလက်ထဲ ပြန်ပေးမှာပါ။ သုခ ပျော်ရွှင်ပါစေ။

သုခအပြုံးကို သူမြင်ချင်သည်။

သာယာသော ဘဝလေးကို လျှောက်လှမ်းစေချင်ပါသည်။ သူက စွန့်လွှတ်အနစ်နာခံနိုင်သော မေတ္တာတွေနှင့် အေးမြစွာ ချစ်မိသူပါ။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

"ကိုကို… ကိုကိုဓနု… ဘာလို့ သုခကို ခေါ်မလာ ဘာလဲ၊ ကျွန်တော် တွေ့ချင်တယ်၊ တွေ့ချင်လို့ ပြန်လာတာ၊ တောင်းပန်ချင်တယ်"

"ညို… ဝဏ္ဏ မင်းတော်တော့ အရမ်းများနေပြီ"

ဟု ဓနုက ဝဏ္ဏ လက်ထဲက ဖန်ခွက်ကို ဆွဲယူသည်။ ဝဏ္ဏ ကာ သိပ်သောက်လို့မရ။ သူနှင့်မတည့်။

"မင်း ဒီကိစ္စကြောင့် မူးအောင် သောက်စရာ မလို ဘူး မမူးလည်း ရှင်းလို့ရတယ်၊ ငါ သုခကို မင်းလက်ထဲ ပြန်အပ်ဖို့စောင့်နေတာကွ"

ဉာဏ်ဝင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



ခနေက အသံမာမာနှင့် ဆိုမိသည်။

သူငယ်ချင်းတွေ အားလုံးကို ပြန်ခိုင်းပြီး သူနှင့်နှစ်ယောက်တည်း နေရစ်တာ ဒါကြောင့်ကိုးဟု သဘောပေါက်သွား၏။

"ပြန်ပေးမယ် တကယ်လား ကိုကို"

"ပြန်ပေးမှာပေါ့ ငါနဲ့ ဘာဆိုင်လို့လဲ"

"ဟာ . . . အံ့သြစရာကြီး"

ဝဏ္ဏက ဖန်ခွက်မတွေ့တော့ ပုလင်းလိုက် မော့သောက်၏။ အခုလောက် ရင်နာနေမယ်ဆို အစက ဘာလို့ ထားသွားရတာလဲ ဝဏ္ဏရာဟု သူမေးချင်ပါသည်။ သို့ပေမယ့် မမေးတော့ပါ။ ဝဏ္ဏ အရမ်းမူးနေပြီ၊ အိမ်ပြန်ဖို့ လုပ်ရမည်။

ညဉ့်နက်နေပြီမို့ သူ့ကို သုခ မျှော်နေတော့မည်။

"အခုပဲ သုခကို သွားတွေ့ရအောင်"

"မနက်မှ တွေ့ပါကွာ၊ မင်းဒီလောက် မူးနေတာ"

"သူ . . . ညီ့ကို ခွင့်လွှတ်ပါ့မလား ကိုကို"





ခနေက ငြိမ်နေသည်။ သူ မသိပါ။ သုခစိတ်ကို သူ ဘယ်လို နားလည်မှာလဲ။

"ကိုကို . . . ကျွန်တော် အရမ်းလွန်တယ်၊ ကိုကို ခွင့်လွှတ်ပါ ကျွန်တော့်ကို"

"အေးပါကွာ၊ ငါက အမြဲတမ်း ခွင့်လွှတ်ပါတယ်"

ဝဏ္ဏကို တွဲပြီး အိမ်ကို ပြန်ပို့သည်။

ပြီးမှ သူ သုခကို သွားခေါ်သည်။

သူ့ရင်ထဲမှာ ယူကျုံးမရ ကြေကွဲနေ၏။

ကိုယ်ပျော်သင့်တာ . . .

မင်းတို့ ဘဝလေး လှပစိုပြေလာတော့မှာ ကိုယ်ဝမ်းသာပါတယ် သုခရယ် တကယ်ပါ။

သုခဆီကို လာရာလမ်းမှာ သူတစ်ယောက်တည်း ပြုံးနေမိ၏။ ကြေကွဲခြင်းတစ်ဝက် ကြည်နူးခြင်းတစ်ဝက်။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com

"ကိုကို"

သူခက သူ့ရောက်လာတော့ ချက်ချင်း ဆင်းလာသည်။

"အေးတယ် အနွေးထည် မဝတ်ဘူးလား"

"ရပါတယ်"

ဆံပင်လေးတွေ သပ်တင်ကာ သူ့ကို ပြုံးပြ၏။

"ပြန်တော့မှာလားဟင်"

"ပြန်တာပေါ့"

သူခက သူ့နောက်မှာ ငြိမ်ငြိမ်ကလေး ပါလာ၏။ ကားထဲရောက်တော့ သူ့ကို ကြည့်ကာ ကြည့်ကာနှင့် ရယ်၏။

"ဘာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကိုကိုက ချောတယ်တဲ့ နေမင်းက"

"ဟုတ်လား။ ဒီကောင့်ကို One Table လုပ်ပေးရမယ်၊ စောစောက ပြောရောပေါ့"

သူတို့နှစ်ဦး စိတ်ရှုပ်စရာတွေ ခဏမေ့ထားမိ၏။ မနက်ဖြန်ကို မစဉ်းစားချင်သေးပါ။ ထိုအချိန်မှာပဲ ဖုန်းမြည်လာသည်။ ဝဏ္ဏလဲကျသွားလို့ ဆေးရုံပို့လိုက်ရပြီတဲ့။

ခနု ချက်ချင်းပဲ ကားကို ပြန်ကွေ့သည်။ စိတ်တွေ အရမ်းပူသွားသည်။

"မသောက်ပါနဲ့၊ မတည့်ပါဘူးဆိုတာ နားမထောင်ဘူး၊ မိုက်တယ် လူမိုက်"

ကရုဏာနှင့် အပြစ်တင်မိ၏။ သုခက ကျောက်ရုပ်ကလေးလို မလှုပ်မယှက်ပါလာသည်။ စကားလည်းမဆိုဘာသံမှ မထွက်။

◆ ◆ ◆



ခနုနှင့် သုခ ဆေးရုံရောက်သွားချိန်မှာ ဝဏ္ဏက စကားပင် မပြောနိုင်တော့ပါ။

တောင်းပန်သော သူ့အကြည့်တွေကို သုခ နားလည်ခဲ့သည်။

သူ့ပုံစံကို ကြည့်ပြီး သုခ စိတ်မှာ ကတုန်ကယင်နှင့် ဘာလုပ်ရမှန်းမသိ။

"ဝဏ္ဏ . . . ညီလေး"

ခနုက အံကြိတ်ပြီး ခေါ်သည်။

ဝဏ္ဏလက်ကို တင်းတင်းကြပ်ကြပ် ဆုပ်ထားသည်။



www.burmeseclassic.com

www.burmeseclassic.com



ဝဏ္ဏ မျက်လုံးတွေက သုခဆီမှာ စိုက်တန့်နေ၏။

သူ ဘာပြောချင်တာလဲ။

သုခ မျက်ရည်စတွေ ပါးပြင်ပေါ် စီးကျလာ၏။

'လက်ထပ်မယ်၊ ခမ်းခမ်းနားနား သုခစိတ်တိုင်းကျ လက်ထပ်မယ်' ဆိုတာ ဝဏ္ဏဘဝမှာ သုခကို ပြောခဲ့သော နောက်ဆုံးစကားပါ။

ထိုစကားပြောပြီးကတည်းက ပျောက်သွားလိုက်တာ အခုပြန်တွေ့ရတော့ ဘာစကားမှ မပြောနိုင်တော့ပါ။ သုခ သူ့ကို ခပ်တိုးတိုးပြောမိသည်။

"ခွင့်လွှတ်ပါတယ်"

တစ်သက်လုံး ခွင့်မလွှတ်ဘူးဟု ဆုံးဖြတ်ထား တာ။ သို့ပေမယ့် ခနအတွက် မမြင်ရသေးသည့် ကလေး အတွက် သုခ သူ့ကို ခွင့်လွှတ်ပေးလိုက်ပါပြီ။

သူစိတ်ဖြောင့်ဖြောင့်သွားပါစေတော့ . . .





သုခကို တောင်းပန်ဖို့ ပြန်လာတာပဲ ဖြစ်ဖြစ်၊ နှောင့်ယှက်ဖို့ ပြန်လာတာပဲဖြစ်ဖြစ် သုခ ကြေအေးပေးလိုက်ပါပြီ။

ဒါဟာ သုခတို့ရဲ့ ကုသိုလ်ကံပါပဲ။

သူ့ကို အပြစ်မယူလို့ အညိုးမထားလို့။

ခနက ဝဏ္ဏလက်ကို တင်းတင်းဆုပ်ကာ . . .

"မင်း မသေပါဘူး၊ အားလုံး မင်းစိတ်တိုင်းကျ ငါ စီစဉ်ပေးမလို့ပါ။ မင်း ငါ့ကို အဲဒီအခွင့်အရေးတောင် မပေးဘူး၊ ငါ့ရည်ရွယ်ချက် မအောင်မြင်တော့ဘူး။ မင်း သိရဲ့လား"

ခန စကားတွေက သုခနှင့် ဝေးဝေးသွားသလို ထင်မိပါသည်။

ခနရယ် . . .

ရှင့် စေတနာတွေကို သုခ နားလည်ပြီးသားပါ။

ဝဏ္ဏလည်း နားလည်မှာပါ။

ဒါပေမယ့် ပြီးဆုံးခဲ့တဲ့ ဇာတ်လမ်းတစ်ခုကို ကံတရားက ပြန်စခွင့် မပြုခဲ့ဘူး။



www.burmeseclassic.com

www.burmeseclassic.com



ဝတ္ထုက တစ်ဖက်သတ် ကန့်လန့်ကာ ဆွဲချဖောက်သိမ်းပစ်ခဲ့တာပါ။

သုခကို ရက်စက်ခဲ့တာပါ။

ဒါတွေ ဘယ်သောအခါမှ ပြန်မတွေးချင်တော့ပေ။

♦ ♦ ♦



နေတိုးညိုက သက်ပြင်းရှည်တစ်ချက်ရှိုက်ကာ ခရီးဆောင်သေတ္တာကို ဆွဲယူသည်။

အားလုံး ပြီးဆုံးခဲ့ပြီ။

ဝတ္ထုလည်း မရှိတော့ပါ။

သုခဘဝလေးလည်း ဒုက္ခထဲက လွတ်မြောက်ခဲ့ပြီ။

သူစောင့်ရှောက်ပေးခဲ့ပေးပြီ။

အခုအချိန်မှာ သူ ရှိနေစရာ မလိုတော့ပါ။

သူနှင့် သုခက ဘာမှမဆိုင်။



www.burmeseclassic.com

www.burmeseclassic.com



တစ်မိုးအောက်မှာ အတူရှိနေကြပေမယ့် သူခက သူ့ကို မျက်နှာချင်းဆိုင်ရမှာ ဝန်လေးသလို ရှောင်နေခဲ့သည်။

သူခလည်း မျက်နှာပူ အားနာ အနေခက်မှာ သူသိပါသည်။ နားလည်ပေးနိုင်သည်။

သည်တော့ သူ ထွက်သွားတာ အကောင်းဆုံးပါ။ နံရံကပ်ဗီရိုကို ဆွဲဖွင့်ကာ ချိတ်မှာ ချိတ်ထားသော အကျီတွေကို ဖြုတ်ယူသည်။

တကယ်တမ်း ခွဲခွာရတော့မယ်ဆိုမှ နှလုံးသားက စပ်ဖျဉ်းဖျဉ်း နာလာသည်။

သူခ၏ အိပ်ရာလေးစီ လှမ်းကြည့်မိ၏။

အတူတူနေခဲ့သော သံယောဇဉ်က သူ့ကို ရစ်ပတ်ဖွဲ့နှောင်ထားသည်။

မခွဲရက် မခွာရက်နိုင်။

သူ့အံကြိတ်ပြီး စိတ်တင်းထားခဲ့၏။





သူ ထွက်သွားမှ ဖြစ်မည်။ ဝဏ္ဏကိုယ်စား သူခဏ စောင့်ရှောက်ပေးခဲ့တာပါ။ အခွင့်ရေးယူလိုစိတ် တစ်စက်မှ မရှိ။

ကိုယ့်ကို သွားခွင့်ပြုပါ သူခရယ် . . .

ဝဏ္ဏကို ခါးခါးသီးသီး မုန်းသလို ကိုယ့်ကို မမုန်းရင် ကိုယ်ကျေနပ်ပါပြီ။

သူက သူ့ အသုံးအဆောင်ပစ္စည်းတွေကို ခရီးဆောင်အိတ်ထဲ ထည့်သည်။

သူခဘဝလေး ပျော်ရွှင်ပါစေဟု သူ ဆုတောင်းပေးမိ၏။

"ဟင်"

သူခက အခန်းထဲဝင်လာပြီး အံ့အားသင့်စွာနှင့် ခြေစုံရပ်ကာ မျက်လုံးကလေး ပြူးကြည့်သည်။

"ဒါ . . . ဘယ်သွားမလို့လဲဟင်"



www.burmeseclassic.com

www.burmeseclassic.com



"ပြန်မယ် . . . ပြန်မလို့"

"ဘယ်ကို ပြန်မှာလဲ၊ သုခ လိုက်မှာပေါ့၊ သုခကို မတိုင်ပင်ဘူး သုခအဝတ်တွေပါ ထည့်လေ"

"မဟုတ်ဘူး"

ခနု လက်ကာပြမိသည်။

"သုခ နေခဲ့ပါ"

"ဘာ"

"ကိုယ်ထွက်သွားပေးမယ်"

"ထွက်သွားပေးမယ် ဘာလို့လဲ၊ ဘယ်သူက ထွက်သွားနိုင်းလို့လဲဟင်"

"မသင့်တော်ဘူးလေ"

"ဟွန့် . . . ရှင်နဲ့ ကျွန်မ လက်ထပ်ထားတာပဲ"

"ဝဋ္ဋမှတ်ပြီး လက်ထပ်ခဲ့တာ မဟုတ်လား"

"ဟုတ်တယ်လေ"





"ဝဋ္ဋမှ မဟုတ်ဘဲ"

"အဲဒါ သိသားပဲ"

"သိရင် ကျွန်တော် သွားရမှာပေါ့"

"ခက်တာပဲ ရှင်က ကြော့ဆီ သွားမလို့လား"

သုခက စူးကနဲ ကြည့်ကာ ရန်စလာ၏။

"ဒီမှာ မနေချင်ရအောင် ဘယ်သူက နှင်ချနေလို့လဲ၊ ရှင်က ဘာလို့ ဖွတ်သွားချင်ရတာလဲ၊ ရှင် ဝဋ္ဋမဟုတ်မှန်း သုခ သိတာ ကြာလှပြီ၊ ရှင့်စာအုပ်ကြားထဲက ပွင့်ဖတ်ကဗျာလည်း ဖတ်ပြီးပြီ"

ခနုက သုခ စကားကြောင့် လှုပ်လှုပ်ရှားရှား ဖြစ်သွား၏ သုခ ဘယ်လို သိသွားပါလိမ့်။

"ရှင်က တော်တော် ဟန်ဆောင်ကောင်းတဲ့သူပဲ"

သုခက သူ့ကို အပြစ်တင်စွာ ဆိုလာ၏။

"သုခကို ဂရုမစိုက်သလိုလို ဘာလိုလိုနဲ့ ရှင်မသိဘဲ

www.burmeseclassic.com



ဒီအိမ်မှာ ကျွန်မက ဘာလုပ်နေရမှာလဲ၊ မနေပါဘူး၊ ကျွန်မလည်းသွားမယ်၊ အတူတူ သွားကြမယ်''

လမ်းခွဲဖို့စကား . . . သပ်သပ်စီသွားကြဖို့စကားကို သုခ လုံးဝ မဆို။ ဓနု ကျေနပ်စွာ ပြုံးမိသည်။

''မုန့်ဖို့ ကောင်းလာပြီ''

သူ့ကို မပွင့်တပွင့် ပြောကာ အခန်းထဲက ထွက်သွား၏။ ဓနုတိုးညီ ဘာဆက်လုပ်ရမှန်း မသိဘဲ သုခနောက်မှ လိုက်လာခဲ့သည်။

''သုခ ကျွန်တော် . . . ကိုယ်သွားရမှာလား''

''သွားချင်သွားပေါ့''

လှည့်ပင်မကြည့်ဘဲ သူ့ကို အပြတ်ပြော၏။

''ရှင်သွားရင် သုခလိုက်မယ်၊ ပြောပြီးသားပဲ''

ဓနုက သက်ပြင်းရှိုက်သည်။

သုခမျက်နှာက ခပ်တင်းတင်း။ သုခ မျက်လုံးတွေ





က အေးစက်စက်။ သူ့ကို အလေးအနက် မထားသလို ခံစားရ၏။

''ဒီမှာ''

သုခက ဖျတ်ကနဲ လှည့်ကြည့်ပြီး . . .

''ရှင့်ကို မခွဲနိုင်ဘူး၊ ဟင့်အင်း . . ထားမသွားပါနဲ့ မောင်ရယ်လို့ အောက်ကျနောက်ကျ ဒူးထောက်တောင်းပန်ရမှာလား၊ ပြော၊ လုံးဝ အဲဒီလို မလုပ်နိုင်ဘူး၊ ကျွန်မက ရှင့် မိန်းမ၊ ရှင့်နောက်ကို ဖဝါးထပ်ပြီး လိုက်ခွင့်ရှိတယ်၊ ရှင် ထားခဲ့လို့ မရဘူး သိရဲ့လား''

ဓနု နှုတ်ခမ်းတွေ ပြုံးကျသွားရသည်။

''မာနကြီးတခွဲသားနဲ့ ချစ်ရင် ချစ်တယ်ပေါ့၊ ခွဲနိုင်သလိုလို၊ ဘာလိုလိုနဲ့ လုပ်မနေနဲ့''

ဓနုတိုးညီက တံခါးဘောင်ကို မှီပြီး သုခကို ကြည့်ကာနေမိ၏။ သုခက ပုခက်ကလေးကို လွှဲပြီး မျက်လွှာချကာ နေ၏။



www.burmeseclassic.com

သူချက်ချင်းပဲ အခန်းထဲ ဝင်လာကာ အင်္ကျီတွေ ပြန်ချိတ်သည်။ သူ ထွက်သွားစရာမလို။

သည်နေရာက အစကတည်းက သူ့နေရာပါ။

သူခက သူ့ကို မခွဲနိုင်တာလည်း သူသိပြီ။

ခနု အတွက် သူခ မရှိလို့မဖြစ်။

သူခအတွက် ခနု မရှိလို့မဖြစ်။

တစ်ယောက်ကိုတစ်ယောက် တစ်ဘဝစာ လိုအပ်ပါသည်။ သူခက အခန်းတံခါး အသာဟကာ ခနုကို ချောင်းကြည့်ပြီး လှပ နူးညံ့စွာ ပြုံးလိုက်၏။

ပန်းသီနိုင်